# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော်
# (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## မှတ်တမ်း

၁၃၈၀ ခုနှစ်၊ တော်သလင်းလဆုတ် (၁၀)ရက်နေ့မှ

၁၃၈၀ ခုနှစ်၊ တော်သလင်းလဆုတ် (၁၁)ရက်နေ့အထိ

{ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၄) ရက်နေ့မှ

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ(၅) ရက်နေ့အထိ }

## ဒုတိယအကြိမ်
## ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပထမနေ့အစည်းအဝေးမှတ်တမ်း (၄-၁၀-၂၀၁၈) | |
| (က) | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| (ခ) | အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| (ဂ) | အစည်းအဝေး မတက်ရောက်နိုင်သော ကိုယ်စားလှယ်များ ရှိပါက ခွင့်ပန်ကြားခြင်းနှင့် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| (ဃ) | ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| (င) | ကြယ်ပွင့်ပြမေးခွန်းများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဖြေကြားခြင်း | ၄ |
| (စ) | ဦးခင်မောင်ထွန်း(ခ)နော်အီး၊ ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)၏ "နှစ်စဉ် ကယားပြည်နယ်နေ့ ကျင်းပသည့်မြေနေရာအား ကယားပြည်နယ်နေ့ကျင်းပရေးအတွက် အများပြည်သူပိုင်မြေအဖြစ်ထားရှိရေး တိုက်တွန်းကြောင်း"အဆိုအား လွှတ်တော်သို့ တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၂၅ |
| (ဆ) | ဦးခင်မောင်ထွန်း(ခ)နော်အီး၊ ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)၏ အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း | ၂၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဇ) | ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)အား ပြည်နယ်လွှတ်တော်တွင် အတည်ပြု ချက်ရယူနိုင်ရေး ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း | ၂၉ |
| (ဈ) | ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ ၏ စိစစ်ချက်အစီရင်ခံစာအား ဖတ်ကြားတင်ပြခြင်း | ၃၄ |
| (ည) | ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကိုယ်စား လှယ်များမှ အကြံပြုဆွေးနွေးရန် အမည်စာရင်းတင်သွင်းခြင်း | ၃၆ |
| (ဋ) | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းအား ပြည်နယ် လွှတ်တော်တွင် အတည်ပြုချက်ရယူနိုင်ရေး ပြည်နယ် လွှတ်တော်သို့ တင်သွင်းခြင်း | ၃၆ |
| (ဌ) | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ စိစစ်ချက်အစီရင်ခံစာအား ဖတ်ကြား တင်ပြခြင်း | ၃၈ |
| (ဍ) | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ အကြံပြုဆွေးနွေး ရန် အမည်စာရင်းတင်သွင်းခြင်း | ၃၄ |
| (ဎ) | ဥပဒေပြုရေးဆိုင်ရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ သက်တမ်း တိုးခြင်းနှင့် ပတ်သက်၍ ပြည်နယ်လွှတ်တော်၏ အတည်ပြု ချက်ရယူခြင်း | ၄၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဏ) | ဥပဒေလေ့လာစိစစ်အကြံပြုရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ သက်တမ်းတိုးခြင်းနှင့် ပတ်သက်၍ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း | ၄၁ |
| (တ) | တိုင်စာပစ်စာလေ့လာဆန်းစစ်ရေးအဖွဲ့၏ အဖွဲ့ဝင်ဦးရေအား ပြည်နယ်လွှတ်တော်သို့တင်ပြခြင်း | ၄၂ |
| (ထ) | ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ပထမနေ့)ရပ်နားခြင်းနှင့် (ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်ကြေညာခြင်း | ၄၂ |
| (ဒ) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာခြင်း | ၄၂ |

# ဒုတိယအကြိမ်
# ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဒုတိယနေ့အစည်းအဝေးမှတ်တမ်း (၅-၁၀-၂၀၁၈) | |
| (က) | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း | ၄၃ |
| (ခ) | အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၄၄ |
| (ဂ) | အစည်းအဝေးမတက်ရောက်နိုင်သော ကိုယ်စားလှယ်များ ရှိပါက ခွင့်ပန်ကြားခြင်းနှင့် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း | ၄၄ |
| (ဃ) | ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄၄ |
| (င) | ကြယ်ပွင့်ပြမေးခွန်းများကို ပြည်နယ်လွှတ်တော် ကိုယ်စား လှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဖြေကြားခြင်း | ၄၅ |
| (စ) | ဦးခင်မောင်ထွန်း(ခ)နော်အီး၊ ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)၏ "နှစ်စဉ်ကယားပြည်နယ်နေ့ ကျင်းပသည့်မြေနေရာအား ကယားပြည်နယ်နေ့ကျင်းပရေးအတွက် အများပြည်သူပိုင်မြေ အဖြစ် ထားရှိရေးတိုက်တွန်းကြောင်း" အဆိုနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ အကြံပြုဆွေးနွေး ခြင်း | ၇၂ |
| (ဆ) | ဦးခင်မောင်ထွန်း(ခ)နော်အီး၊ ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)၏ "နှစ်စဉ်ကယားပြည်နယ်နေ့ ကျင်းပသည့်မြေနေရာအား ကယားပြည်နယ်နေ့ကျင်းပရေးအတွက် အများပြည်သူပိုင် မြေအဖြစ်ထားရှိရေးတိုက်တွန်းကြောင်း" အဆိုနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၇၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဇ) | ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်း | ၈၀ |
| (ဈ) | ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၈၀ |
| (ည) | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်း | ၈၁ |
| (ဋ) | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၈၁ |
| (ဌ) | တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ သက်တမ်းတိုးခြင်းနှင့် ပတ်သက်၍ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း | ၈၂ |
| (ဍ) | အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ သက်တမ်းတိုးခြင်းနှင့် ပတ်သက်၍ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း | ၈၃ |
| (ဎ) | ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်း အဝေးပြီးမြောက်ကြောင်း ကြေညာခြင်း | ၈၄ |
| (ဏ) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာခြင်း | ၈၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၃။ | ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေးဆုံးဖြတ်ချက်များ | |
| (က) | မှတ်တမ်းတင်ခြင်းအမှတ်၊ ၁ / ၂ - ၁၁ / ၂၀၁၈၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၈၅ |
| (ခ) | မှတ်တမ်းတင်ခြင်းအမှတ်၊ ၂ / ၂ - ၁၁ / ၂၀၁၈၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၈၅ |
| (ဂ) | အတည်ပြုခြင်းအမှတ်၊ ၁ / ၂ - ၁၀ / ၂၀၁၈၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ သက်တမ်းတိုးခြင်းတို့ကို အတည်ပြုခြင်း | ၈၆ |
| (ဃ) | အတည်ပြုခြင်းအမှတ်၊ ၂ / ၂ - ၁၀ / ၂၀၁၈၊ ဥပဒေလေ့လာစိစစ်အကြံပြုရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ သက်တမ်းတိုးခြင်းတို့ကို အတည်ပြုခြင်း | ၈၆ |
| (င) | အတည်ပြုခြင်းအမှတ်၊ ၃/ ၂ - ၁၀ / ၂၀၁၈၊ ဦးခင်မောင်ထွန်း (ခ)နော်အီး၊ ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ "နှစ်စဉ်ကယားပြည်နယ်နေ့ ကျင်းပသည့်မြေနေရာအား ကယားပြည်နယ်နေ့ကျင်းပရေးအတွက် အများပြည်သူပိုင်မြေအဖြစ်ထားရှိရေး တိုက်တွန်းကြောင်း" အဆိုကို အတည်ပြုခြင်း | ၈၆ |
| (စ) | အတည်ပြုခြင်းအမှတ်၊ ၄/ ၂ - ၁၀ / ၂၀၁၈၊ ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)ကို အတည်ပြုခြင်း | ၈၇ |
| (ဆ) | အတည်ပြုခြင်းအမှတ်၊ ၅/ ၂ - ၁၀ / ၂၀၁၈၊ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို အတည်ပြုခြင်း | ၈၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| (ဇ) | အတည်ပြုခြင်းအမှတ်၊ ၆ / ၂ - ၁၀ / ၂၀၁၈၊ တိုင်းရင်းသား လူမျိုးများအရေးဆိုင်ရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ သက်တမ်းတိုးခြင်းတို့ကို အတည်ပြုခြင်း | ၈၇ |
| (ဈ) | အတည်ပြုခြင်းအမှတ်၊ ၇ / ၂ - ၁၀ / ၂၀၁၈၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ သက်တမ်းတိုးခြင်းတို့ကို အတည်ပြုခြင်း | ၈၇ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ်

# ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌအမည်စာရင်း

| စဉ် | အမည် | | တာဝန် |
|---|---|---|---|
| (၁) | ဦးလှထွေး | - | ဥက္ကဋ္ဌ |
| (၂) | ဦးတင်မြင့် | - | ဒုတိယဥက္ကဋ္ဌ |

ဈ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ်

## ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့

## တက်ရောက်သည့်

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစာရင်း

| စဉ် | အမည် | | မဲဆန္ဒနယ် |
|---|---|---|---|
| (၁) | ဦးအယ်လ်ဖောင်းရှို | - | မယ်စဲ့မြို့နယ်၊<br>မဲဆန္ဒနယ်အမှတ် (၂)<br>ဝန်ကြီးချုပ်၊<br>ကယားပြည်နယ်အစိုးရအဖွဲ့ |
| (၂) | ဦးလှထွေး | - | ရှားတောမြို့နယ်၊<br>မဲဆန္ဒနယ်အမှတ် (၂)<br>ဥက္ကဋ္ဌ၊<br>ကယားပြည်နယ်လွှတ်တော် |
| (၃) | ဦးတင်မြင့် | - | လွိုင်ကော်မြို့နယ်၊<br>မဲဆန္ဒနယ်အမှတ် (၂)<br>ဒုတိယဥက္ကဋ္ဌ၊<br>ကယားပြည်နယ်လွှတ်တော် |
| (၄) | ဗိုလ်မှူးကြီးမြင့်ဝေ | - | တပ်မတော်သားကိုယ်စားလှယ်<br>ဝန်ကြီး၊<br>ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာ<br>ဝန်ကြီးဌာန |

(၅) ဦးဘော့စ်ကို - ဒီမောဆိုမြို့နယ်၊
မဲဆန္ဒနယ်အမှတ် (၂)
ဝန်ကြီး၊
ပြည်နယ်စိုက်ပျိုးရေးမွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန

(၆) ဒေါက်တာအောင်ကျော်ဌေး - လွိုင်ကော်မြို့နယ်၊
မဲဆန္ဒနယ်အမှတ် (၁)
ဝန်ကြီး၊
ပြည်နယ်စည်ပင်သာယာရေးနှင့်
လူမှုရေးဝန်ကြီးဌာန

(၇) ဦးတီရယ် - ရှားတောမြို့နယ်၊
မဲဆန္ဒနယ်အမှတ် (၁)
ဝန်ကြီး၊
ပြည်နယ်သယံဇာတနှင့် သဘာဝ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၈) ဦးလှမျိုးဆွေ - ဗမာတိုင်းရင်းသားကိုယ်စားလှယ်
ပြည်နယ်ဗမာတိုင်းရင်းသားရေးရာဝန်ကြီး

(၉) ဦးသိန်းအောင် - ဒီမောဆိုမြို့နယ်၊
မဲဆန္ဒနယ်အမှတ် (၁)
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

(၁၀) ဦးသဲရယ် - ဖရူဆိုမြို့နယ်၊
မဲဆန္ဒနယ်အမှတ် (၁)
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

(၁၁) ဦးခင်မောင်ထွန်း - ဖရူဆိုမြို့နယ်၊
မဲဆန္ဒနယ်အမှတ် (၂)
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

(၁၂) ဦးအေးရွှေ - ဘောလခဲမြို့နယ်၊
မဲဆန္ဒနယ်အမှတ် (၁)
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

(၁၃) ဦးစိုးရယ် - ဘောလခဲမြို့နယ်၊
မဲဆန္ဒနယ်အမှတ် (၂)
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

(၁၄) ဦးဝင်းမြင့် - ဖားဆောင်းမြို့နယ်၊
မဲဆန္ဒနယ်အမှတ် (၁)
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

(၁၅) ဦးရန်နိုင်ဆွေ - ဖားဆောင်းမြို့နယ်၊
မဲဆန္ဒနယ်အမှတ် (၂)
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

(၁၆) ဦးအောင်နိုင်ဦး - မယ်စဲ့မြို့နယ်၊
မဲဆန္ဒနယ်အမှတ် (၁)
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ်

# ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့

# တက်ရောက်သည့်

# တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစာရင်း

| စဉ် | | အမည် |
|---|---|---|
| (၁) ကြည်း ၃၅၈၁၂ | - | ဗိုလ်မှူးအောင်ခိုင်စိုး |
| (၂) ကြည်း ၃၉၅၆၅ | - | ဗိုလ်မှူးမျိုးမင်းထက် |
| (၃) ကြည်း ၃၆၅၈၀ | - | ဗိုလ်ကြီးဇော်မင်းထွန်း |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ်

## ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## ခွင့်ပန်ကြားသူနှင့် ခွင့်မဲ့ပျက်ကွက်သူ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်စာရင်း

| စဉ် | အမည် | | မဲဆန္ဒနယ် | မှတ်ချက် |
|---|---|---|---|---|
| (၁) | ဦးအယ်လ်ဖောင်းရှို | | မယ်စဲ့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဝန်ကြီးချုပ်၊ ကယားပြည်နယ်အစိုးရအဖွဲ့ | ၄-၁၀-၂၀၁၈ (ခွင့်မဲ့) |
| (၂) | ဒေါက်တာ အောင်ကျော်ဌေး | - | လွိုင်ကော်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁) | ၄-၁၀-၂၀၁၈ |
| (၃) | ဦးဘော့စ်ကို | - | ဒီမော့ဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) | ၄-၁၀-၂၀၁၈ (ခွင့်မဲ့) |
| (၄) | မိုလ်မှူးမျိုးမြင့် | - | တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် | ၄-၁၀-၂၀၁၈ ၅-၁၀-၂၀၁၈ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ်
## ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့
## တက်ရောက်သည့်
## အခြားဖိတ်ကြားထားသောပုဂ္ဂိုလ်များ

| စဉ် | အမည် | | တာဝန် |
|---|---|---|---|
| (၁) | ဦးကျော်လင်းမောင် | - | တရားသူကြီးချုပ်<br>ပြည်နယ်တရားလွှတ်တော် |
| (၂) | ဦးစိုင်းကျော်ဖံ | - | ဥပဒေချုပ်<br>ပြည်နယ်ဥပဒေချုပ်ရုံး |
| (၃) | ဦးအောင်မောင်း | - | စာရင်းစစ်ချုပ်<br>ပြည်နယ်စာရင်းစစ်ချုပ်ရုံး |
| (၄) | ဦးမော်မော် | - | ဝန်ကြီး၊<br>ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေး<br>ဝန်ကြီးဌာန |
| (၅) | ဦးခင်မောင်ဖြူ | - | ဝန်ကြီး<br>ပြည်နယ်လမ်းပန်းဆက်သွယ်ရေး<br>နှင့် လျှပ်စစ်ဝန်ကြီးဌာန |
| (၆) | ဦးရဲနိုင်အောင် | - | ညွှန်ကြားရေးမှူး<br>ပြည်နယ်ရသုံးမှန်းခြေငွေစာရင်း<br>ဦးစီးဌာန |
| (၇) | ဦးမောင်မောင်လွင် | - | ညွှန်ကြားရေးမှူး<br>ပြည်နယ်စီမံကိန်းရေးဆွဲရေး<br>ဦးစီးဌာန |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ်

## ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## မှတ်တမ်း

**၁၃၈၀ ခုနှစ်၊ တော်သလင်းလဆုတ် (၁၀)ရက်နေ့**

**၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၄) ရက်နေ့**

**( ကြာသပတေးနေ့)**

ကယားပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ပထမနေ့)ကို နံနက်(၁၀:၀၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

{ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးလှုထွေးက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်အေးမူနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ညွှန်ကြားရေးမှူး ဒေါ်စုလှိုင်မိုး တို့က ဆောင်ရွက်ပါသည်။}

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက် လာပါပြီရှင်. . . ။

{ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသည့် စင်မြင့်ပေါ်တွင် ကြွရောက် နေရာယူပါသည်။ }

အားလုံးထိုင်နိုင်ပါပြီရှင်. . ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များရှင်...။ ဒီနေ့အစည်းအဝေးမှာ အခမ်းအနားမှူးအဖြစ် ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ကျွန်မ ဒေါ်ခင်အေးမူနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ညွှန်ကြားရေးမှူး ဒေါ်စုလှိုင်မိုး တို့က ဆောင်ရွက်ကြမှာဖြစ်ပါတယ်။ အစည်းအဝေး အခမ်းအနားအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အစီအစဉ်အတိုင်း

ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရှင် . . . ။ ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)ကို ဦးစီးကျင်းပပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ရှင် . . .။

## အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်(၂၀)ဦးရှိတဲ့အနက် (၁၆)ဦးတက်ရောက်ကြပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ (၈၀)ရာခိုင်နှုန်း ရှိတဲ့အတွက် ၂၀၁၄ ခုနှစ်၊ ကယားပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄ (ခ)အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ စတင်ကျင်းပကြောင်း ကြေညာပါတယ် . . . ။

## အစည်းအဝေးမတက်ရောက်နိုင်သော ကိုယ်စားလှယ်များရှိပါက ခွင့်ပန်ကြားခြင်းနှင့် ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ အရ အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးစိုးရယ်၊ အဖွဲ့ဝင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ** ။ ။ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ကျော်ဌေးသည် (၃-၁၀-၂၀၁၈)ရက်နေ့၌ ဒီမော့ဆိုမြို့နယ်၊ ဘုရားဖြူကျေးရွာတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်လျက်ရှိသော အိမ်ထောင်စုများထံသို့ ကွင်းဆင်းလုပ်ငန်းများဆောင်ရွက်ရမည်ဖြစ်သဖြင့် (၄-၁၀-၂၀၁၈) ရက်နေ့မှ (၅-၁၀-၂၀၁၈)ရက်နေ့အထိ ကျင်းပပြုလုပ်မည့် ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ပထမနေ့) တက်ရောက်ခြင်းမှ ကင်းလွှတ်ခွင့်ပြုနိုင်ပါရန် တင်ပြလာပါတယ်ခင်ဗျား.....။

ထပ်မံ၍ ကယားပြည်နယ်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမျိုးမြင့်သည် ပြည်ထဲရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန်အတွက် လိုအပ်သည့်ကျန်းမာရေးဆေးစစ်မှုများ ဆောင်ရွက်လျက်ရှိပါသဖြင့် (၄-၁၀-၂၀၁၈) ရက်နေ့မှ (၅-၁၀-၂၀၁၈)ရက်နေ့အထိ ကျင်းပပြုလုပ်မည့် ဒုတိယအကြိမ် ကယား ပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတက်ရောက်ခြင်းမှ ကင်းလွတ် ခွင့်ပြုနိုင်ပါရန် တင်ပြလာပါတယ်ခင်ဗျား.....။

သို့ဖြစ်ပါ၍ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ကျော်ဌေးအား (၄-၁၀-၂၀၁၈) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ် မြောက်ပုံမှန်အစည်းအဝေး(ပထမနေ့)ကို ခွင့်ကာလအဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် နှင့် တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမျိုးမြင့် အား ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ခွင့်ကာလအဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ၎င်းတို့၏ကိုယ်စား လေးစားစွာ တင်ပြ အပ်ပါတယ်ခင်ဗျား.....။

**ဥက္ကဋ္ဌ ။** ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော လွိုင်ကော် မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ၊ ဒေါက်တာအောင်ကျော်ဌေးနှင့် တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမျိုးမြင့်တို့၏ ခွင့်ပန်ကြားချက်ကို လွှတ်တော် က သဘောတူပါသလားခင်ဗျား။

**{ သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်က သဘောတူပါသည်။ }**

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စားလှယ်များ ခွင့်ပန်ကြားချက်နှင့် ပတ်သက်ပြီး ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် (၂၀)ဦးအနက် ယနေ့ ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၂)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ(၂)ဦးဖြစ်ပါတယ်။ အစည်းအဝေးကို အစီအစဉ်အတိုင်းဆက်လက်ကျင်းပသွားမှာ ဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ ။** ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၂၀)ဦးရှိပြီး (၁၆)ဦး တက်ရောက်ကြပါတယ်။ ကယားပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ) (၂) အရ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား ။

**{ သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်က အတည်ပြုပါသည်။ }**

လွှတ်တော်ကအတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြမေးခွန်းများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မေးခွန်းများမေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ ဦးတင်မြင့်၊ လွိုင်ကော်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ မေးခွန်း (၂)ခု မေးမြန်းရန် ဖြစ်ပါတယ်။

**ဦးတင်မြင့်၊ လွိုင်ကော်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော် ကတော့ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့် ဖြစ်ပါတယ်။

**မေးမြန်းချက်အမှတ်(၁)**

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ရှမ်းပိုင်းရပ်ကွက်ရှိ ဘီလူးချောင်းတံတား (ရှမ်းပိုင်း)နှင့် ဒေါနိုးကူးရပ်ကွက်ရှိ ဒေါနိုးကူးတံတားတို့သည် ဖွင့်လှစ်ပြီးစီးခဲ့သည်မှာ လပိုင်းမျှသာရှိပါသေးတယ်။ သို့သော်အဆိုပါတံတားများအား အချို့သောမူးယစ်ရမ်းကား လူငယ်များမှ တံတားလက်ရန်းများ ဖျက်စီးခြင်း၊ မီးသီးများရိုက်ခွဲခြင်းများ မကြာခဏ ပြုလုပ်လျက်ရှိသည်ကို သိရှိရပါတယ်။ ပြည်သူ့ဘဏ္ဍာငွေများနှင့် တည်ဆောက်ထားသော တံတားများဖြစ်၍ ပြည်နယ်၏ဘဏ္ဍာငွေများသာမက တိုင်းပြည်၏ဘဏ္ဍာငွေများပါ လေလွင့်မဆုံးရှုံးစေရေးအတွက် တံတားများရေရှည်တည်တံ့ ခိုင်မြဲရေး၊ လုံခြုံရေးကို မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်းနှင့် စီစဉ်ဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း ပထမမေးခွန်းကို မေးမြန်းအပ်ပါတယ်။

**မေးမြန်းချက်အမှတ်(၂)**

ဒုတိယမေးခွန်းအနေနဲ့ ကယားပြည်နယ် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဖြန့်ဖြူးထားသော ဓာတ်အားလိုင်းများ၊ ရုံဖန်ရုံခါ ဓာတ်အားလိုင်းများ တိုးချဲ့ပြင်ဆင်ခြင်း၊ လမ်းမီးတိုင်များ လဲလှယ်ခြင်း၊ မီးကြိုးများတပ်ဆင်သွယ်တန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပါက ယာယီဓါတ်အား ဖြတ်တောက်ထားခြင်းမျိုးရှိသည်ဟု သိရှိရပါသည်။ ယာယီလျှပ်စစ်ဓါတ်အား ဖြတ်တောက်ထားသည့် ဓါတ်အားလိုင်းများကို အများပြည်သူ များအနေဖြင့်လည်း မိမိတို့မည်သည့် ဓါတ်အားလိုင်းမှ သုံးစွဲသည်ကို ပိုမိုရှင်းလင်းစွာ သိရှိနိုင်ရန် တည်နေရာများကို DATA မြေပုံညွှန်းနှင့် တိကျခိုင်လုံစွာ ဖော်ပြအသိပေး ရန်နှင့် တရားမဝင်သုံးစွဲမှုများသိရှိပါက မည်ကဲ့သို့ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း စီစဉ်ထားရှိမှု ရှိ/ မရှိ သိရှိလိုပါကြောင်း ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မေးခွန်း(၁)ကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်အမှတ်(၁)**

**ဗိုလ်မှူးကြီးမြင့်ဝေ၊ ဝန်ကြီး၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ ပြည်နယ်အစိုးရအဖွဲ့ဝင်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ

ကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမြင့်ဝေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ လွိုင်ကော်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးတင်မြင့်၏ "ကယားပြည်နယ်၊ လွိုင်ကော်မြို့ အတွင်းရှိ ဘီလူးချောင်းတံတား (ရှမ်းပိုင်း)နှင့် ဒေါနိုးကူးတံတားတို့ကို လုံခြုံရေး ဆောင်ရွက်ထားရှိရန်အစီအစဉ် ရှိ/ မရှိ သိရှိလိုကြောင်း" မေးခွန်းနှင့် စပ်လျဉ်းပြီးတော့ ဖြေကြားသွားမှာပဲ ဖြစ်ပါတယ်။ ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်း ဘီးချောင်းအားဖြတ်၍ ဘီလူးချောင်းတံတား(ရှမ်းပိုင်း)၊ ဒေါနိုးကူးတံတား၊ ဥတ္တရာရုံ တံတား၊ ကန္တရဝတီတံတား၊ ကျောက်ပြားတံတားတို့တည်ရှိပြီး အဆိုပါ တံတား(၅)စင်း ကို ရဲတပ်ဖွဲ့ဝင်အင်အား လိုအပ်ချက်အရ ပုံသေလုံခြုံရေးတာဝန်ချထားနိုင်ခြင်း မရှိသော် လည်း ကျောက်ပြားတံတား၊ ဥတ္တရာရုံတံတားနှင့် ကန္တရဝတီတံတားတို့တွင် လွိုင်ကော် မြို့မရဲစခန်းမှ ရဲတပ်ကြပ်ကြီး ဦးစီးသော တပ်ဖွဲ့ဝင်(၄)ဦးတို့ဖြင့် ညစဉ် (၁၉:၀၀)အချိန်မှ (၂၃:၀၀)အချိန်ထိ ရပ်ကင်းတာဝန်ချထား ဆောင်ရွက်လျက်ရှိပြီး ဘီလူးချောင်းတံတား (ရှမ်းပိုင်း)နှင့် ဒေါနိုးကူးတံတားတို့၏လုံခြုံရေးအား ညဦးပိုင်း ယာဉ်တင်လှည့်ကင်း အဖွဲ့အရာရှိဦးစီးသော (၁+၆)ဦးပါ အဖွဲ့(၂)ဖွဲ့ဖြင့် လည်းကောင်း၊ ညဉ့်နက်ပိုင်း (၂၃:၀၀) အချိန်မှ (၀၄:၀၀)ချိန်ထိ နယ်ထိန်းအရာရှိ ဦးစီး(၁+၆)ဦးဖြင့်လည်းကောင်း၊ လှည့်ကင်း အဖွဲ့များဖြင့် လုံခြုံရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် (၄-၉-၂၀၁၈) ရက်နေ့တွင် ကျင်းပပြုလုပ်သော လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး အစည်းအဝေး တွင် ယခုကိစ္စကို ထည့်သွင်းဆွေးနွေးခဲ့ကြပြီး တံတားများ ရေရှည်တည်တံ့ခိုင်မာရေးနှင့် နှောင့်ယှက်ဖျက်ဆီးမှုများမှ ကာကွယ်ရန်အတွက် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ရပ်မိရပ်ဖများ ပါဝင်သောအဖွဲ့ဖြင့် ထိန်းသိမ်းဆောင်ရွက် သွားမည်ဖြစ်ပြီး လွိုင်ကော်မြို့ပေါ်အတွင်းရှိ လမ်းများ၊ တံတားများပေါ်တွင် ယာဉ်များ၊ လူများ ရပ်နားခြင်း၊ နေထိုင်၍ မူးယစ်သောက်စားခြင်းများ မပြုလုပ်စေရေး သတိပေး ဆိုင်းဘုတ်များကို တပ်ဆင်အသိပေး၍ လိုက်နာမှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက် အရေးယူဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။မေးခွန်း(၂)ကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဌာန၊ ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်အမှတ်(၂)**

**ဦးခင်မောင်ဖြူ၊ ဝန်ကြီး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာန။** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာန၊ ဝန်ကြီး ဦးခင်မောင်ဖြူ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား.....။ လွိုင်ကော်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်ရဲ့ မေးခွန်းဖြစ်တဲ့ “ကယားပြည်နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ ဓာတ်အားလိုင်းတည်နေရာများကို DATA မြေပုံညွှန်းအတိအကျ အသိပေးဖော်ပြပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း” ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့မှ ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ၁၁-ကေဗွီလိုင်းတစ်ခုလုံးပိတ်ပြီးတော့မှ ဆောင်ရွက်ရမည့်လုပ်ငန်းတွေကို ပြည်နယ်အစိုးရသို့ ဓာတ်အားပိတ်ခွင့်တောင်းခံခြင်း၊ ဆောင်ရွက်မည့်နေ့မတိုင်မီ အသံချဲ့စက်ဖြင့် လှည့်လည်ကြေညာခြင်းဖြင့် သတိပေးအကြောင်းကြားခြင်း ဆောင်ရွက်ပါကြောင်း၊ ရပ်ကွက်အတွင်းထရန်စဖော်မာ(၁)လုံးချင်း ပိတ်၍လုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်းများဖြစ်ပါကသက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးကို သတင်းပို့ဆောင် ရွက်လျက်ရှိပါတယ်။ အများပြည်သူအနေဖြင့် မိမိတို့အသုံးပြုနေတဲ့ ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းဖြန့်ဖြူးမှုအခြေအနေတွေကို ရှင်းလင်းစွာသိရှိနိုင်ရန် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများသို့ ဓာတ်အားဖြန့်ဖြူးမှုပြမြေပုံများ(၁၄-၉-၂၀၁၈)ရက်နေ့မှာ ဖြန့်ဝေပြီးတော့မှ ရှင်းပြထားပြီးဖြစ်ပါတယ်။ ဌာနပိုင်ကနေ ဖွင့်လှစ်ထားတဲ့ Social Network ဖြစ်သည့် Kayah Ese Facebook စာမျက်နှာမှာလည်း အချိန်နှင့်တပြေးညီ အသိပေးအကြောင်းကြားဆောင်ရွက်လျက်ရှိပါတယ်။ အလားတူပဲ တရားမဝင်ဓာတ်အားသုံးစွဲမှုများ သတင်းပေးတိုင်ကြားနိုင်ဖို့အတွက် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့လည်းကောင်း၊ သက်ဆိုင်ရာခရိုင်လျှပ်စစ် အင်ဂျင်နီယာရုံး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများနှင့် လျှပ်စစ်ဌာနရဲ့ Complain ဖုန်းနံပါတ် 083-2221053 ကို အသိပေးဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးသိန်းအောင်၊ ဒီမော့ဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ မေးခွန်း(၂)ခု မေးမြန်းရန် ဖြစ်ပါတယ်။

**ဦးသိန်းအောင်၊ ဒီမော့ဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဒီမော့ဆိုမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းအောင်(ခ)စဲရယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးရမယ့် မေးခွန်း(၂)ခု ရှိပါတယ်။

**မေးမြန်းချက်အမှတ်(၃)**

နံပါတ်(၁)မေးခွန်းအနေနဲ့ကတော့ ဒီမော့ဆိုမြို့နယ်၊ ထီးဖိုးကလိုးကျေးရွာအုပ်စု၊ ဒေါလောခူကျေးရွာသည် အိမ်ခြေ(၃၈)လုံး၊ လူဦးရေ(၁၆၁)ဦးခန့်ရှိပြီး သောက်သုံးရေ ရှားပါးမှုများနှင့် နှစ်စဉ်ကြုံတွေ့လျှက်ရှိပါတယ်။ သောက်သုံးရေလုံလောက်စွာရရှိမှသာ ကျေးရွာသူ/သားများ၏ ကျန်းမာရေးအတွက် အထောက်အကူ ဖြစ်နိုင်မည်ဖြစ်ပါတယ်။ နေ့စဉ်ကိုင်တွယ်အသုံးပြုနေရသော အရာဝတ္ထုများတွင် ရေသည်အလွန်အရေးကြီးပေသည်။ သန့်ရှင်းသောသောက်သုံးရေလုံလောက်စွာ အသုံးပြုနိုင်မှသာ နိစ္စဒူဝလုပ်ငန်းဆောင်တာများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့နိုင်မည် ဖြစ်ပါတယ်။ သို့ဖြစ်ပါသောကြောင့် ဒေါလောခူကျေးရွာ သောက်သုံးရေလုံလောက်စွာ ရရှိနိုင်စေရန် ဒေါလောခူကျေးရွာနှင့် ထီးသဲကလိုးကျေးရွာအနီးရှိ ရေကန်မှ ရေသွယ်ယူနိုင်ရေးအတွက် သက်ဆိုင်ရာပြည်နယ်အစိုးရမှ မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း ပြည်သူများရဲ့ကိုယ်စား မေးမြန်းအပ်ပါတယ်။

**မေးမြန်းချက်အမှတ်(၄)**

နံပါတ်(၂) မေးခွန်းအနေနဲ့ကတော့ ဒီမော့ဆိုမြို့နယ်၊ ငွေတောင်ရွာရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ငွေတောင်သည် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းကျောင်းအဆင့်မှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်။ လက်ရှိကျောင်း၏ ကျောင်းဆောင်အရေအတွက်နှင့် စာသင်ခန်းအရေအတွက်တို့မှာ လုံလောက်မှုမရှိကြောင်း သိရှိရပါတယ်။ လက်ရှိကျောင်းဆောင်၏ ဧရိယာအကျယ်အဝန်းမှာ (၄.၂၆)ဧကသာရှိပြီး

တစ်ထပ်စာသင်ဆောင်(၅)ဆောင် ဆောက်လုပ်ထားပြီး ဖြစ်ပါတယ်။ ကျောင်းသားဦးရေ စုစုပေါင်း(၆၆၀)ဦးရှိပြီး စာသင်ခန်းပေါင်း (၁၈)ခန်းသာရှိသည့်အတွက် စာသင်သားဦးရေနှင့် စာသင်ခန်းများလုံလောက်မှုမရှိကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ မိမိမဲနယ်မြေ ဒေသခံပြည်သူတို့၏ ရင်သွေးငယ်များ ပညာရေးအဆင့်အတန်း မြင့်မားလာစေရန်၊ အနာဂတ်ဘဝသာယာလှပနိုင်စေရန် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ငွေတောင်တွင် လိုအပ်လျက်ရှိသော RC နှစ်ထပ်လေးခန်းတွဲ စာသင်ဆောင် (၁)ဆောင် ချထားပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုကြောင်း ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မေးခွန်း(၁)ကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်အမှတ်(၃)**

**ဗိုလ်မှူးကြီးမြင့်ဝေ၊ ဝန်ကြီး၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီမော့ဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းအောင်ရဲ့ ဒီမော့ဆိုမြို့နယ်၊ ထီးပိုးကလိုးကျေးရွာအုပ်စု၊ ဒေါလောခူကျေးရွာ သောက်သုံးရေရရှိရေး ရေသွယ်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားပေးပါမယ်။ ဒီမော့ဆိုမြို့နယ်၊ ထီးပိုးကလိုးကျေးရွာအုပ်စု၊ ဒေါလောခူကျေးရွာသည် ကယားတိုင်းရင်းသားများနေထိုင်တဲ့ ကျေးရွာဖြစ်ပြီး အိမ်ခြေ(၃၈)လုံး၊ လူဦးရေ (၁၆၁)ဦးရှိပါတယ်။ ဒေါလောခူ ကျေးရွာ သောက်သုံးရေရရှိရေးအတွက်(၂၀၁၂-၂၀၁၃)ဘဏ္ဍာရေးနှစ်မှာ နိုင်ငံတကာအဖွဲ့အစည်း ရန်ပုံငွေနဲ့ ထီးသဲကလိုးကျေးရွာအနီးရှိ ရေကန်ကနေ အင်ဂျင်သုံး စက်ရေတင်စနစ်ဖြင့် ရေသွယ်ယူပြီး ကျေးရွာအတွင်း ရေဂါလံ(၃၀၀၀)ဆံ့ အုတ်ရေကန် (၁)လုံး တည်ဆောက်၍ ရေရရှိရေး ဆောင်ရွက်ပေးခဲ့ပြီးဖြစ်တဲ့အပြင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာလည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေနဲ့ ဒေါလောခူ ကျေးရွာနှင့် (၄)မိုင် (၅)ဖာလုံခန့်ကွာဝေးတဲ့ ဖဲလျား ရေထွက်ကနေတစ်ဆင့် ရေကို ကျေးရွာအတွင်း အသုံးပြုနိုင်ရန်အတွက် (၂၅)ကောင် အင်ဂျင်သုံး ရေတင်စနစ်ဖြင့် ဂါလံ(၅၀၀၀)ဆံ့ ရေကန်(၂)လုံး၊ ဂါလံ(၂၀၀၀)ဆံ့ ရေကန်(၁)လုံး တည်ဆောက်ပြီးတော့

ရေရရှိရေး ဆောင်ရွက်ပေးထားပြီးဖြစ်ပါတယ်။ ကျေးရွာအတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်သူလူထုအနေနဲ့ မိမိတို့ကျေးရွာအတွင်း၌ အစိုးရဌာနများရဲ့ စီမံကိန်းလုပ်ငန်းများအပေါ် ပြုပြင်ထိန်းသိမ်းအသုံးပြုပေးကြရမှာဖြစ်ပြီး ဒါမှသာ ရေရှည်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဒေါလောခူကျေးရွာနဲ့ အနီးဝန်းကျင်ရှိ ကျေးရွာသူ/ ရွာသား ရေရရှိရေးကဏ္ဍများမှာ အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ဖို့အတွက် (၂၀၁၂-၂၀၁၃) ဘဏ္ဍာရေးနှစ်၊ (၂၀၁၅-၂၀၁၆)ဘဏ္ဍာရေးနှစ်များမှာ လျာထားတွက်ချက်၍ ဘဏ္ဍာခွဲဝေရရှိမှုအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်နဲ့ စီမံဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ယခုအခါ ပျက်စီးမှုအခြေအနေကို လွှတ်တော်ကိုယ်စားလှယ်၊ နတလနှင့် ကျေးလက်ရေရရှိရေးဦးစီးဌာနတို့ ပူးပေါင်းပြီးတော့ အခြေအနေကြည့် ကွင်းဆင်းစိစစ်ဆောင်ရွက်ပြီးတော့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်....။

**ဥက္ကဋ္ဌ။** ။ မေးခွန်း(၂)ကို သက်ဆိုင်ရာ ဝန်ကြီးက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်အမှတ်(၄)**

**ဦးမော်မော်၊ ဝန်ကြီး၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် အစိုးရအဖွဲ့ဝင်၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီး ဦးမော်မော် ဖြစ်ပါတယ်။ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးက ခွင့်တိုင်ထားတဲ့အတွက်ကြောင့် သူ့ကိုယ်စား ဖတ်ကြားရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမော့ဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းအောင်ရဲ့ “ဒီမော့ဆိုမြို့နယ်၊ ငွေတောင်ရွာရှိ အထက်တန်းကျောင်း(ခွဲ)အား စာသင်ဆောင် (၁)ဆောင် ချထားပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း” မေးခွန်းနှင့် စပ်လျဉ်းပြီးတော့ ဖြေကြားသွားမှာဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ငွေတောင်ကျောင်းဟာ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း(၆၆၀)ဦးရှိပြီး ကျောင်းသားစာသင်ခန်းအချိုးအရ

စာသင်ခန်း(၁၇)ခန်း လိုအပ်မှာဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ (၁၀၀×၃၀)ပေ နှစ်ထပ်ဆောင် တင်ပြတောင်းခံရာတွင် မရရှိခဲ့ပါဘူး။ ဒါကြောင့် ယခုနှစ် ဩဂုတ်လမှာ နိပ္ပန်ဖောင်ဒေးရှင်း စေတနာအဖွဲ့မှ လှူဒါန်းသော (၁၂၀×၃၀)ပေ အုတ်ညှပ်(၁)ထပ်၊ (၅)ခန်းတွဲရေလောင်း အိမ်သာ(၁)လုံး၊ (၄×၄×၄)ပေပတ်လည် ရေကန်(၂)လုံးနှင့် ရေတံလျှောက် နှစ်ဘက်နဲ့ အလံတိုင်(၁)ခုတို့အား ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် စတင်ဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးအောင်နိုင်ဦး၊ မယ်စဲ့မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ မေးခွန်း(၂)ခု မေးမြန်းရန် ဖြစ်ပါတယ်။

**ဦးအောင်နိုင်ဦး၊ မယ်စဲ့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မယ်စဲ့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်နိုင်ဦး ဖြစ်ပါတယ်။

**မေးမြန်းချက်အမှတ်(၅)**

မေးခွန်း(၁)အနေနဲ့ကယားပြည်နယ်အတွင်းရှိ မြို့နယ်(၇)မြို့နယ်တွင် လမ်းဦးစီးဌာနက တာဝန်ယူထားသောလမ်းများ၏ အချို့နေရာများတွင် ခြုံနွယ်များထူထပ်စွာ ပေါက်ရောက်နေမှုကြောင့် မော်တော်ယာဉ် အစရှိသော ယာဉ်ကြီး/ငယ်များ တစ်စီးနှင့် တစ်စီး ရှောင်တိမ်းရာတွင် အခက်အခဲများရှိနေသည်ကို တွေ့ရှိရပါတယ်။ အများပြည်သူ ခရီးသွားများ အဆင်ပြေချောမွေ့စေရန် လမ်းဦးစီးဌာနမှ တာဝန်ယူထားသော လမ်းများ ရှိ ချုံနွယ်ပိတ်ပေါင်းများအား ရှင်းလင်းပေးစေလိုပါတယ်။ ထို့ကြောင့် လမ်းဦးစီးဌာနမှ တာဝန်ယူထားသော လမ်းများနှင့်ပတ်သက်၍ လမ်းနယ်များအား ကျူးကျော်မှုမရှိစေရန် နှင့် ကယားပြည်နယ်အတွင်းရှိ မြို့နယ်(၇)မြို့နယ်တွင် လမ်းဦးစီးဌာနက တာဝန်ယူထား သော လမ်းမိုင်အရှည်အား သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်။

**မေးမြန်းချက်အမှတ်(၆)**

မေးခွန်း(၂)အနေနဲ့ မယ်စဲ့မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လက်ရှိ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်း(၃၄)ဦးရှိပါတယ်။ ၎င်းဝန်ထမ်းများအနက် ဒေသခံ ကိုယ်ပိုင်အိမ်ဖြင့် နေထိုင်သူ(၆)ဦးရှိပြီး ဝန်ထမ်းအိမ်ရာတွင် နေထိုင်သူ(၂၈)ဦးရှိပါတယ်။

ယခုလက်ရှိ အသုံးပြုနေသော (၆)ခန်းတွဲ (၁)ထပ် ဝန်ထမ်းအိမ်ရာသည် ဝန်ထမ်း(၁၄)ဦး အတွက်သာ လုံလောက်မှုရှိပြီး ကျန်(၁၄)ဦးသည် မိသားစုများဖြင့်သာ စုပေါင်းနေထိုင်ကြရပါတယ်။ ၎င်းဝန်ထမ်းအိမ်ရာသည် (၁၉၉၁-၁၉၉၂)ခုနှစ်တွင် မူလတန်ဖိုး (၁၀၀၁၄၀၀/-)ဖြင့် ဆောက်လုပ်ခဲ့ပြီး တိုက်ခံ၊ သွပ်မိုး၊ အုပ်ညှပ် အမျိုးအစားဖြစ်၍ အဆောက်အဦအတိုင်းအတာမှာ(၁၀၈×၃၀×၈၆)ပေရှိပါတယ်။ အဆောက်အဦဆောက်လုပ်ထားရှိသည့်မြေမှာ (၁၆-၁-၂၀၁၁ ) မှ (၂၆-၁-၂၀၄၁) ထိ ဌာနအမည်ပေါက်ဖြင့် နှစ်(၃၀) ဂရန် ရရှိထားပြီးလည်းဖြစ်ပါတယ်။ အဆောက်အဦမှာ နှစ်ကာလကြာမြင့်ပြီဖြစ်၍ ပျက်စီးယိုယွင်းလျက်ရှိခြင်းနှင့် ဝန်ထမ်းများမှာလည်း နေထိုင်မှုအခက်အခဲများ ကြုံတွေ့နေရပါတယ်။ ထို့ကြောင့် ယခုလက်ရှိအသုံးပြုနေသော ပျက်စီးယိုယွင်းနေသည့် (၆)ခန်းတွဲ (၁)ထပ် ဝန်ထမ်းအိမ်ရာအား ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် လိုအပ်လျက်ရှိသော ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဝန်ထမ်းများကိုယ်စားမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မေးခွန်း(၁)ကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာန၊ ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်အမှတ်(၅)**

**ဦးခင်မောင်ဖြူ၊ ဝန်ကြီး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာန။** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်အစိုးရအဖွဲ့ဝင်၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာန၊ ဝန်ကြီး ဦးခင်မောင်ဖြူ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မယ်စဲ့မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးရဲ့ " ကယားပြည်နယ်အတွင်းရှိ မြို့နယ်(၇) မြို့နယ်တွင် လမ်းဦးစီးဌာနမှ တာဝန်ယူထားသော လမ်းမိုင်အရှည်အား သိရှိလိုခြင်း"နှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ကယားပြည်နယ်အတွင်းရှိ မြို့နယ်(၇)မြို့နယ်တွင် လမ်းဦးစီးဌာနမှ တာဝန်ယူထားသော လမ်းများကို ပြည်နယ်၊ ပြည်ထောင်စုလမ်းအလိုက် လမ်းအဆင့်သတ်မှတ်ချက်အပေါ် မူတည်ပြီးတော့ ဘဏ္ဍာရေးနှစ်အလိုက် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေတောင်းခံပြီးတော့မှ လမ်းဘေးဝဲ/ယာ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းကို စီမံချက်ရေးဆွဲထား

ပြီး စီမံချက်ကာလသတ်မှတ်ချက်အတိုင်း ခုတ်ထွင်ရှင်းလင်းပေးလျက်ရှိပါတယ်။ ချုံနွယ် ခုတ်ထွင်ရှင်းလင်းခြင်းအပြင် ကတ္တရာလမ်းပေါက်များ ဖာထေးပြုပြင်ခြင်း၊ လိုအပ်တဲ့ နေရာများတွင် လမ်းဘေးရေမြောင်းများတူးဖော်ခြင်း၊ ရေပြွန်များ ရေစီးရေလာ ကောင်းမွန်ရန် ရှင်းလင်းပေးခြင်း၊ တံတားများ၊ Box Culvert များ ဆေးသုတ်ခြင်း၊ ယာဉ်ကာကွယ်တိုင်များ ပြုပြင်မွမ်းမံဆေးသုတ်ခြင်းလုပ်ငန်းများပါ စီမံချက်တွင် ထည့်သွင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ လမ်းများနှင့်ပတ်သက်ပြီးတော့မှ လမ်းနယ် များ ကျူးကျော်မှုမရှိစေရန် ခရိုင်၊ မြို့နယ်အဆင့် တာဝန်ခံအင်ဂျင်နီယာများမှ အမြဲ စောင့်ကြပ်ကြည့်ရှုလျက်ရှိပြီး လမ်းအလိုက် လမ်းနယ်သတ်မှတ်ချက်များကို ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၊ သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်း ဦးစီးဌာနများသို့ ဖြန့်ဝေအသိပေးထားပြီးလည်းဖြစ်ပါတယ်။ ပြည်သူများသိရှိစေရန် လည်း မြို့တွင်း၊ ရွာတွင်း လမ်းနယ်နိမိတ်မှတ်တိုင်များကို သာမန်ပြင်ဆင်ထိန်းသိမ်း ခြင်း ရန်ပုံငွေမှကျခံ၍ သတ်မှတ်စိုက်ထူထားရှိပြီး လိုအပ်နေသော လမ်းမိုင်များတွင် လည်း ရန်ပုံငွေတင်ပြတောင်းခံပြီး ရရှိရန်ပုံငွေပေါ်မူတည်၍ ဆက်လက်စိုက်ထူပေးသွား မှာဖြစ်ပါတယ်။ ကယားပြည်နယ်အတွင်းရှိ မြို့နယ်(၇)မြို့နယ်တွင် လမ်းဦးစီးဌာနမှ တာဝန်ယူထားသောလမ်းမိုင်များကို တင်ပြရမယ်ဆိုရင် လွိုင်ကော်မြို့နယ်တွင် ၁၀၈ မိုင် ၀.၂ ဖာလုံ၊ ဒီမောဆိုမြို့နယ်တွင် ၈၃ မိုင် ၃ ဖာလုံ၊ ဖရူဆိုမြို့နယ်တွင် ၇၂ မိုင်၊ ရှားတော မြို့နယ်တွင် ၅၂ မိုင် ၆.၃ ဖာလုံ၊ ဘောလခဲမြို့နယ်တွင် ၃၃ မိုင် ၇.၉ ဖာလုံ၊ ဖားဆောင်းမြို့နယ်တွင် ၁၀၀ မိုင် ၀.၅ ဖာလုံ၊ မယ်စဲ့မြို့နယ်တွင် ၅၈ မိုင် ၂ ဖာလုံ ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ မေးခွန်း(၂)ကို ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်အမှတ်(၆)**

**ဦးမော်မော်၊ ဝန်ကြီး၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စား လှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်အစိုးရအဖွဲ့ဝင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊

ဝန်ကြီး ဦးမော်မော်ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ မယ်စဲ့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးရဲ့ မယ်စဲ့မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (ဖ)ခန်းတွဲ(၁)ထပ် ဝန်ထမ်းအိမ်ရာအားဖျက်သိမ်းပြီး (ဖ)ခန်းတွဲ(၂)ထပ် အိမ်ရာ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်းပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ မယ်စဲ့မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၏ အိမ်ရာလုံလောက်မှုမရှိခြင်း၊ အိမ်ရာအဆောက်အဦများ နှစ်ကာလကြာမြင့်နေပြီဖြစ်သောကြောင့် ချို့ယွင်းနေပါသဖြင့် (ဖ)ခန်းတွဲ(၂)ထပ် ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးဖို့ မယ်စဲ့မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တင်ပြလာမှုအပေါ်မှာ ဒေသန္တရစီမံကိန်းအဆိုပြုချက်များတွင် ပါဝင်သည့် လုပ်ငန်းများအား (၃၀-၄-၂၀၁၈)မှ (၂-၅-၂၀၁၈)အထိ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဆောင်သည့်အဖွဲ့မှ ကွင်းဆင်းစိစစ်ခဲ့ပြီး၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုလျာထားခဲ့သော်လည်း လွိုင်လင်လေးမြို့နှင့် နန်းမယ်ခုံမြို့ (၂)မြို့ အသစ်ဖွဲ့စည်းရာတွင် လိုအပ်သည့်အခြေခံအဆောက်အဦများ တည်ဆောက်ရခြင်းနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အရာထမ်း၊ အမှုထမ်းများ နေထိုင်ရန်အတွက် ဝန်ထမ်းအိမ်ရာများနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဦးစားပေးဆောင်ရွက်ခဲ့ရခြင်းကြောင့် ဘတ်ဂျက် (Budget) အကန့်အသတ်အရ ဖော်ဆောင်နိုင်ခဲ့ခြင်းမရှိပါကြောင်းနှင့် ၂၀၁၉-၂၀၂၀ ဘတ်ဂျက်(Budget)ရရှိမှုအပေါ်တွင် လျာထားစီမံ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးသဲရယ်၊ ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ မေးခွန်း(၃)ခု မေးမြန်းရန် ဖြစ်ပါတယ်။

**ဦးသဲရယ်၊ ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များနဲ့ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

**မေးမြန်းချက်အမှတ်(၇)**

လွိုင်ကော်-ဒီမော့ဆိုနှင့် ဖရူဆိုမြို့နယ်အတွင်း ပြည်ထောင်စုလမ်းမကြီးအား လမ်းတိုးချဲ့ခြင်းရှိ/ မရှိ သိရှိလိုခြင်း မေးခွန်းပဲ ဖြစ်ပါတယ်။ ကယားပြည်နယ်၊ ဒီမော့ဆို

မြို့နှင့် ဖရူဆိုမြို့နယ်အတွင်း လွိုင်ကော်-မော်ချီးလမ်းမဟာ လက်ရှိလမ်းအနေအထား အရ ကားနှစ်စီးသာသာ သွားလာနိုင်တဲ့ အနေအထားတစ်ရပ်သာ ရှိပါတယ်။ အခု ယနေ့ ခေတ်ကာလမှာ ပြည်သူအများစုဟာ ခေတ်ရေစီးကြောင်းနှင့်အညီ ယာဉ်အမျိုးမျိုး အသုံးပြုလာပြီးတော့ ယခင်နဲ့မတူဘဲ အဆမတန်များပြားလာနေတဲ့အတွက် မိဘပြည် သူများ သွားလာရေးအဆင်ပြေချောမွေ့စေရန် လမ်းမကြီးအား တိုးချဲ့ရန်လိုအပ်နေပြီဟု ပြည်သူများမှ တင်ပြလာပါတယ်။ လက်ရှိအနေအထားအရ ကျဉ်းမြောင်းနေတဲ့လမ်း ဖြစ်ပါသဖြင့် မကြာခဏ ယာဉ်တိုက်မှုဖြစ်ပွားပြီး အများပြည်သူ အသက်ဆုံးရှုံးမှုများ လည်းရှိနေတာကြောင့် ထိုလမ်းမကြီးအား အမြန်ဆုံးတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက် စေလိုသဖြင့် ပြည်နယ်အစိုးရအဖွဲ့မှ လမ်းတိုးချဲ့ခြင်းလုပ်ငန်းအား ဆောင်ရွက်ရန် အစီအစဉ်ရှိ/ မရှိ ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။

**မေးမြန်းချက်အမှတ်(၈)**

ဒုတိယမေးခွန်းအနေနဲ့ ဖရူဆိုမြို့နယ်၊ ဒေါလောစောအုပ်စုရှိ ကျေးရွာများအား လျှပ်စစ်မီးမရရှိသေးခြင်းနှင့်ပတ်သက်ပြီး သိရှိလိုခြင်းမေးခွန်းဖြစ်ပါတယ်။ ဖရူဆိုမြို့နယ်၊ ဒေါလောစောအုပ်စုဟာ ကျေးရွာ (၉)ရွာရှိပြီးတော့ လျှပ်စစ်မီးရရှိသောကျေးရွာ တစ်ရွာမှ မရှိသေးပါဘူး။ ထိုဒေသရှိ ကျေးရွာပြည်သူများဟာ ကျေးရွာတိုင်းလျှပ်စစ်မီးရရှိရန် လိုလားလျက်ရှိပါတယ်။ ဒေသအခြေအနေအရ လမ်းပန်းဆက်သွယ်ရေးခက်ခဲသဖြင့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးကအစ အလွန်နောက်ကျကျန်သည့် အနေအထားတွင်ရှိနေသည်ဟု ယူဆရပါတယ်။ အဲ့ဒါကြောင့် ထိုဒေသမှာရှိတဲ့ ကျေးရွာ များ လျှပ်စစ်မီးရရှိနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ဘယ်ခုနှစ်မှာ ဘယ်လို ဆောင်ရွက်ပေးမယ်ဆိုတာ ပြည်သူများကိုယ်စား သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်။

**မေးမြန်းချက်အမှတ်(၉)**

တတိယမေးခွန်းကတော့ ကေးလျားကျေးရွာအုပ်စု၊ ကေးလျားကျေးရွာမှာ မူလွန်ကျောင်းသစ်(၁)ဆောင် လိုအပ်နေပါသဖြင့် ပြည်နယ်အစိုးရမှ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဖရူဆိုမြို့နယ်၊ ကေးလျားကျေးရွာ အုပ်စု၊ ကေးလျားကျေးရွာမှာ မူလတန်းလွန်ကျောင်းအဖြစ် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တွင် စတင်ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ မူလတန်းလွန်ကျောင်းဖွင့်ပြီးဖြစ်သောကြောင့် တစ်နှစ်ထက်တစ်နှစ် အတန်းမြင့်လာသည်နှင့်အတူ ကျောင်းသား/ သူ ဦးရေလည်း

များပြားလာပြီဖြစ်ပါတယ်။ လက်ရှိ ကျောင်းဆောင်အနေအထား၊ ကျောင်းဆောင် အခြေအနေအရ လုံလောက်မှုမရှိသည့်အတွက် ကျောင်းဆောင်သစ်တစ်ဆောင် လိုအပ်လာပါတယ်။ အဲ့ဒါကြောင့် ကျောင်းဆောင်တိုးချဲ့ခြင်းဟာ ကျောင်းနေကလေးများရဲ့ စိတ်ကျဉ်းကြပ်မှု မဖြစ်ပေါ်စေရန်အတွက်နဲ့ ကျောင်းနေကလေးများ ကျောင်းနေပျော်ဖို့အတွက်လည်းဖြစ်ပါတယ်။ ကျောင်းဆောင်သစ်(၁)ဆောင် မဖြစ်မနေဆောက်လုပ်ပေးရန် လိုအပ်နေတဲ့အတွက် ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ အဲ့ဒီကျောင်းဆောင်သစ်ကို ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မေးခွန်း(၁)နဲ့ (၂)ကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာန၊ ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်အမှတ်(၇)**

**ဦးခင်မောင်ဖြူ၊ ဝန်ကြီး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာန။** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်အစိုးရအဖွဲ့ဝင်၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာန၊ ဝန်ကြီးဦးခင်မောင်ဖြူဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့အနေနဲ့ ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသဲရယ်ရဲ့ “ လွိုင်ကော် - ဒီမော့ဆိုနှင့် ဖရူဆိုမြို့နယ်အတွင်း ပြည်ထောင်စုလမ်းမကြီးအား လမ်းတိုးချဲ့ခြင်းလုပ်ငန်းတည်ဆောက်ရန် အစီအစဉ် ရှိ/ မရှိ”နှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ လွိုင်ကော်နှင့်ဒီမော့ဆို အပိုင်းဟာ ယာဉ်သွားလာမှုများပြားသဖြင့် (၁၈)ပေအကျယ်ကနေ (၂၄)ပေအကျယ်ထိ ကတ္တရာလမ်းတိုးချဲ့ဖို့အတွက် မိုင်(၁၂၀/၄)မှ မိုင်(၁၂၉/၅)အတွင်း (၁)မိုင်(၅)ဖာလုံကိုလည်းကောင်း၊ ဒီးမော့ဆိုမြို့တွင်းပိုင်း (ငွေတောင်ဆည်အပိုင်း)မှာ (၇)ဖာလုံကိုလည်းကောင်း အခုလက်ရှိ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သွားဖို့ လျာထားပြီးဖြစ်ပါတယ်။ ဖရူဆိုမြို့တွင်းပိုင်းဖြစ်တဲ့ မိုင်(၁၆၃ /၄)ကနေ မိုင်(၁၆၄/၁)အထိ (၅)ဖာလုံကို (၁၈)ပေအကျယ် ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်သွားရန် လျာထားပြီးဖြစ်ပါတယ်။ နောင်ဘဏ္ဍာရေးနှစ်တွေမှာတော့ လွိုင်ကော်နှင့် ဒီမော့ဆိုအပိုင်းကို ရန်ပုံငွေရရှိတဲ့အပေါ်မူတည်၍ (၁၈)ပေ

အကျယ်နဲ့ (၂၄)ပေအကျယ်အထိ ကတ္တရာလမ်းတိုးချဲ့ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်အပိုင်းများအား ဆောင်ရွက်ရန်အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဖြေကြားချက်အမှတ်(၈)**

ဆက်စပ်ပြီးတော့ နောက်မေးခွန်း(၁)ခုကို ဆက်လက်ဖြေကြား မှာဖြစ်ပါတယ်။ ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသဲရယ်၏ မေးခွန်းဖြစ်တဲ့ "ဖရူဆိုမြို့နယ် ဒေါလောစောအုပ်စုရှိ ကျေးရွာများအား လျှပ်စစ်မီး မရရှိသေးခြင်းနှင့်စပ်လျဉ်းပြီးတော့ သိရှိလိုကြောင်း" ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖရူဆိုမြို့နယ်၊ ဒေါလောစောကျေးရွာအုပ်စုရှိ ကျေးရွာ(၉)ရွာ လျှပ်စစ်မီးရရှိရေးအတွက်(၁၃၂/၃၃)ကေဗွီ လွိုင်ကော်ပင်မဓာတ်အားခွဲရုံကနေပြီးတော့မှ ဖရူဆိုမြို့အထွက် (၆၆)ကေဗွီလိုင်း (၂၅.၂)မိုင်၊ (၆၆/၃၃)ကေဗွီ၊ ၂၀ အမ်ဗွီအေဓာတ်အားခွဲရုံ (၁)ရုံနဲ့ မောသီဒိုမှာ (၃၃/၁၁)ကေဗွီ၊ (၅)အမ်ဗွီအေဓာတ်အားခွဲရုံ(၁)ရုံ တည်ဆောက်ပြီးမှသာလျှင် အဆိုပါကျေးရွာများ ဓာတ်အားရရှိမှာဖြစပါတယ်။ ခွဲရုံများတည်ဆောက်ခြင်းအတွက် ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေနဲ့တည်ဆောက်ရတာဖြစ်တဲ့အတွက် (၆၆)ကေဗွီလိုင်းနဲ့ (၆၆/၃၃)ကေဗွီဓာတ်အားခွဲရုံအတွက်၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်နဲ့ (၃၃/၁၁)ကေဗွီဓာတ်အားခွဲရုံအတွက်၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်စီမံကိန်းမှာ သက်ဆိုင်ရာဝန်ကြီးဌာနကနေ ထည့်သွင်းလျာထားပါကြောင်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ခွဲဝေရရှိတဲ့အပေါ်မူတည်ပြီးတော့မှ တင်ပြပါဓာတ်အားခွဲရုံများ တည်ဆောက်ပြီးမှသာလျှင် ဒေါလောစောကျေးရွာအုပ်စုရှိ ကျေးရွာများဓာတ်အားရရှိနိုင်မှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မေးခွန်း(၃)ကို ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန၊ ဝန်ကြီးကိုယ်စား ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်အမှတ်(၉)**

**ဦးမော်မော်၊ ဝန်ကြီး၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စား

လှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသဲရယ်၏ "ဖရူဆိုမြို့နယ်၊ ကေးလျားကျေးရွာအုပ်စု၊ ကေးလျား ကျေးရွာတွင် မူလွန်ကျောင်းသစ် တစ်ဆောင် လိုအပ်နေပါသဖြင့် ပြည်နယ်အစိုးရမှ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း" မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုရင် ကေးလျားကျေးရွာမှာ မူလတန်းလွန်ကျောင်းအဖြစ် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ မူလတန်းလွန်ကျောင်းဖွင့်ပြီးဖြစ်တဲ့ အတွက်ကြောင့် တစ်နှစ်ထက်တစ်နှစ် အတန်းမြင့်လာသည်နှင့်အတူ ကျောင်းသား၊ ကျောင်းသူဦးရေလည်း များပြားလာမှာဖြစ်တဲ့အတွက်ကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေး နှစ်၊ ပြည်ထောင်စုဘတ်ဂျက် ငွေလုံးငွေရင်းခေါင်းစဉ်အောက်မှာ ဖရူဆိုမြို့နယ်စာရင်း တွင် ထည့်သွင်းလျာထားတောင်းခံသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးအောင်နိုင်ဦး၊ မယ်စဲ့မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ မေးခွန်း(၃)ခု မေးမြန်းရန် ဖြစ်ပါတယ်။

**ဦးအောင်နိုင်ဦး၊ မယ်စဲ့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မယ်စဲ့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး ဖြစ်ပါတယ်။

**မေးမြန်းချက်အမှတ်(၁၀)**

မေးခွန်း(၁)အနေနဲ့ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ မြို့အဝင်ဆိုင်းဘုတ်အနီး တွင် တည်ဆောက်လျက်ရှိသော မြို့အဝင်မုခ်ဦးကို မည်သည့်ဘတ်ဂျက်ဖြင့် မည်မျှ ကုန်ကျခံဆောင်ရွက်နေကြောင်း သိရှိလိုပါတယ်။ အဆိုပါမြို့ဝင်ဆိုင်းဘုတ် များ သည် လက်ရှိတွင်ပင်(၂)ခုဖြစ်နေပြီး ယခုအခါမုခ်ဦးပြုလုပ်ခြင်းဖြင့် မြို့ဝင်ဆိုင်းဘုတ်နှင့် မုခ်ဦး(၃)ခုရှိလာမည် ဖြစ်ပါတယ်။ ပြည်သူ့ဘဏ္ဍာငွေများဖြစ်သောကြောင့် သုံးစွဲရာတွင် မည်သည့်ဘတ်ဂျက်ဖြင့်သုံးစွဲကြောင်း၊ တန်ဖိုးမည်မျှရှိကြောင်း၊ မည်သည့်အဖွဲ့အစည်းက

ဆောက်လုပ်နေခြင်းဖြစ်ကြောင်းနှင့်ပတ်သက်၍ ဖြေကြားရှင်းလင်းပေးပါရန် သိရှိလိုကြောင်းမေးခွန်း မေးမြန်းအပ်ပါတယ်ခင်ဗျား။

**မေးမြန်းချက်အမှတ်(၁၁)**

မေးခွန်း(၂)အနေနဲ့ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ လောပိတကျေးရွာအုပ်စု၊ လောကထုရွာအနီး ခမမပည LB- 238637 နေရာတွင် (၂၁-၇-၂၀၁၈)ရက်နေ့၌ မော်တော်ယာဉ်(၁)စီး၊ တရားခံ (၄)ဦးနှင့်အတူ ဖမ်းမိခဲ့သော တရားမဝင်သစ် ဖမ်းဆီးရမိမှုအခြေအနေနှင့် ပတ်သက်၍ ဖမ်းမိရာတွင် နိုင်ငံခြားသား (၁)ဦး ပါဝင်နေသည်ကို သိရှိရပါ တယ်။ အဆိုပါဖြစ်စဉ်နှင့် စပ်လျဉ်း၍ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မေးမြန်းအပ်ပါတယ်။

**မေးမြန်းချက်အမှတ်(၁၂)**

မေးမြန်းချက်(၃)အနေနဲ့ ကယားပြည်နယ်၊ လွိုင်ကော်မြို့သည် အေးချမ်းပြီး ရာသီဥတုမှာလည်း အားကစားလုပ်သူများအတွက် အကြိုက်ဖြစ်ပါတယ်။ ယခုအခါ လွိုင်ကော်မြို့တွင် အားကစားရုံများစွာ ရှိပြီးဖြစ်သော်လည်း အား/ကာသိပ္ပံက ယူသွားခြင်း၊ ကျန်ရှိပြီးသား အားကစားရုံများသည် ဖူဆယ်ဘောလုံးအားကစားကွင်း မရှိတာကို တွေ့ရှိရပါတယ်။ ကျောင်းသားလူရွယ်များအနေဖြင့် ပြင်ပပုဂ္ဂလိက ကွင်းများတွင် တစ်နာရီ(၁၀၀၀ဝိ/-)စသဖြင့် ၎င်းတို့၏ချွေးနည်းစာ မုန့်ဖိုးလေးများဖြင့် သွားရောက်ကစားနေတာကို သိရှိရပါတယ်။ ထို့ကြောင့် သက်ဆိုင်ရာအစိုးရအနေဖြင့် ဖူဆယ်ဘောလုံးကွင်းသစ်များ ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း အနာဂတ်မျိုးဆက်သစ်လူငယ်များကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မေးခွန်း(၁)နဲ့ (၃)ကို ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန၊ ဝန်ကြီးကိုယ်စား ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဖြေကြားချက်အမှတ်(၁၀)

**ဦးမော်မော်၊ ဝန်ကြီး၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မယ်စဲ့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၏ လွိုင်ကော်မြို့အဝင်မုခ်ဦးပြုလုပ်နေခြင်းသည် မည်သည့်ဘတ်ဂျက်မှ မည်မျှသုံးစွဲပြီး မည်သည့်ဆုံးဖြတ်ချက်ဖြင့် စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ ကယားပြည်နယ်၊ လွိုင်ကော်မြို့အဝင်မုခ်ဦးကို (၉-၅-၂၀၁၈))ရက်နေ့တွင် ကျင်းပပြုလုပ်တဲ့ ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၈) ဆုံးဖြတ်ချက်အပိုဒ် (၇၁)အရ ကယားပြည်နယ်အစိုးရအဖွဲ့ရဲ့ ပထမ(ဖ)လ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်(ဖ၄.ဖ)သန်းဖြင့် ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ တင်ဒါစနစ်နဲ့ စီမံဆောင်ရွက်ခဲ့တာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဦးအောင်နိုင်ဦး၊ မယ်စဲ့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ထပ်ဆင့်မေးခွန်း မေးခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ မေးပါ။

**ဦးအောင်နိုင်ဦး၊ မယ်စဲ့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** ။ တင်ဒါစနစ်ဖြင့် စီမံဆောင်ရွက်လျက်ရှိတယ်လို့ ဖြေကြားသွားပါတယ်။ ဘယ်နေ့က တင်ဒါခေါ်တာလဲ။ တင်ဒါခေါ်ယူတဲ့ အထောက်အထားတွေသိချင်ပါတယ်။ ကုမ္ပဏီဘယ်နှစ်ခု ဝင်ပြိုင်ပြီး ဘယ်ကုမ္ပဏီက အနိုင်ရပြီး လုပ်ငန်းဆောင်ရွက်ခဲ့တာကို သိချင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဖြေလို့ရမလား။

**ဦးမော်မော်၊ ဝန်ကြီး၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။** ။ ကျွန်တော်နောက်မှ ရေးတင်ပါ့မယ်ခင်ဗျား။

**ဖြေကြားချက်အမှတ်(၁၁)**

**ဦးမော်မော်၊ ဝန်ကြီး၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။ ။** နေကတ်တစ်ခုကတော့ ပြည်နယ်အားကစားကွင်းနဲ့ ပတ်သက်ပြီးတော့ မေးမြန်းသွားတာကို ဖြေကြားသွားပါမယ်ခင်ဗျား။ မယ်စဲ့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၏ ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် ဘောလုံး (ဖူဆယ်) အားကစားသမားများအတွက် ဖူဆယ်ကွင်းများ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါကမည့်သည့် နေရာများတွင် မည့်သည့်ဘဏ္ဍာနှစ်၌ ထည့်သွင်းဆောင်ရွက် ပေးသွားမည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ဖြေကြားသွားမှာဖြစ်ပါ တယ်။ ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် ဖူဆယ်ကွင်းများ ဖော်ထုတ်ပေးရန် ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ပြည်နယ်အစိုးရ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (၁)နှစ်ဘတ်ဂျက်တွင် တင်ပြတောင်းခံခဲ့သော်လည်း ပါဝင်ခြင်းမရှိတဲ့အတွက်ကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ထပ်မံတင်ပြတောင်းခံပြီးတော့ ဘတ်ဂျက်ရရှိမယ်ဆိုရင် ပြည်နယ်အားကစားကွင်း (ဒေါဥခူ)မှာပဲ ဖောက်လုပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။ ။** မေးခွန်း(၂)ကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်အမှတ်(၁၂)**

**ဗိုလ်မှူးကြီးမြင့်ဝေ၊ ဝန်ကြီး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဌာန။ ။** ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မယ်စဲ့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၏ "တရားမဝင်သစ် ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် နိုင်ငံခြားသား(၁)ဦးပါဝင်နေသည်ကို သိရှိရပါသဖြင့် ၎င်းဖြစ်စဉ်နှင့် စပ်လျဉ်းပြီး မည်ကဲ့သို့ စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုကြောင်း"မေးခွန်းနှင့် ပတ်သက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ (၂၁-၇-၂၀၁၈)ရက်နေ့မှာ မြန်မာစကားမတတ်သော တရုတ်နိုင်ငံသားတစ်ဦးသည် ယာဉ်အမှတ်(5I/3245)၊ ALPHARD အမျိုးအစား၊ အနက်ရောင် မော်တော်ယာဉ်ဖြင့် ပိတောက်တုံး (၅)တုံးအား တင်ဆောင်မောင်းနှင်လာ၍ စိစစ်ခဲ့ရာ နိုင်ငံကူးလက်မှတ်အမှတ် (E84371670)၊ ကိုင်ဆောင်ထားသော တရုတ် နိုင်ငံသား Mr. Huang Bishan ဖြစ်ပြီး ၎င်းသည်(၁၉-၄-၂၀၁၇)ရက်နေ့တွင် ကူမင်းသံရုံးမှ

Tourist Visa (No.C969022)ဖြင့် (၁၉-၄-၂၀၁၇)ရက်နေ့မှ (၁၈-၇-၂၀၁၇)ရက်နေ့အထိ Visa သက်တမ်း လျှောက်ထားရယူခဲ့သော်လည်း တရားဝင် ဝင်/ထွက်ပေါက်များမှတဆင့် ဝင်/ထွက်ခဲ့သည့် အထောက်အထား တစ်စုံတစ်ရာမရှိဘဲ တရုတ်နိုင်ငံမှ ရှမ်းပြည်နယ်၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပန်ဆန်းသို့ ဝင်ရောက်ပြီးမော်တော်ယာဉ်ဖြင့် ပန်ဆန်း-လားရှိုး-မန္တလေးကားလမ်းအတိုင်း ကယားပြည်နယ်၊ လွိုင်ကော်မြို့သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ၎င်းတရုတ်နိုင်ငံသားသည် မြန်မာနိုင်ငံအတွင်းသို့ တရားဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်လာခြင်း မဟုတ်ကြောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် ၁၉၄၇ ခုနှစ်၊ လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ)အက်ဥပဒေ ပုဒ်မ ၃(၁)/၁၃(၁) ဖြင့် (၂၂-၇-၂၀၁၈) ရက်နေ့တွင် လွိုင်ကော်မြို့မရဲစခန်း၌ လွိုင်ကော်မြို့နယ်(လဝက)ဦးစီးမှူးမှ အမှုဖွင့်တိုင်ကြားခဲ့သဖြင့် (ပ) ၁၂/ ၂၀၁၈ ဖြင့် အမှုဖွင့်လက်ခံဆောင်ရွက်ပေးခဲ့ပြီး လွိုင်ကော်အကျဉ်းထောင်သို့ ပို့ဆောင်ချုပ်နှောင်ထားရှိခဲ့ပါတယ်။ ဖြစ်စဉ်နှင့် စပ်လျဉ်း၍ ဆက်စပ်တရားခံများ ဖမ်းဆီးရမိရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ပူးပေါင်းအဖွဲ့ဖြင့် စုံစမ်းစစ်ဆေးခဲ့ရာ ၎င်းတရုတ်နိုင်ငံသားသည် လွိုင်ကော်မြို့၊ ဒေါ်ဥခူရပ်ကွက်ရှိ ရွှေခိုင်စားသောက်ဆိုင်သို့ ဝင်ရောက်စားသောက်ခဲ့ပြီး နိုင်ငံကူးလက်မှတ်နှင့် အဝတ်အစားများအား ဆိုင်၌အပ်နှံခဲ့ကြောင်း၊ ကယားပြည်နယ်သို့ အကြွေးတောင်းရန်ကိစ္စဖြင့် လာရောက်ခဲ့ခြင်းဖြစ်ပြီး ယင်းအားငွေပေးရန်ရှိသူမှာလည်း စုံစမ်း၍မရသဖြင့် သစ်ဝယ်ယူပြီးအပြန်၌ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်းနှင့် ၎င်းတရုတ်နိုင်ငံသားအား လွိုင်ကော်အကျဉ်းထောင်တွင် လဝကအက်-၃(၁) / ၁၃(၁)လည်းကောင်း၊ ပို့ကုန်/ သွင်းကုန်ဥပဒေပုဒ်မ (၈)ဖြင့်လည်းကောင်း၊ သစ်တောဥပဒေပုဒ်မ ၄၂(ခ)တို့ဖြင့် သက်ဆိုင်ရာပြစ်မှုပုဒ်များအလိုက် တရားစွဲဆိုထားရှိပြီး လွိုင်ကော်မြို့နယ်တရားရုံး မှရာကြီးအမှုအမှတ်(၂၀၈/၂၀၁၈) ဖြင့် လက်ခံစစ်ဆေးလျက်ရှိပါတယ်။ အဆိုပါ တရုတ်နိုင်ငံသား Mr. Huang Bishan ၏ ပြည်နယ်အတွင်း တရားမဝင် ဝင်ရောက်လာမှုအခြေအနေ၊ လိုင်စင်မဲ့မော်တော်ယာဉ်အား လက်ဝယ်ထားရှိ အသုံးပြုမှုအခြေအနေ၊ တရားမဝင်သစ်များ သယ်ဆောင်မှုအခြေအနေ အစရှိသောဖြစ်စဉ်များနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များနှင့် အသေးစိတ်ဆောင်ရွက်ထားရှိမှုအခြေအနေများအား သက်ဆိုင်ရာဝန်ကြီးဌာန သို့အချိန်နှင့်တပြေးညီ တင်ပြအစီရင်ခံလျှက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးအောင်နိုင်ဦး၊ မယ်စဲ့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** ။ ထပ်ဆင့်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ မေးပါ။

**ဦးအောင်နိုင်ဦး၊ မယ်စဲ့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** ။ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ လောပိတကျေးရွာအုပ်စု၊ လောကထုရွာအနီး ခမမပည LB – 238637 နေရာတွင် (၂၁-၇-၂၀၁၈)ရက်နေ့ တရားမဝင်သစ်ဖမ်းဆီးရမိမှုတွင် နိုင်ငံခြားသား တစ်ဦးပါဝင်နေသည့်ကိစ္စနှင့်ပတ်သက်၍ မေးမြန်းထားရာ ဝန်ကြီး၏ဖြေကြားချက်တွင် အဆိုပါ တရုတ်နိုင်ငံခြားသားသည် လွိုင်ကော်သို့ အကြွေးတောင်းရန်ကိစ္စဖြင့် လာရောက်ခဲ့ခြင်းဖြစ်ပြီး ယင်းအားငွေပေးချေရန်ရှိသူများမှာ စုံစမ်း၍မရသဖြင့် သစ်ဝယ်ယူပြီး အပြန်၌ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်ဟုပါရှိရာ နိုင်ငံခြားသားတစ်ဦး ထိုကဲ့သို့ တရားမဝင် သွားလာနေခြင်းသည် မိမိတို့ကယား ပြည်နယ်လုံခြုံရေးရှုထောင့်မှကြည့်လျှင် စိုးရိမ်ဖွယ်ရာဖြစ်ပြီး မိမိတို့ပြည်နယ်အတွင်းရှိ အဖိုးတန်သစ်များကို ခိုးထုတ်သွားခြင်းသည် လွန်စွာအန္တရာယ်ကြီးမားသော ကိစ္စဖြစ်ပါတယ်။ နိုင်ငံခြားသားတစ်ဦးသည် အဆက်အသွယ်မရှိဘဲ ထိုကဲ့သို့သွားလာနိုင်မည်မဟုတ်ကြောင်း၊ မည်သည့်နေ့တွင် မည်သူ့ထံတွင် သစ်များဝယ်ယူခဲ့ကြောင်းနှင့် ဖြတ်သန်းရာလမ်းတစ်လျှောက် ဂိတ်ရှိ တာဝန်ရှိသူများအား ဆက်လက်ဖော်ထုတ်ရန် လိုအပ်မှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဒသမပုံမှန် အစည်းအဝေးမှာ ဝန်ကြီးဖြေကြားချက်အရ ဒီလိုတရားမဝင်သစ်ဖမ်းဆီးရမိမှုနှင့် ပတ်သက်ပြီး ဂိတ်များရှိ သက်ဆိုင်ရာတာဝန်ကျဝန်ထမ်းများအား နောင်အလားတူ ဖြစ်စဉ်မျိုး ဖြစ်ပွားမှုမရှိစေရေး နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့်အညီ စစ်ဆေး အရေးယူဆောင်ရွက်ခဲ့သည်ဟုဆိုသော်လည်း ယခုလိုထပ်မံဖြစ်ပွားမှုအပေါ် ဝန်ကြီး အနေဖြင့် မည်ကဲ့သို့ဖြေရှင်းချက်ပေးချင်ပါသလဲ။ ဒါ့အပြင် တရားခံအားစစ်ဆေးရာတွင် ၎င်း၏ထွက်ဆိုချက်မှာ ကျိုးကြောင်းဆီလျော်မှုမရှိကြောင်းနှင့် စစ်ဆေးချက်အရ ကွင်းဆက်ပြတ်သွားသဖြင့် ဝန်ကြီးအနေဖြင့် အဆိုပါကိစ္စနှင့်ပတ်သက်၍ ကွင်းဆက် တရားခံများအား ဆက်လက်ဖော်ထုတ်ပေးရန် အစီအစဉ်ရှိ/မရှိ ထပ်ဆင့်မေးခွန်းမေးမြန်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဝန်ကြီး ဖြေလို့ရပါသလား။

**ဗိုလ်မှူးကြီးမြင့်ဝေ၊ ဝန်ကြီး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန။** ။ ထပ်ဆင့်မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဆက်လက်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ မေးခွန်းအရ တရားမဝင်သစ် ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် နိုင်ငံခြားသားတစ်ဦးပါဝင်နေသည်ကို သိရှိရသဖြင့် ၎င်းဖြစ်စဉ်နဲ့ စပ်လျဉ်း၍ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုကြောင်း မေးထားတာဖြစ်ပါတယ်။ မေးခွန်းရဲ့ သဘောသဘာဝအရ နိုင်ငံခြားသားတစ်ဦးပါဝင်နေတာကိုသိရှိလို့ ဖြစ်စဉ်နဲ့ပတ်သက်ပြီး နိုင်ငံခြားသားအပေါ်မှာ မည်ကဲ့သို့ဆောင်ရွက်ထားကြောင်းကို ရှင်းလင်းဖြေကြားခြင်းဖြစ်ပါတယ်။ နိုင်ငံခြားသားနဲ့ ပတ်သက်၍ တရားမဝင်နိုင်ငံခြားသားဖြစ်တဲ့အလျောက် မေးခွန်းရှင် မေးထားတဲ့အထဲမှာ မိမိပြည်နယ်ထဲတွင် တရားမဝင်နိုင်ငံခြားသားဝင်ရောက်ပြီးတော့ ၎င်းနဲ့ဆက်စပ်တဲ့ဖြစ်စဉ်များ ဖော်ထုတ်ဖမ်းဆီးရမိမှုအခြေအနေနဲ့ ပတ်သက်ပြီး ဆက်စပ်မေးခွန်းကို ယခုမှ မေးမြန်းခြင်းဖြစ်ပါတယ်။ ၎င်းမေးခွန်းနဲ့ ပတ်သက်လို့လည်း သီးခြားပြန်လည်ဖြေဆိုပေးပါမယ်။ ဆက်စပ်သူများ၊ မိမိနိုင်ငံသားများ ပါဝင်ပတ်သက်နေမှုရှိတဲ့အခြေအနေများကိုလည်း ဆက်စပ်ပြီး ပြန်လည်ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ ဒီမေးခွန်းနဲ့ ပတ်သက်ပြီး အဖြေကို မပြုစုလာတာဖြစ်တဲ့အတွက် အဖြေနဲ့ ပတ်သက်ပြီး သီးခြားစာနဲ့ ဆက်လက်ပြီး ဖြေကြားသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဝန်ကြီး အခုကိစ္စက ဖမ်းလိုက်တယ်။ ရဲနဲ့ ဂိတ်မှာပဲ ပြီးသွားတယ်။ ကျွန်တော်တို့က ဒီသစ်ကို ဘယ်ကရတာလဲဆိုတာ ရှိရမယ်လေ။ လမ်းဘေးကကောက်လာတာတော့ မဖြစ်နိုင်ဘူး။ သွားကြားထိုးတံဆိုလည်း အိတ်ထဲ ထည့်သွားလို့ရတယ်။ ဒီသစ်ကြီး လုပ်ဖို့အတွက်ဆို ဂိတ်ကို ဖြတ်မှရတဲ့အတွက် ဝန်ကြီးအနေနဲ့ အရင်ပြီးခဲ့တဲ့လွှတ်တော်တုန်းကလည်း ဖြေထားတဲ့အထဲမှာ ကျွန်တော်တို့ဖြစ်ချင်တာက တရားဥပဒေစိုးမိုးရေးအတွက်ကို ဖော်ထုတ်ပြီးမှ မိတာနဲ့ တရုတ်နဲ့ပဲ မပြီးဘဲနဲ့ ဒီတရုတ်က ဘယ်ကလာလဲ။ ဘယ်ကိုသွားတယ်။ အစက ဘယ်သူရောင်းတယ်။ အဆက်အစပ်ရှိရမယ်။ အဆက်အစပ် မရှိဘဲနဲ့ လောပိတကို ရောက်စရာအကြောင်းမရှိဘူး။ အဲ့ဒါကို ပူးပေါင်းဆောင်ရွက်ချင်လို့ ကျွန်တော်ပြောတာပါ။ ကျွန်တော်သိသလောက် ဒီမှာအရေးအသားအရကို ဝန်ကြီးတို့က စာရွက်ပေါ်မှာ မဟုတ်ဘဲနဲ့ Performance အရ အောက်ခြေမှာပြီးမှ လုပ်ဖို့အကြောင်းလေးပါ။ ဒါကို ကျွန်တော်ကြားထဲက မေတ္တာရပ်ခံချင်ပါတယ်။

**ဗိုလ်မှူးကြီးမြင့်ဝေ၊ ဝန်ကြီး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန။** ။ ဟုတ်ကဲ့ပါ။ ကျွန်တော်အနေနဲ့ ဆက်စပ်တရားခံတွေရှိတယ်။ ကျွန်တော်တို့ ကွင်းဆက်အနေနဲ့ ဖမ်းဆီးရမိမှုတွေ ရှိတယ်ဆိုတာကိုလည်း ပြန်လည်ပြီးတော့ ရှင်းလင်းဖြေကြားပေးဖို့ အစီအစဉ်ရှိတဲ့အကြောင်း တင်ပြရခြင်းဖြစ်ပါတယ်။

**ဦးခင်မောင်ထွန်း(ခ)နော်အီး၊ ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ "နှစ်စဉ် ကယားပြည်နယ်နေ့ ကျင်းပသည့်မြေနေရာအား ကယားပြည်နယ်နေ့ ကျင်းပရေးအတွက် အများပြည်သူပိုင်မြေအဖြစ်ထားရှိရေး တိုက်တွန်းကြောင်း" အဆိုအား လွှတ်တော်သို့ တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ ဦးခင်မောင်ထွန်း(ခ)နော်အီး၊ ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)က "နှစ်စဉ် ကယားပြည်နယ်နေ့ ကျင်းပသည့် မြေနေရာအား ကယားပြည်နယ်နေ့ ကျင်းပရေးအတွက် အများပြည်သူပိုင်မြေအဖြစ် ထားရှိရေး တိုက်တွန်းကြောင်း" အဆိုကို ပေးပို့ထားပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ထွန်း(ခ) နော်အီးက ၎င်းအဆိုအား လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ထွန်း(ခ)နော်အီး၊ ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော့်နာမည်က ဦးခင်မောင်ထွန်း(ခ)နော်အီး ဖြစ်ပြီး ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အများပြည်သူပိုင် မြေအဖြစ်ထားရှိရေး တိုက်တွန်းကြောင်းအဆိုကို ကျွန်တော်လွှတ်တော်သို့ တင်သွင်းလိုပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နှစ်စဉ်ကယားပြည်နယ်သူပြည်နယ်သားများ၏ နေ့ထူးနေ့မြတ်ကျင်းပပြုလုပ်သည့် မြေနေရာတွင် ယခုရေလွှာလျှောစီးနှင့် ဟိုတယ်နှင့် စားသောက်ဆိုင်သစ်ဆောက်လုပ်နေသော မြေနေရာပါဝင်ပါတယ်။ အဆိုပါမြေနေရာသည် ပွဲတော်လာ ကား၊ ဆိုင်ကယ်များ ရပ်နားခြင်းအတွက် ကယားပြည်နယ်နေ့ အစဉ်အဆက်တွင် ပွဲတော်ကွင်းနှင့်တဆက်တစပ်တည်း တည်ရှိခဲ့သည့် မြေနေရာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၈ခုနှစ်၊

ဇန်နဝါရီလ (၁၅)ရက်နေ့မှာ ကျင်းပခဲ့တဲ့ ကယားပြည်နယ်နေ့ဟာဆိုရင် (၆၆)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ အစိုးရအဖွဲ့အနေဖြင့် ယခုမြေနေရာကို ပထမစေတီတစ်ဆူတည်ရန် ဆောင်ရွက်ခဲ့မှုတွင် ပြည်သူပြည်သားများက ကန့်ကွက်ခဲ့ခြင်းကြောင့် ရပ်နားခဲ့ရတဲ့ မြေနေရာလည်းဖြစ်ပါတယ်။ တိုးတက်လာတဲ့လူဦးရေနဲ့အမျှ ပွဲတော်လာကား၊ ဆိုင်ကယ်များကြောင့် ကား၊ ဆိုင်ကယ်ရပ်နားရာ မြေနေရာဖြစ်တဲ့ ကယားပြည်နယ်နေ့ပွဲတော်ကျင်းပရာဝန်းနှင့် တဆက်တစပ်တည်းရှိသည့် မြေနေရာကို အစိုးရအဖွဲ့မှ ရေလွှာလျှောစီးလုပ်ငန်းအား အများပြည်သူအပန်းဖြေခြင်း အကြောင်းပြ၍ လျာထားမှုသည် ပြည်နယ်နေ့ကျင်းပရာမြေနေရာ ကျဉ်းမြောင်းခြင်း ဖြစ်ပေါ်လာနိုင်သဖြင့် ပြည်သူပြည်သားများအတွက် အရှည်သဖြင့် ရေရှည်စဉ်းစား၍ လုပ်ဆောင်သင့်ကြောင်း ထောက်ပြလိုပါတယ်။ ဒါ့အပြင် ရေလွှာလျှောစီးနှင့်ကပ်လျက်တွင်လည်း ဟိုတယ်နှင့် စားသောက်ဆိုင်အသစ် ဆောက်လုပ်လျက်ရှိသည့် မြေနေရာမှာလည်း ပွဲတော်လာ ကားနှင့် ဆိုင်ကယ်များအတွက် ရပ်နားကွင်းပြုလုပ်ခဲ့သောမြေနေရာများဖြစ်ပါတယ်။ အဆိုပါ မြေနေရာများကို ကယားပြည်နယ်နေ့ ပွဲတော်ကျင်းပရာ၌ တိုးပွားလာသောလူဦးရေနဲ့အညီ နောင်လာမည့်ပွဲတော်ကျင်းပရေးအတွက် အများပြည်သူပိုင်မြေအား အလွတ်အဖြစ် ထားရှိသင့်ပါတယ်။ ဒါမှသာ အခြားဒေသများကဲ့သို့ ပွဲတော်မြေကို မြို့စွန်များထိ ရွှေ့ပြောင်းထားရှိလာမည့်အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းသည် မြေပုံစံမကျသေးမီ လုပ်ငန်းလုပ်ဆောင်နေခြင်း၊ အများပြည်သူအပန်း ဖြေခြင်းကိစ္စဟုအကြောင်းပြကာ အများပြည်သူအစဉ်အဆက်သုံးမြေနေရာကို လျှောက်ထားခြင်း၊ လွတ်လပ်စွာ အပန်းဖြေခြင်းမျိုးမဟုတ်ပဲ အခကြေးငွေပေး၍ အပန်းဖြေခြင်းမျိုးဖြစ်ခြင်းကြောင့် ပြည်သူများအတွက်စဉ်းစား၍ ယခုလိုလွှတ်တော်သို့ တင်ပြရခြင်းဖြစ်ပါတယ်။ ထို့အပြင် အများပြည်သူပိုင်မြေနေရာကို လူတစ်ဦးတစ်ယောက် သို့မဟုတ် လူတစ်စုအကျိုးစီးပွားကိုသာရှေးရှု၍ လုပ်ဆောင်နေခြင်းဖြစ်၍ ဒီမိုကရေစီစနစ်ရဲ့ အနှစ်သာရဖြစ်တဲ့ ပွင့်လင်းမြင်သာမှုအတွက်လည်း မေးခွန်းထုတ်စရာဖြစ်ပါတယ်။ ယခင်အစိုးရအဆက်ဆက်ရဲ့ မြေယာပေါ်ကနေ ကိုယ်ကျိုးရှာ လုပ်ဆောင်ခဲ့မှုတွေကြောင့် လက်ရှိအစိုးရတင်မက နောင်လာမည့်အစိုးရအဆက်ဆက်ပါ ပြဿနာဖြေရှင်းဆောင်ရွက်နေရမယ်ဆိုတာကို ယခုလက်ရှိအစိုးရလက်ထက်မှာတင် တိုင်ကြားစာတွေကို ကြည့်သိနိုင်ပါတယ်။ ဒါကြောင့် မြေယာနဲ့ပတ်သက်ပြီး ရေရှည်ကိုကြည့်ပြီး ဆောင်ရွက်စေလိုပါတယ်။ ကျွန်တော်တို့အစိုးရဟာ ပြည်သူကရွေးကောက်ထားတဲ့အစိုးရဖြစ်တာကြောင့် ပြည်သူကိုမျက်နှာမူကာ လုပ်ဆောင်

ကြဖို့ တိုက်တွန်းလိုပါတယ်။ ကယားပြည်နယ်နေ့ဟာဆိုရင်လည်း ကယားလူမျိုးစု (၉)မျိုးစလုံးရဲ့ အထွဋ်အမြတ်ထားရာ နေ့ထူးနေ့မြတ်ဖြစ်တာကြောင့် ယခုလိုပြည်နယ်ရဲ့ အထင်ကရနေရာတွေမှာ လုပ်ပိုင်ခွင့်ချထားပေးတာတွေဟာ ဌာနေတိုင်းရင်းသားတွေရဲ့ သဘောဆန္ဒကိုလည်း ရယူသင့်ပါတယ်။ ဒါကြောင့် ကယားပြည်နယ်သူပြည်နယ်သား များ၏ အစဉ်အဆက်ပွဲတော်ကျင်းပရာ မြေနေရာအား ပွင့်လင်းမြင်သာမှုမရှိဘဲ စီးပွားရေးအကျိုးအမြတ်အရ မြေနေရာချထားပေးမှုအားရပ်တန့်၍ ပြည်နယ်သူ ပြည်နယ်သားများ၏ အစဉ်အဆက်ပိုင်ဆိုင်ခဲ့သည့် မြေနေရာများအား ကယားပြည်နယ် နေ့ကျင်းပသည့် အများပြည်သူပိုင်မြေနေရာများအဖြစ်သာထားရှိရေး တိုက်တွန်းကြောင်း အဆိုကို ပြည်သူများကိုယ်စား ကျွန်တော် ဦးခင်မောင်ထွန်းမှ အတိအလင်း တင်သွင်း အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဦးခင်မောင်ထွန်း(ခ)နော်အီး တင်သွင်းသွားတဲ့ အဆိုကို ထောက်ခံ မယ့် ဒီမောဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းအောင် အား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းအောင်၊ ဒီမောဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဒီမောဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စား လှယ် ဦးသိန်းအောင်(ခ)စဲရယ် ဖြစ်ပါတယ်။ အခု ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်မောင်ထွန်း တင်သွင်းထားတဲ့ အဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။ နှစ်စဉ် ဇန်နဝါရီလ (၁၅)ရက်နေ့ကို ကယားပြည်နယ်နေ့အထိမ်းအမှတ် အဖြစ် စည်ကားသိုက်မြိုက်စွာ အစဉ်အလာမပျက်ကျင်းပခဲ့သည်မှာ ယခုအခါ (၆၆)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ ဌာနေတိုင်းရင်းသားပြည်သူတို့၏ အလေးအမြတ်ထားရာ ကယားပြည်နယ်နေ့ပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ကယားဒေးကွင်းတွင် ကျင်းပလျက်ရှိပါ တယ်။ ယခုအခါ အဆိုပါပွဲတော်မြေနေရာတွင် ရေလွှာလျှောစီးအပန်းဖြေစခန်း ဖွင့်လှစ် ထားပြီး စီးပွားဖြစ်လုပ်ဆောင်နေကြောင်းနှင့် ကုမ္ပဏီတစ်ခုအား လုပ်ငန်းလုပ်ကိုင်ခွင့် ပေးထားကြောင်း သိရှိရပါတယ်။ အစိုးရအဆက်ဆက် ပွဲတော်မြေနေရာအဖြစ် အသုံးပြု လာပြီး ယခုအစိုးရလက်ထက်မှသာ ၎င်းမြေနေရာအား စီးပွားရေးအလို့ငှာ အသုံးပြုခွင့် ပေးထားခြင်းဖြင့် ဒေသခံများအတွက် အလွန်ပင်ဆုံးရှုံးနစ်နာမှုကြီး ဖြစ်ခဲ့ရပါတယ်။ မည်သည့်အစိုးရပဲတက်တက် မည်သို့သောဆောင်ရွက်မှုတွေပဲလုပ်လုပ် အမှန်တကယ် နစ်နာသူမှာ ပြည်သူတွေသာဖြစ်ပါတယ်။ ပြည်သူများအနေဖြင့် တစ်နှစ်တစ်ကြိမ် ကျင်းပ

သည့်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပနေခြင်းကိုဂုဏ်ယူနေကြပြီး မိမိတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကိုလည်း ပြသခွင့်ရတဲ့နေရာဖြစ်တဲ့အတွက် တန်ဖိုးထားတဲ့နေရာတစ်ခုလည်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ယခင်အစိုးရအဆက်ဆက် ကယားပြည်နယ်နေ့ကျင်းပလာခဲ့သည့် အဆိုပါ အများပြည်သူပိုင်မြေနေရာ (Public Area)တွင် စီးပွားရေးလာရောက်လုပ်ကိုင်နေခြင်းသည် ပြည်နယ်အတွက် ရန်ပုံငွေရသည်ဆိုသော်လည်း အများပြည်သူအကျိုးနှင့်နှိုင်းယှဉ်လျှင် စဉ်းစားသင့်ပါကြောင်း၊ တစ်စုံတစ်ဦးမှ မိမိအကျိုးစီးပွားအတွက် အမြတ်ထုတ်လာရောက်လုပ်ကိုင်နေခြင်း ကိုကန့်ကွက်ရှုတ်ချပါကြောင်းနှင့် ဌာနေတိုင်းရင်းသားပြည်သူတို့၏ အလေးအမြတ်ထားရာ ကယားပြည်နယ်နေ့ပွဲတော်ကျင်းပရန် မြေနေရာအား သီးသန့်မြေနေရာအဖြစ် အများပြည်သူပိုင် (Public Area) ကဲ့သို့ထားရှိရေး တိုက်တွန်းကြောင်းအဆိုအား အလေးအနက်ထောက်ခံပါကြောင်းတင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ထွန်း(ခ)နော်အီး တင်သွင်းတဲ့ "နှစ်စဉ်ကယားပြည်နယ်နေ့ ကျင်းပသည့်မြေနေရာအား ကယားပြည်နယ်နေ့ ကျင်းပရေးအတွက် အများပြည်သူပိုင်မြေအဖြစ်ထားရှိရေး တိုက်တွန်းကြောင်း" အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းအောင် က ထောက်ခံဆွေးနွေးထားပါတယ်။ ဒီအဆိုကို လက်ခံဆွေးနွေးဖို့ သင့်/ မသင့် ပြည်နယ်လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူသွားမှာ ဖြစ်ပါတယ်။ ဦးခင်မောင်ထွန်း(ခ)နော်အီး တင်သွင်းသွားတဲ့အဆိုကို ပြည်နယ်လွှတ်တော်မှာ လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

**{သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်က သဘောတူပါသည်}**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

**{ သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်က သဘောမတူတဲ့သူမရှိပါ။}**

**ဥက္ကဋ္ဌ။** ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးခင်မောင်ထွန်း(ခ)နော်အီး တင်သွင်းတဲ့အဆိုနဲ့ စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် သဘောမတူတဲ့သူမရှိတဲ့အတွက် ၂၀၁၄ ခုနှစ်၊ ကယားပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၁(ထ)(၁) အရ ဆန္ဒမဲလက်မှတ်အသုံးပြု၍ လျှို့ဝှက်ဆန္ဒမဲပေးသည့်နည်းလမ်းဖြင့် ဆောင်ရွက်မည်မဟုတ်ကြောင်း ပြောကြားလိုပါတယ်။

**ဦးခင်မောင်ထွန်း(ခ)နော်အီး၊ ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ "နှစ်စဉ် ကယားပြည်နယ်နေ့ ကျင်းပသည့်မြေနေရာအား ကယားပြည်နယ်နေ့ ကျင်းပရေးအတွက် အများပြည်သူပိုင်မြေအဖြစ်ထားရှိရေး တိုက်တွန်း ကြောင်း"အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များက လက်ခံဆွေးနွေးဖို့ သဘောတူတဲ့အတွက် ဦးခင်မောင်ထွန်း(ခ)နော်အီး တင်သွင်းတဲ့အဆိုကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၅)ရက်နေ့မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီနေ့ညနေ (၄)နာရီထက် နောက်မကျစေဘဲ ပြည်နယ်လွှတ်တော်ရုံးအကြီးအမှူးထံ အမည်စာရင်းတင်သွင်းဖို့ ဖြစ်ပါတယ်။

**ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း) အား ပြည်နယ်လွှတ်တော်တွင် အတည်ပြုချက်ရယူနိုင်ရေး ပြည်နယ် လွှတ်တော်သို့ တင်သွင်းခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)အား ပြည်နယ်လွှတ်တော်တွင် အတည်ပြုချက်ရယူနိုင်ရေးအတွက် ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးမှ ပြည်နယ်လွှတ်တော်သို့ တင်သွင်းရန် ဖြစ်ပါတယ်။

**ဦးမော်မော်၊ ဝန်ကြီး၊ ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ယခုကျင်းပလျက်ရှိသော ပြည်နယ်လွှတ်တော်တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ကယားပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)ကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလအထိ ဒေသန္တရစီမံကိန်းတွင် စုစုပေါင်းပြည်တွင်း

ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ်(၃၆၀.၁၂၈)ဘီလီယံ ရရှိလာရန်၊ ပုံမှန်ဈေးနှုန်းအရ (၈.၃)ရာခိုင်းနှုန်း တိုးတက်ဖြစ်ပေါ်ရန်နှင့် ကဏ္ဍအလိုက်- (၁) လယ်ယာကဏ္ဍတွင် (၁၃.၅)ရာခိုင်နှုန်းတိုးတက်ရန်၊ (၂) သား၊ ငါးကဏ္ဍတွင် (၄.၂)ရာခိုင်နှုန်းတိုးတက်ရန်၊ (၃) သစ်တောကဏ္ဍတွင် (၁၆.၆)ရာခိုင်နှုန်းတိုးတက်ရန်၊ (၄) သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် (၃.၇)ရာခိုင်နှုန်းတိုးတက်ရန်၊ (၅) စက်မှု လက်မှုကဏ္ဍတွင် (၈.၈)ရာခိုင်နှုန်းတိုးတက်ရန်၊ (၆) လျှပ်စစ်ဓါတ်အားကဏ္ဍတွင် (၄.၈)ရာခိုင်နှုန်းတိုးတက်ရန်၊ (၇) ဆောက်လုပ်မှုကဏ္ဍတွင် (၇.၃)ရာခိုင်နှုန်း တိုးတက်ရန်၊ (၈) ပို့ဆောင်ရေးကဏ္ဍတွင် (၈.၂)ရာခိုင်နှုန်းတိုးတက်ရန်၊ (၉) ဆက်သွယ်ရေးကဏ္ဍတွင် (၄.၅)ရာခိုင်နှုန်းတိုးတက်ရန်၊ (၁၀) ငွေရေးကြေးရေးကဏ္ဍတွင် (၁၁.၇)ရာခိုင်နှုန်း တိုးတက်ရန်၊ (၁၁) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် (၇.၇)ရာခိုင်နှုန်းတိုးတက်ရန်၊ (၁၂) အခြားဝန်ဆောင်မှုကဏ္ဍတွင် (၉.၂)ရာခိုင်နှုန်းတိုးတက်ရန်၊ (၁၃) ကုန်သွယ်မှု ကဏ္ဍတွင် (၇.၉)ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားပါကြောင်းတင်ပြအပ်ပါတယ်။ ကယားပြည်နယ်၏ စီးပွားရေးတွင် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးနှစ်အလိုက် ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို (၃၃.၄) ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို (၂၅.၀)ရာခိုင်နှုန်း၊ ဝန်ဆောင်မှု ကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို (၄၁.၆)ရာခိုင်နှုန်းအသီးသီး ပြောင်းလဲဖြစ်ပေါ်လာ စေရန် ရည်မှန်းထားပါတယ်။ လယ်ယာကဏ္ဍနှင့် စပ်လျဉ်း၍ ကယားပြည်နယ်၏ စီးပွားရေးသည် စိုက်ပျိုးမွေးမြူရေးနှင့် ဆက်စပ်နေခြင်းကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုး ရေးကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါတယ်။ စိုက်ပျိုးနိုင်သော မြေယာရှိခြင်း၊ စိုက်ပျိုးဖြစ်ထွန်းသော ရာသီဥတုကောင်းရတဲ့အတွက် စံပြကွက်၊ စမ်းသပ်ကွက် ဆောင်ရွက်ရန် စုစုပေါင်းသီးနှံ (၂၈၉၉၇၈)ဧကစိုက်ပျိုးရန် ရည်မှန်းထားပါတယ်။ လုပ်သားနှင့် ခွန်အားပြည့်စုံသည့် လူသားအရင်းအမြစ် အားသာချက်များကို အသုံးချ ဆောင်ရွက်လျက်ရှိရာ သီးနှံအလိုက်စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agricultural Practices-GAP) နည်းပညာပေးသင်တန်းများ ဆွေးနွေးပွဲများ ဆောင်ရွက်ရန်ရည်မှန်းထားပါတယ်။ ဒေသထွက်သီးနှံများအတွက် နယ်စပ်လမ်းကြောင်း မှ တင်ပို့နိုင်ရန်ဆောင်ရွက်ခြင်း၊ စပါး၊ အစေ့ထုတ်ပြောင်း၊ ပဲတီစိမ်း၊ စပ်မျိုးနေကြာ၊ မြေပဲ၊ နှမ်း၊ ပဲစိမ်းငုံ၊ ပဲပုပ် စသည့် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ ထုတ်လုပ် နိုင်စွမ်းမြင့်မားလာစေရေးအတွက် လယ်ယာသုံးစက် ကိရိယာအရစ်ကျဖြင့် ရောင်းချရန် ရည်မှန်းထားပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေအနေဖြင့် စုစုပေါင်းကျပ် (၃၇၇၀)သန်း

ထုတ်ချေးပေးရန် လျာထားရည်မှန်းထားပါတယ်။ ဗဟန်းလော့ရေလွှဲဆည် တည်ဆောက်ခြင်း၊ ဆည်မြောင်းတာတမံများ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ၊ ကုန်ထုတ်လမ်းများ ပြုပြင်တိုးချဲ့ခြင်းလုပ်ငန်းများ၊ ဟိုတာလက်ယာနှင့် လက်ဝဲမြောင်းများ၊ ကွန်ကရစ်လိုင်နင်စီခြင်းနှင့် ဘုရားဖြူမြစ်ရေတင်လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါတယ်။ သား၊ ငါးကဏ္ဍနှင့် စပ်လျဉ်း၍ နွား၊ ဝက် မျိုးကောင်း မျိုးသန့်ဖြန့်ဖြူးပေးခြင်း၊ တိရစ္ဆာန်ကျန်းမာရေး အထောက်အကူပြု ကုသဆေးများ ဖြန့်ဝေခြင်းကို (၃)လလျှင်(၁)ကြိမ် ဖြန့်ဝေသွားမည်ဖြစ်ပါတယ်။ ငါးမွေးမြူရေး နည်းပညာပြန့်ပွားရေး၊ ငါးမွေးကန်နှင့် ငါးသားပေါက်ကန်ပြုပြင်ခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ စုစုပေါင်းအသားထုတ်လုပ်မှု (၂၂၀၂၆)ပိဿာ(ထောင်ပေါင်း) ထုတ်လုပ်ရန် ရည်မှန်းထားပါတယ်။ သစ်တောကဏ္ဍနှင့် စပ်လျဉ်း၍ ပြန်လည်တည်ထောင်ရေးစီမံကိန်းအရ ဓမ္မတာမျိုးဆက်ခြင်း၊ သဘာဝတောတန်ဖိုးမြင့်စိုက်ပျိုးခြင်း၊ စီးပွားရေးစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်း၊ ပုဂ္ဂလိကကျွန်းနှင့် သစ်မာစိုက်ခင်း၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း၊ ထို့အပြင် ပျိုးပင်များဖြန့်ဝေနိုင်ရန်အတွက် ပျိုးဥယျာဉ်(၄)ခုကို ထပ်မံတည်ထောင်ပြီး ပျိုးပင်စုစုပေါင်း (၃.၅)သိန်း ထပ်မံတိုးချဲ့ပြုစုနိုင်ရန် လျာထားပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေးခြင်းကို အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များတွင် ဟောပြောပို့ချခြင်း၊ လေထုတိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ရည်မှန်းထားပါတယ်။ သတ္တုကဏ္ဍနှင့် စပ်လျဉ်း၍ ခဲမဖြူ၊ အဖြိုက်နက်၊ ရှီလိုက်ရောရာ (၃၆၆.၃၃၂)မက်ထရစ်တန်၊ ခနောက်စိမ်းနှင့် ရောရာသတ္တုရိုင်း (၃၉၆)မက်ထရစ်တန်၊ ထုံးကျောက် (၇၀၀၀)တန် ထုတ်လုပ်ရန် ရည်မှန်းထားပါတယ်။ စက်မှုလက်မှုကဏ္ဍနှင့် စပ်လျဉ်း၍ စက်မှုကြီးကြပ်မှတ်ပုံတင်စာရင်းအရ လုပ်ငန်းသစ်(၇၄)ခု တိုးချဲ့ဆောင်ရွက်သွားရန်နှင့် မှတ်ပုံတင်ပြင်ပအပါအဝင် စုစုပေါင်းလုပ်ငန်းဦးရေ(၁၀၀၀)ကျော် ရောက်ရှိလာမည်ဟု မျှော်မှန်းထားပါတယ်။ အသေးစား၊ အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လုပ်ငန်းရှင်များအား SME ဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်တို့မှ ချေးငွေထုတ်ချေးပေးရေးနှင့် လှိုင်ကော်စက်မှုဇုံအတွင်း ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရေးကိုလည်း ရည်မှန်းထားပါတယ်။ လျှပ်စစ်ဓါတ်အားကဏ္ဍနှင့် စပ်လျဉ်း၍ ကယားပြည်နယ်အတွင်း ဓါတ်အားလိုင်းဖြင့် မြို့အားလုံးနှင့် ကျေးရွာပေါင်း (၃၆၇)ရွာ မီးလင်းပြီး ပြည်နယ်တစ်ခုလုံး၏ (၇၂)ရာခိုင်နှုန်း လွှမ်းခြုံမှုရှိပြီးဖြစ်သော်လည်း အကျိုးဆက်ရလဒ်များရေရှည်တွင် ဆက်တိုက်ခံစားနိုင်ရန် လိုင်းအား

တိုးမြှင့်ရေးအတွက် ဆက်လက်ဆောင်ရွက် သွားရန် ရည်မှန်းထားပါတယ်။ 33 KV လိုင်း၊ 11 KV လိုင်းနှင့် အထူးသဖြင့် 400 KV လိုင်းတိုးချဲ့ခြင်း၊ ထရန်စဖော်မာများ ဓါတ်တိုင်များလဲလှယ်ခြင်း စသည့်တိုးချဲ့တည်ဆောက်ခြင်းနှင့် အစားထိုးတည်ဆောက်ခြင်းလုပ်ငန်း လျာထားချက်ပြည့်မီစွာ ထုတ်လုပ်နိုင်ရန် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရည်မှန်းထားပါတယ်။ ဆောက်လုပ်မှုကဏ္ဍနှင့် စပ်လျဉ်း၍ ပြည်နယ်တွင်း လမ်းဦးစီးဌာနမှ ထိန်းသိမ်းထားသော ပြည်ထောင်စုလမ်းမကြီး (၅)လမ်း၊ ပြည်နယ်လမ်းမကြီး (၁၄)လမ်းနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ထိန်းသိမ်းထားသော လမ်းမကြီးများကို လမ်းနှင့် တံတားလုပ်ငန်း ပြုပြင်ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ရည်မှန်းထားပါတယ်။ နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ပြည်နယ်ရန်ပုံငွေ ကျပ်(၃.၈)ဘီလီယံဖြင့် ဖားဆောင်းမြို့နယ်တွင် ကြိုးတံတား(၁)စင်းအပါအဝင် မြေသားလမ်း၊ ကျောက်လမ်း၊ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ တံတား၊ Box Culvert၊ Pipe Culvert၊ တန်ဖိုးနည်းဝန်ထမ်းအိမ်ရာများကို ဆောက်လုပ်ရန် ရည်မှန်းထားပါတယ်။ ထို့အပြင် ငြိမ်းချမ်းရေးအတွက် တည်ဆောက်မှုလုပ်ငန်းအနေဖြင့် တန်ဖိုးနည်းအိမ်ရာ (၃၂)လုံး တည်ဆောက်ရန် ရည်မှန်းထားပါတယ်။ မြို့ပြအိမ်ရာဖွံ့ဖြိုးရေးအတွက် (၄)ခန်းတွဲ (၃)ထပ်၊ နိုင်ငံ့ဝန်ထမ်းအိမ်ရာ (၉)လုံးကို မြို့နယ်များတွင် တည်ဆောက်ရန် ရည်မှန်းထားပါတယ်။ စည်ပင်သာယာရေးအဖွဲ့မှ လမ်း(၈၄)လမ်း၊ တံတား/ရေပြွန် (၉၉)စင်း၊ မြို့ပြရေပေးဝေရေးဆက်စပ်လုပ်ငန်း၊ ဈေးရုံတိုးချဲ့လုပ်ငန်းအပါအဝင် အခြားလုပ်ငန်းကိုဆောင်ရွက်ရန် ရည်မှန်းထားပါတယ်။ ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ မြန်မာ့မီးရထားမှ ရထားများ ဘေးအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေး၊ ရထားလမ်းလုပရေး၊ ရထားများအဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် လမ်းပိုင်းအတွင်း ကိုက်ရေချိန်ပြုပြင်ခြင်း၊ လမ်းခင်းခြင်းနှင့် ကွန်ကရစ်ဇလီဖားလဲလှယ်ခြင်း၊ ကျောက်ထည့်ခြင်း၊ တောခုတ်ခြင်း၊ အဖြောင့်ဆွဲခြင်း၊ တောင်ပြိုမြေဖယ်ရှားခြင်း၊ တာဘောင်မြင့်ခြင်းတို့ကို ဆောင်ရွက်ရန် ရည်မှန်းထားပါတယ်။ လမ်းတံတားအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အညီ မော်တော်ယာဉ်လိုင်းနှင့် ယာဉ်စီးရေများ သွားလာသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကိုလည်း တိုးချဲ့ရန်မျှော်မှန်းထားပါတယ်။ ဆက်သွယ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ အိတ်ချိန်းတိုးချဲ့ခြင်း၊ ကွန်ကရစ်တိုင်တိုးချဲ့ခြင်း၊ ကေဘယ်အစား ထိုးလဲ့လှယ်ခြင်း၊ မြေအောက်ကြိုးများကို ကောင်းကင်ကေဘယ်ကြိုးဖြင့် အစားထိုးခြင်း၊ အိတ်ချိန်းအရန် ဓာတ်အားပေးစက်လဲ့လှယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ တာဝါတိုင်များတည်ဆောက်ခြင်း၊

အော်တိုတယ်လီဖုန်းလိုင်းနှင့် ADSL လိုင်းတိုးချဲ့ခြင်းများကို ဆက်လက်ဆောင်ရွက်သွားရန် မျှော်မှန်းထားပါတယ်။ ငွေရေးကြေးရေးကဏ္ဍနှင့်စပ်လျဉ်း၍ မြန်မာ့စီးပွားရေးဘဏ်သည် ဘဏ်လုပ်ငန်းများကို ခေတ်မီပြုပြင်ပြောင်းလဲခြင်းနှင့် ဘဏ်လုပ်ငန်းစွမ်းရည်မြင့်မားရေးအတွက် သင်တန်းများကို ဖွင့်လှစ်သွားခြင်း၊ ဖရူဆိုဘဏ် ငွေတိုက်ခွဲအား ဖွင့်လှစ်ရန်လျာထားပါတယ်။ ပုဂ္ဂလိဘဏ်များမှ ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် ရည်မှန်းထားပါတယ်။ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍနှင့်စပ်လျဉ်း၍ အဆင့်မြင့်ပညာကဏ္ဍတွင် စာသင်ဆောင်၊ အိပ်ဆောင်၊ ဝန်ထမ်းအိမ်ရာ၊ အလုပ်ရုံဆောက်လုပ်ခြင်းနှင့် ဆက်စပ်လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ မီတာ(၄၀၀) ပြေးလမ်းခင်းခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ အခြေခံပညာကျောင်းများတွင် ကျောင်းဆောင်သစ်တိုးချဲ့ဆောက်လုပ်ခြင်း၊ အန္တရာယ်ရှိကျောင်းဆောင်များနှင့် ဥပဓိရုပ်မကောင်းသောကျောင်းများ ပြုပြင်မွမ်းမံတည်ဆောက်ခြင်း (၃၉)ကျောင်းနှင့် ဝန်ထမ်းအိမ်ရာ (၅)လုံးဆောင်ရွက်ရန် ရည်မှန်းထားပါတယ်။ ကျန်းမာရေးကဏ္ဍနှင့်စပ်လျဉ်း၍ ဝန်ထမ်းများထပ်မံခန့်အပ်နိုင်ရန် ဆေးရုံများအတွက် ဝန်ထမ်းအိမ်ရာနှင့် ဆေးဝါးကိရိယာဝယ်ယူဖြည့်ဆည်းခြင်းများ ဆောင်ရွက်ရန် ရည်မှန်းထားပါတယ်။ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ သူနာပြုသားဖွားသင်တန်းကျောင်းတွင် Lecture Theatra နှင့် အခြားဆက်စပ်လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါတယ်။ ကုသရေးဦးစီးဌာနမှ နှစ်စဉ်ရောဂါဖြစ်ပွားမှုအပေါ်မူတည်၍ ရောဂါအလိုက်ဖြစ်ပွားမှုကျဆင်းရေးလုပ်ငန်းစီမံချက်များ ဆောင်ရွက်ခြင်း၊ ဆေးရုံများ၏ ကုသရေးလုပ်ငန်းများအတွက်လိုအပ်သော ဆေးဝါးပစ္စည်းကိရိယာများ လုံလောက်စွာပံ့ပိုးပေးခြင်းနှင့် အထက်အဆင့်သို့ ညွှန်ပို့ရန်လိုအပ်သော လူနာများကို အချိန်မီညွှန်ပို့ဆောင်ရွက်ခြင်း၊ တိုက်နယ်ဆေးရုံများကို ဆေးရုံလုပ်ငန်း၊ သူနာပြု ပြုစုမှုလုပ်ငန်းများ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ အခြားဝန်ဆောင်မှုကဏ္ဍများအနက် ပြည်နယ်၏မြို့တော် လွိုင်ကော်နှင့် ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင် ညီအစ်မမြို့တော် ရည်မှန်းထားရှိခြင်းအပေါ် ခရီးသွားလုပ်ငန်းများ ဆက်လက်တိုးတက်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီးခရီးသွားလုပ်ငန်းနှင့်ဆက်စပ်လျက် နယ်စပ်ကုန်သွယ်မှုပါ ဖွံ့ဖြိုးလာရန် ထိုင်းနိုင်ငံနယ်စပ်နှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်း ချောမွေ့စွာလည်ပတ်နိုင်ရေးတို့ကို ဆောင်ရွက်သွားရန် ရည်မှန်းထား

ပါတယ်။ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသထွက်ပစ္စည်းများကို ဒေသအတွင်း အဓိကရောင်းဝယ်လျက်ရှိပြီး ဆက်စပ်တိုင်းဒေသကြီး/ပြည်နယ်များနှင့်လည်း ကုန်သွယ်မှုပြုလျက်ရှိရာ ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသဖြင့် နယ်စပ်ကုန်သွယ်ရေးဖွံ့ဖြိုးလာနိုင်ရေးအတွက် နယ်မြေအခြေအနေနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် ထိုင်းနိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းခြင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်း ချောမွေ့စွာလည်ပတ်နိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ကုန်စည်ဒိုင်ဖွင့်လှစ်ရေးနှင့် ဈေးကွက်လမ်းကြောင်းများ အဆင်ပြေချောမွေ့ရေးအတွက် ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ကယားပြည်နယ်၏ အောက်တိုဘာလမှ စက်တင်ဘာလအထိ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)ပါအချက်အလက်များကို ဆွေးနွေးညှိနှိုင်းအတည်ပြုပေးနိုင်ပါရန် တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

## ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ စိစစ်ချက်အစီရင်ခံစာအား ဖတ်ကြားတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ စိစစ်ချက်အစီရင်ခံစာအား ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**ဦးရန်နိုင်ဆွေ၊ ဥက္ကဋ္ဌ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ။ အားလုံးပဲ မင်္ဂလာပါ၊ ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ စိစစ်ချက်အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ဖားဆောင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရန်နိုင်ဆွေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား... ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်နယ်အစိုးရအဖွဲ့မှပေးပို့လာသော ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)အား ကယားပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် ဥပဒေလေ့လာစိစစ်အကြံပြုရေးကော်မတီတို့မှ (၂၈-၉-၂၀၁၈)ရက်နေ့မှာ စိစစ်မှုများ

ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ကော်မတီနှစ်ရပ်အနေနဲ့ ဥပဒေကြမ်းများ စိစစ်ဆောင်ရွက်ရာတွင် အခြေခံရမည့်မူ (၁၃)ချက်နှင့်အညီ အဓိကထားပြီး စိစစ်မှုများဆောင်ရွက်ခဲ့ရှိပါတယ်။ ကယားပြည်နယ်၊ ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာတဲ့ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)တွင် အခန်း (၄)ခန်း၊ ပုဒ်မ (၁၅)ခု၊ ပူးတွဲ (၄)ရွက်နှင့်အတူ ပါရှိတာကို တွေ့ရှိရပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် ဥပဒေလေ့လာစိစစ်အကြံပြုရေးကော်မတီတို့မှ အခန်းလိုက် လေ့လာစိစစ်သုံးသပ်ရာတွင် ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရ စီမံကိန်းဥပဒေ(မူကြမ်း)ပါ အချက်များအနေဖြင့် (က) နိုင်ငံတော်ကချမှတ်ထားသော မူဝါဒများ၊ ဦးတည်ချက်များနှင့် ညီညွတ်မှုရှိခြင်း၊ (ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိခြင်း၊ (ဂ) နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားပြီး ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်း၊ (ဃ) သက်ဆိုင်ရာဥပဒေနှင့်ဆက်စပ်သော မူပိုင်းဆိုင်ရာအချက်အလက်များ ပြည့်စုံစွာပါရှိခြင်း၊ (င) ဥပဒေပါပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်မည့် အခြေအနေရှိခြင်း၊ (စ) ဥပဒေ၏ရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ရန်၊ ပြဋ္ဌာန်းချက်များ ပြည့်စုံစွာပါရှိခြင်းတို့အားစိစစ်တွေ့ရှိရပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား. . . ကျွန်တော်တို့ကော်မတီနှစ်ရပ်အနေနဲ့ ကယားပြည်နယ်အစိုးရအဖွဲ့မှပေးပို့လာတဲ့ ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း ကဏ္ဍအလိုက်ရည်မှန်းချက်များကို လေ့လာစိစစ်တဲ့နေရာမှာ စာမျက်နှာ ၁၀၊ အပိုဒ် ၁၅ သောက်သုံးရေရရှိရေး ခေါင်းစဉ်အောက်မှာ ပါရှိတဲ့ **"ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈ခုနှစ် (၆)လ စီမံကိန်းတွင် နန့်တဘက်ချောင်းရေပေးဝေရေး စီမံကိန်းဒီဇိုင်းရေးဆွဲခြင်း လုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော်ပြီးဖြစ်ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေး နှစ်တွင် ယင်းအဆိုပြု စီမံကိန်းအပေါ် လွှတ်တော်နှင့် ပြည်နယ်အစိုးရတို့ သဘောတူခွင့်ပြုချက်ရရှိပါက တည်ဆောက်ရေးလုပ်ငန်းများအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။ ယင်းစီမံကိန်းပြီးစီးပါက လွိုင်ကော်မြို့နယ်၊ လွိုင်လင်လေးမြို့နှင့်အနီး ကျေးရွာ(၅)ရွာ၊ ပိုက်လိုင်းတစ်လျှောက်ရှိ ကျေးရွာ(၁၅)ရွာအတွက် သန့်ရှင်းသော သောက်သုံးရေပေးဝေနိုင်မည်ဖြစ်ပါသည်"**ဟူသော စာသားအား ထည့်သွင်းခြင်းမပြုရန် အကြံပြုလိုပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား. . .အကြံပြုရခြင်းလည်း အကြောင်းအရင်းမှာ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ

ပုဒ်မ ၂၅၁ အရ "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပြည်ထောင်စု အစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများ နှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်းသည့် စီမံကိန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည်"ဟု ပါရှိသည့်အတွက် နန့်တဘက်ချောင်း ရေပေးဝေရေးစီမံကိန်း ဒီဇိုင်းရေးဆွဲခြင်းလုပ်ငန်းစီမံကိန်းကို လွှတ်တော်နှင့်ညှိနှိုင်း၍ လွှတ်တော်၏သဘော တူညီချက်ဖြင့်သာ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ လေးစားအပ် ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား. . .ကယားပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာတဲ့ ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)အား ကော်မတီ(၂)ရပ်၏ တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များနှင့်အတူ အတည်ပြု ပေးနိုင်ပါရန် ကယားပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ စိစစ်ချက် အစီရင်ခံစာကို တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ အကြံပြုဆွေးနွေးရန် အမည်စာရင်းတင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီး ဦးမော်မော် တင်သွင်းခဲ့သော ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်းပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များက အကြံပြုဆွေးနွေးလိုပါက ဒီနေ့ညနေ(၄)နာရီထက် နောက်မကျစေဘဲ ပြည်နယ် လွှတ်တော်ရုံးအကြီးအမှူးထံ အမည်စာရင်းတင်သွင်းနိုင်ပါတယ်။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၅)ရက်နေ့မှာ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်တွင် အတည်ပြုချက်ရယူနိုင်ရေး ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်တွင်

အတည်ပြုချက်ရယူနိုင်ရေးအတွက် ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးမှ ပြည်နယ်လွှတ်တော်သို့ တင်သွင်းရန် ဖြစ်ပါတယ်။

**ဦးမော်မော်၊ ဝန်ကြီး၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ။ ။** လေးစားအပ်ပါသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ၊ ဦးမော်မော် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်အနေနဲ့ ယခုကျင်းပလျှက်ရှိသောပြည်နယ်လွှတ်တော်တွင် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း)ကို တင်ပြသွားမှာဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေတွင် ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်ရေးဆွဲစဉ်တွင် ပါဝင်သောဌာန၊ အဖွဲ့အစည်း (၂၂)ဖွဲ့အပြင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ထပ်မံပါဝင်လာ၍ ဗဟိုအဖွဲ့အစည်း(၅)ဖွဲ့၊ ဦးစီးဌာန(၁၇)ဖွဲ့နှင့် စည်ပင်သာယာရေးအဖွဲ့(၁)ဖွဲ့၊ စုစုပေါင်းဌာန၊ အဖွဲ့အစည်း(၂၃)ဖွဲ့ဖြင့် ရေးဆွဲခဲ့ရတာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား... ပြည်နယ်လွှတ်တော်၏ (၁၅-၆-၂၀၁၈)ရက်နေ့တွင် ကျင်းပပြုသော ဒုတိယအကြိမ်ကယားပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး(တတိယနေ့)မှ အတည်ပြုခဲ့သည့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းလျာထားချက်မှာ အခွန်ဝေစုရငွေကျပ် (၂၈၃၁.၉၇၇)သန်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်(၇၀၀.၀၀၀)သန်း၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သောဌာန၊ အဖွဲ့အစည်းများ၏ သာမန်ရငွေကျပ် (၁၈၀၀.၃၉၅)သန်း၊ စုစုပေါင်း သာမန်ရငွေကျပ် (၅၃၃၂.၃၇၂)သန်း၊ ငွေလုံးငွေရင်းရငွေကျပ် (၀.၆၀၀)သန်း၊ စုစုပေါင်းရငွေကျပ် (၅၃၃၂.၉၇၂)သန်း ဖြစ်ပြီး သာမန်အသုံးစရိတ်ကျပ် (၁၃၂၀၂.၀၉၇)သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ်ကျပ် (၄၇၀၆၄.၄၅၇)သန်း၊ စုစုပေါင်းအသုံးစရိတ်ကျပ် (၆၀၂၆၆.၅၅၄)သန်းဖြစ်သဖြင့် လိုငွေကျပ်(၅၄၉၃၃.၅၈၂)သန်းဖြစ်ပါတယ်။ သို့ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ (၂၀-၇-၂၀၁၈)ရက်စွဲပါစာအမှတ်၊ ၁၂၂၉/ ၂၄၃- ထောက်ပံ့ငွေ ၃- ၆/ အဖရ (၂၀၁၈)အရ မော်တော်ယာဉ်ဝယ်ယူခြင်းအချို့မှ စိစစ်လျှော့ချခဲ့သည့် ငွေလုံးငွေရင်းအသုံးစရိတ် ငွေကျပ်(၄၅၄.၇၅၅)သန်းအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြန်လည်သုံးစွဲသွားရန် ခွင့်ပြုပြီးနောက်

(၁၃-၇-၂၀၁၈)ရက်နေ့တွင် ကျင်းပပြုလုပ်သော ဘဏ္ဍာရေးကော်မရှင်၏ (၂/၂၀၁၈) ကြိမ်မြောက်အစည်းအဝေးသို့ တင်ပြခဲ့သည့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းမှာ သာမန်ရငွေကျပ် (၅၃၃၂.၃၇၂)သန်း၊ ငွေလုံးငွေရင်းရငွေကျပ်(၀.၆၀၀)သန်း၊ စုစုပေါင်းရငွေကျပ်(၅၃၃၂.၉၇၂)သန်း ဖြစ်၍ သာမန်အသုံးစရိတ်ကျပ် (၁၃၂၀၂.၀၉၇)သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ်ကျပ် (၄၇၀၆၄.၄၅၇)သန်း၊ စုစုပေါင်း အသုံးစရိတ်ကျပ်(၆၀၂၆၆.၅၅၄)သန်း ဖြစ်သဖြင့် လိုငွေကျပ်(၅၄၉၃၃.၅၈၂)သန်းဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(မူကြမ်း)ရေးဆွဲရာတွင် ပြည်နယ်ဥပဒေချုပ်ရုံး၏ (၂၃-၈-၂၀၁၈)ရက်စွဲပါစာအမှတ် ၂-၁၀(၁)/၁-၁(၃၃၃) အရ အကြံပြုချက်ရယူပြီးဖြစ်ပါတယ်။ အဆိုပါဥပဒေ(မူကြမ်း)တွင် အပိုင်း(၂)ပိုင်းပါဝင်ပါတယ်။ အပိုင်း(၁)တွင် အမည်နှင့် စတင်အကျိုး သက်ရောက်သည့်နေ့ရက်နှင့် အပိုင်း(၂)တွင် အခန်း(၂)ခန်းပါဝင်ပါတယ်။ အခန်း(၁)တွင် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၌ ပါဝင်သောဌာန၊ အဖွဲ့အစည်းများ၏ ရငွေများနှင့် သုံးငွေများ အခန်း(၂)တွင် ငွေချေးယူခြင်းကိစ္စရပ်များကို ထည့်သွင်းရေးဆွဲထားပါတယ်။ ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းအရ ထောက်ပံ့ငွေပါဝင်သည့် ၂၀၁၈-၂၀၁၉ ခု ၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြည်ထောင်စုလွှတ်တော်မှ (၁၃-၉-၂၀၁၈)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး(၂၁)ရက်မြောက်နေ့တွင် အတည်ပြုပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၈-၂၀၁၉ ခု ၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာအရအသုံးဆိုင်ရာဥပဒေ (မူကြမ်း) ကို အတည်ပြုပေးနိုင်ပါရန် တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ စိစစ်ချက် အစီရင်ခံစာအား ဖတ်ကြားတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ စိစစ်ချက်အစီရင်ခံစာအား ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**ဦးရန်နိုင်ဆွေ၊ ဥက္ကဋ္ဌ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ။ အားလုံးပဲမင်္ဂလာပါခင်ဗျား။ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်းပြီး ဥပဒေပြုရေးဆိုင်ရာ ကော်မတီအစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဥပဒေပြုရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရန်နိုင်ဆွေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား…၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(မူကြမ်း)ကို ကယားပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် ဥပဒေလေ့လာစိစစ်အကြံပြုရေးကော်မတီတို့မှ (၂၈-၉-၂၀၁၈) ရက်နေ့တွင် စိစစ်မှုများ ဆောင်ရွက်ခဲ့ပါတယ်။ ကော်မတီနှစ်ရပ်အနေဖြင့် ဥပဒေကြမ်းများ စိစစ်ဆောင်ရွက်ရာတွင် အခြေခံရမည့်မူ(၁၃)ချက်အား အဓိကထားပြီး တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုစိစစ်မှုများဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ ကယားပြည်နယ်၊ ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာသော ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ (မူကြမ်း)တွင် အပိုင်း (၂)ပိုင်း၊ အခန်း (၂)ခန်း၊ ပုဒ်မပေါင်း(၇)ခုပါရှိပြီး ဇယား ၁ မှ ၄ အထိ (၅)ရွက်ပါရှိတာ တွေ့ရှိရပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် ဥပဒေလေ့လာစိစစ်အကြံပြုရေးကော်မတီတို့အနေဖြင့် ၎င်းဥပဒေ (မူကြမ်း)အား အပိုင်းလိုက်၊ အခန်းလိုက်များကို လေ့လာစိစစ်သုံးသပ်ရာတွင် (က) သက်ဆိုင်ရာဥပဒေနှင့် ဆက်စပ်သောမူပိုင်းဆိုင်ရာ အချက်အလက်များ ပြည့်စုံစွာပါရှိခြင်း၊ (ခ) ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လက်တွေ့အကောင်အထည် ဖော်နိုင်မည့် အခြေအနေရှိခြင်း၊ (ဂ) ဥပဒေကြမ်းပါ အပိုင်းလိုက်၊ အခန်းလိုက်၊ ပြဋ္ဌာန်းချက်များ ပြည့်စုံစွာပါရှိခြင်းတို့အား စိစစ်တွေ့ရှိရပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား…ကော်မတီ(၂)ရပ်၏အကြံပြုချက်အနေဖြင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(မူကြမ်း) အခန်း(၁) ရငွေများနှင့် သုံးငွေများ၏ ပုဒ်မ ၄ တွင် "ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေများ စီမံခန့်ခွဲသုံးစွဲရာတွင် ပြည်နယ်လွှတ်တော်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်" ဟူသော စာပိုဒ်ခွဲငယ်အား ပုဒ်မ ၄၏ ပုဒ်မခွဲ (ဃ)အဖြစ် ထည့်သွင်းဖြည့်စွက်ရန် အကြံပြုလိုပါတယ်။ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ (မူကြမ်း)အား ကော်မတီ(၂)ရပ်၏ တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များနှင့်အတူ

အတည်ပြုပေးနိုင်ပါရန် ကယားပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ စိစစ်ချက်အစီရင်ခံစာကို တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ အကြံပြုဆွေးနွေးရန် အမည်စာရင်းတင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီး ဦးမော်မော် တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယား ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်နယ်လွှတ်တော်ကိုယ်စား လှယ်များက အကြံပြုဆွေးနွေးလိုပါက ဒီနေ့ညနေ(၄)နာရီထက် နောက်မကျစေဘဲ ပြည်နယ်လွှတ်တော်ရုံး အကြီးအမှူးထံ အမည်စာရင်းတင်သွင်းနိုင်ပါတယ်။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၅)ရက်နေ့မှာ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

## ဥပဒေပြုရေးဆိုင်ရာကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း၊ သက်တမ်းတိုးခြင်းနှင့် ပတ်သက်၍ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၁၄)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ဒုတိယသက်တမ်းကို ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(ဒုတိယနေ့) (၂၁-၇-၂၀၁၇)ရက်နေ့ တွင် အဖွဲ့ဝင်(၁၁)ဦးဖြင့်ဖွဲ့စည်းခဲ့ပြီး ကော်မတီ၏သက်တမ်းကို (၁)နှစ်သတ်မှတ်ခဲ့ပါ တယ်။ ကော်မတီ၏သက်တမ်းသည် (၁)နှစ်ပြည့်ခဲ့ပြီဖြစ်သဖြင့် ကော်မတီပြင်ဆင်ဖွဲ့စည်း ခြင်း၊ သက်တမ်းတိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယခုအခါ ကော်မတီ ကို အဖွဲ့ဝင်(၇)ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းသွားမှာဖြစ်ပါတယ်။ ကော်မတီ၏ပြင်ဆင်ဖွဲ့စည်း ထားရှိမှုနှင့် ကော်မတီတွင်ပါဝင်ဖွဲ့စည်းမည့် အဖွဲ့ဝင်သစ်ဖြစ်သော ဦးဝင်းမြင့်နှင့် ဦးမျိုးသွင်တို့၏ ကိုယ်ရေးအချက်အလက်ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီးဖြစ်တဲ့အတွက် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူသွား ပါမယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေပြုရေး ဆိုင်ရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ သက်တမ်းတိုးခြင်းနှင့် ပတ်သက်၍ ပြည်နယ်လွှတ်တော်ကိုယ်စား လှယ်များက သဘောတူပါသလားခင်ဗျား။

**{ သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်က သဘောတူပါသည် }**

**ဥက္ကဋ္ဌ။** ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးက သဘောတူတဲ့အတွက် ဥပဒေပြုရေးဆိုင်ရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ သက်တမ်းတိုးခြင်းနှင့် ပတ်သက်၍ ပြည်နယ်လွှတ်တော်တွင် အတည်ပြုကြောင်း ကြေညာပါတယ်။

## ဥပဒေလေ့လာစိစစ်အကြံပြုရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ သက်တမ်းတိုးခြင်းနှင့် ပတ်သက်၍ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၁၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေလေ့လာစိစစ်အကြံပြုရေးကော်မတီ၏ ဒုတိယသက်တမ်းကို ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(ဒုတိယနေ့)(၂၁-၇-၂၀၁၇) ရက်နေ့တွင် အဖွဲ့ဝင်(၈)ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ကော်မတီ၏သက်တမ်းကို (၁)နှစ်သတ်မှတ်ခဲ့ပါတယ်။ လုပ်ငန်းလိုအပ်ချက်အရ ကော်မတီကို ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး(ဒုတိယနေ့) (၁၂-၆-၂၀၁၈)ရက်နေ့တွင် အဖွဲ့ဝင်(၉)ဦးဖြင့် ဖြည့်စွက်ဖွဲ့စည်းခဲ့ပါတယ်။ ကော်မတီ၏သက်တမ်းသည် (၁)နှစ်ပြည့်ခဲ့ပြီဖြစ်သဖြင့် ကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း၊ သက်တမ်းတိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယခုအခါ ကော်မတီကို အဖွဲ့ဝင်(၈)ဦးဖြင့်သာ ပြင်ဆင်ဖွဲ့စည်းသွားမှာဖြစ်ပါတယ်။ ကော်မတီ၏ ပြင်ဆင်ဖွဲ့စည်းထားရှိမှုနှင့် ကော်မတီတွင် ပါဝင်ဖွဲ့စည်းမည့် အဖွဲ့ဝင်သစ်ဖြစ်သော ဦးဝင်းမြင့်၏ ကိုယ်ရေးအချက်အလက်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူသွားပါမယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေလေ့လာစိစစ်အကြံပြုရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ သက်တမ်းတိုးခြင်းနှင့် ပတ်သက်၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**{ သုံးကြိမ်တိုင်တိုင် မေးမြန်းသည်။ လွှတ်တော်က သဘောတူပါသည်။ }**

**ဥက္ကဋ္ဌ။** ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးက သဘောတူတဲ့အတွက် ဥပဒေလေ့လာစိစစ်အကြံပြုရေးကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း၊သက်တမ်းတိုးခြင်းနှင့် ပတ်သက်၍ ပြည်နယ်လွှတ်တော်တွင် အတည်ပြုကြောင်း ကြေညာပါတယ်။

## တိုင်စာပစ်စာလေ့လာဆန်းစစ်ရေးအဖွဲ့၏ အဖွဲ့ဝင်ဦးရေအား ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၁၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်စာပစ်စာလေ့လာဆန်းစစ်ရေးအဖွဲ့ကို (၃၀-၃-၂၀၁၈)ရက်နေ့၌ ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ဒုတိယနေ့)တွင် အဖွဲ့ဝင်ဦးရေ (၂၂)ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ အဆိုပါ အဖွဲ့တွင် အဖွဲ့ဝင်ဖြစ်သော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနေထွန်းသည် ပြောင်းရွှေ့တာဝန်ထမ်းဆောင်သွားပြီဖြစ်သဖြင့် ၎င်း၏နေရာတွင် အစားထိုးတာဝန်ပေးအပ်သွားမည်မဟုတ်ဘဲ တိုင်စာပစ်စာလေ့လာဆန်းစစ်ရေးအဖွဲ့ကို အဖွဲ့ဝင်ဦးရေ (၂၁)ဦးဖြင့်သာ ဖွဲ့စည်းထားရှိသွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်အစည်းအဝေး (ပထမနေ့) ရပ်နားခြင်းနှင့် (ဒုတိယနေ့)ဆက်လက်ကျင်းပမည့်နေ့ရက် ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစီအစဉ်အရ ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ပထမနေ့) အောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေညာပါတယ်။ အစည်းအဝေး(ဒုတိယနေ့)ကို (၅-၁၀-၂၀၁၈)ရက်နေ့(သောကြာနေ့)၊ နံနက် (၁၀:၀၀) နာရီအချိန်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ကြေညာအပ်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာခြင်း

**အခမ်းအနားမှူး။** ။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာမှာဖြစ်ပါတယ်ရှင်. . .။ အားလုံးထွက်ခွာနိုင်ပါပြီရှင်။

ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)ကို (၁၁:၄၀)နာရီအချိန်တွင် ရပ်နားပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ်

## ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## မှတ်တမ်း

**၁၃၈၀ ခုနှစ်၊ တော်သလင်းလဆုတ် (၁၁)ရက်နေ့**

**၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၅) ရက်နေ့**

**( သောကြာနေ့)**

ကယားပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ဒုတိယနေ့)ကို နံနက်(၁၀:၀၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

{ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးလှထွေးက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်အေးမူနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ညွှန်ကြားရေးမှူး ဒေါ်စုလှိုင်မိုး တို့က ဆောင်ရွက်ပါသည်။}

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက် လာပါပြီရှင်. . . ။

{ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသည့် စင်မြင့်ပေါ်တွင် ကြွရောက် နေရာယူပါသည်။ }

အားလုံးထိုင်နိုင်ပါပြီရှင်. . ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များရှင်...။ ဒီနေ့အစည်းအဝေးမှာ အခမ်းအနားမှူးအဖြစ် ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ကျွန်မ ဒေါ်ခင်အေးမူနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ညွှန်ကြားရေးမှူး ဒေါ်စုလှိုင်မိုး တို့က ဆောင်ရွက်ကြမှာဖြစ်ပါတယ်။ အစည်းအဝေး အခမ်းအနားအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အစီအစဉ်အတိုင်း

ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရှင် . . . ။ ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ဦးစီးကျင်းပပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ရှင် . . . ။

## အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်(၂၀)ဦးရှိတဲ့အနက် (၁၉)ဦးတက်ရောက်ကြပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ (၉၅)ရာခိုင်နှုန်း ရှိတဲ့အတွက် ၂၀၁၄ ခုနှစ်၊ ကယားပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄ (ခ)အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ကိုယ်စားလှယ်များရှိပါက ခွင့်ပန်ကြားခြင်းနှင့် ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကိုယ်စားလှယ်များ ခွင့်ပန်ကြားချက်နှင့်ပတ်သက်ပြီး ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ကိုယ်စားလှယ် (၂၀)ဦးအနက် ယမန်နေ့က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက် ကျင်းပသွားမှာ ဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၂၀)ဦးရှိပြီး (၁၉)ဦး တက်ရောက်ကြပါတယ်။ ကယားပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ) (၂) အရ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ

ခင်ဗျား။ ဒီကနေ့ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြု ပါသလားခင်ဗျား...။

**{ သုံးကြိမ်တိုင်တိုင် မေးမြန်းသည်။ လွှတ်တော်က အတည်ပြုပါသည်။ }**

လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာ ပါတယ်။

## ကြယ်ပွင့်ပြမေးခွန်းများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဖြေကြားခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် (၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက် သွားမှာဖြစ်ပါတယ်။ ပထမဦးစွာ ဦးတင်မြင့်၊ လွိုင်ကော်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ မေးခွန်း(၂)ခု မေးမြန်းရန် ဖြစ်ပါတယ်။

**ဦးတင်မြင့်၊ လွိုင်ကော်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ် နှစ်ဖြာ ကျန်းမာကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လွိုင်ကော်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့် ဖြစ်ပါ တယ်။ ကျွန်တော်မေးမြန်းမည့် မေးခွန်း(၂)ခုရှိပါတယ်။

### မေးမြန်းချက်အမှတ်(၁)

ပထမမေးခွန်းကတော့ လွိုင်ကော်မြို့ နောင်ယား(က)ရပ်ကွက် လွိုင်ကော် တက္ကသိုလ်ကျောင်းရှေ့ရှိ ဘဲကန် (ထေးငှားလျားကန်)ရှိ ကန်ဘောင်မြေသားလမ်းသည် ဒေါဥခူရပ်ကွက်၊ နာနတ်တောရပ်ကွက်၊ ထေးငှားလျားရပ်ကွက်တို့နှင့် တစ်ဆက်တည်းရှိ သော ကျေးရွာများနှင့် ဆက်သွယ်သွားလာရာတွင် အရေးပါသောလမ်းတစ်လမ်း ဖြစ်ပါ တယ်။ ကန်ဘောင်လမ်းဖြစ်သော်လည်း ရပ်ကွက်၊ ကျေးရွာများ ရှိ ပြည်သူလူထုအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကိစ္စရပ်များကို အချိန်တိုအတွင်း သွားလာမှုအဆင်ပြေ ချောမွေ့စေသော လမ်းဖြစ်ပါတယ်။ ကန်ဘောင်လမ်းဖြစ်၍ ယာဉ်ကြီးများ သွားလာရန် မဟုတ်ဘဲ အပန်းဖြေခြေလျင်လမ်းလျှောက်သူများ၊ မော်တော်ဆိုင်ကယ်များ၊ စက်ဘီး

စီးနင်းသူများအတွက် ရာသီမရွေးသွားလာနိုင်ရန် ကျောက်ချောလမ်းခင်းပေးမည့် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။

**မေးမြန်းချက်အမှတ်(၂)**

ဒုတိယမေးခွန်းကို တစ်ဆက်တည်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင် တရားဝင်လိုင်စင်ဖြင့် ရောင်းချနေသော လိုင်စင်ရှိယစ်မျိုးဆိုင် (၁၂၃)ဆိုင်ရှိပြီး လိုင်စင်မဲ့ယစ်မျိုးဆိုင်များလည်း ရှိနေသေးသည်ဟုသိရှိရပါတယ်။ ကယားပြည်နယ်၏ ယစ်မျိုးခွန်ဥပဒေကို ပထမအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၂)ကြိမ်ပုံမှန်အစည်းအဝေးတွင် ဥပဒေအမှတ်(၂၄)ဖြင့် အတည်ပြုပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ ဥပဒေပါအခန်း(၂)၊ ပုဒ်မ ၃ (က၊ ခ၊ ဂ)တွင်ဖော်ပြပါရှိသော ရည်ရွယ်ချက်များအပြင် ပြည်နယ်အတွင်း မလိုလားအပ်သော ပြစ်မှုများမဖြစ်ပေါ်စေရေးနှင့် အခွန်လိုင်စင်ပေးဆောင်ထားသော အခွန်ထမ်းယစ်မျိုးဆိုင်နှင့် ယစ်မျိုးရောင်းချသူများ နစ်နာမှုမရှိစေရေးအတွက် လိုင်စင်မဲ့ယစ်မျိုးဆိုင်နှင့် ယစ်မျိုးရောင်းချသူများကို ယစ်မျိုးလိုင်စင်အမျိုးအစားအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများမှ မည်ကဲ့သို့ အရေးယူဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မေးခွန်း(၁)ကို ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန၊ ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်အမှတ်(၁)**

**ဒေါက်တာအောင်ကျော်ဌေး၊ ဝန်ကြီး၊ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန။** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်အစိုးရအဖွဲ့ဝင်၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန၊ ဝန်ကြီး၊ ဒေါက်တာအောင်ကျော်ဌေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွိုင်ကော်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်ရဲ့ လွိုင်ကော်မြို့၊ ထေးငှားလျားကန်ရှိ ကန်ဘောင်မြေသားလမ်းအား ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ လွိုင်ကော်မြို့၊ နောင်ယား(က)

ရပ်ကွက်၊ လှိုင်ကော်တက္ကသိုလ်ကျောင်းရှေ့ရှိ ဘဲကန် (ထေးငှားလျားကန်)ရှိ ကန်ဘောင်မြေသားလမ်းခင်းခြင်းလုပ်ငန်းအတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးမည်ဖြစ်ပြီး ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မေးခွန်း(၂)ကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်အမှတ်(၂)**

**ဗိုလ်မှူးကြီးမြင့်ဝေ၊ ဝန်ကြီး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန။** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်အစိုးရအဖွဲ့ဝင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမြင့်ဝေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လှိုင်ကော်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်၏ လိုင်စင်မဲ့ယစ်မျိုးဆိုင်၏ ယစ်မျိုးရောင်းချသူများကို မည်ကဲ့သို့အရေးယူ ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်း နှင့်စပ်လျဉ်းပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ၁၉၁၇ ခုနှစ် မြန်မာနိုင်ငံတော် ယစ်မျိုးဥပဒေ ပုဒ်မ ၁၂ အရ မည်သူမဆို အခွင့်အမိန့်လိုင်စင် မရှိဘဲ ယစ်မျိုးသက်ဝင်ပစ္စည်းများ စုဆောင်းခြင်း၊ ချက်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းချခြင်းများ ပြုလုပ်ခွင့်မရှိကြောင်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ အဆိုပါ ဥပဒေပြဋ္ဌာန်းချက်တွင်ပါရှိသော ယစ်မျိုးမင်းကြီး၊ တိုင်းမင်းကြီး၊ ကော်လိတ်တော်အရာရှိ၊ လက်ထောက်ကော်လိတ်တော် အရာရှိ၏ လုပ်ပိုင်ခွင့်များကို ၁၉၈၉ ခုနှစ်မှစ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အပ်နှင်းထားသည်နှင့်အညီ ယစ်မျိုးဆိုင်ရာစီမံခန့်ခွဲရေးလုပ်ငန်းများဖြစ်သည့် ယစ်မျိုးလိုင်စင်ချထားပေးခြင်း၊ ယစ်မျိုးလေလံလိုင်စင်များရောင်းချခြင်း၊ ယစ်မျိုးခွန်များပြေကျေစွာကောက်ခံရရှိရေး ဆောင်ရွက်ခြင်း၊ ယစ်မျိုးလိုင်စင်များ စနစ်တကျရှိရေး ယစ်မျိုးလုပ်ငန်းများစစ်ဆေးခြင်း၊ စည်းကမ်းပျက်ယစ်မျိုးလိုင်စင်များ ပိတ်သိမ်းခြင်း၊ လိုင်စင်မဲ့တရားမဝင်အရက်ချက်လုပ်ခြင်း၊ ရောင်းချခြင်းများအား အရေးယူရေးစသည်ဖြင့် ယစ်မျိုးစီမံခန့်ခွဲရေးလုပ်ငန်းများအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကယားပြည်နယ်အတွက် လိုင်စင်(၂၄၅)ခုကို ခွင့်ပြုချ

ထားပေးခဲ့ပါတယ်။ ၎င်းယစ်မျိုးလိုင်စင်များအား သက်ဆိုင်ရာ မြို့နယ်တရားမဝင်ယစ်မျိုးဆိုင်များ စိစစ်ကြီးကြပ်ရေးအဖွဲ့မှ အခါအားလျော်စွာစစ်ဆေးခြင်း၊ ပညာပေးဟောပြောပွဲများ ဆောင်ရွက်သည့်အပြင် လိုင်စင်ရယူခြင်းမရှိဘဲ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ လိုင်စင်ခွင့်ပြုချက်မရှိဘဲ ဆောင်ရွက်လုပ်ကိုင်နေခြင်းများအား တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျှက်ရှိပြီး ဥပဒေအရ အရေးယူမှုအပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထိထိရောက်ရောက်ဖြစ်စေရေး တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ကယားပြည်နယ်အတွင်းရှိ မြို့နယ်များတွင် လိုင်စင်မဲ့ယစ်မျိုးဆိုင်များ ဖွင့်လှစ်ရောင်းချမှု မပြုရန်ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှတဆင့်အသိပေးချပြလျက်ရှိပြီး လိုင်စင်ရယစ်မျိုးဆိုင်များမှအပ အခြားနေရာများတွင် ဆိုင်းဘုတ်များ စိုက်ထူခြင်းမရှိစေရေး စသည်များအသိပေး အကြောင်းကြားစေလျက်ရှိပါသည်။ မြို့ပေါ်ရပ်ကွက်များသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းဖြစ်၍ စည်ပင်သာယာရေးအဖွဲ့ထံ လိုင်စင်ပေးဆောင်ရွက်ခြင်း ရှိ/မရှိ စိစစ်ဆောင်ရွက်ခြင်း၊ အကယ်၍မရှိပါက သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့်ပူးပေါင်း၍ ဖယ်ရှားစေခြင်း၊ တရားမဝင်ရောင်းချမှုများပြုလုပ်နေကြောင်း တိုင်ကြားလာပါက စနစ်တကျ စိစစ်ဖော်ထုတ်အရေးယူဆောင်ရွက်ပေးလျက်ရှိရာ အခွန်လိုင်စင်ပေးဆောင်ထားသော အခွန်ထမ်းယစ်မျိုးဆိုင်နှင့် ရောင်းချသူများ နစ်နာမှုမရှိစေရေးအတွက် မြို့နယ်တရားမဝင် ယစ်မျိုးဆိုင်များ စိစစ်ကြီးကြပ်ရေးအဖွဲ့ (Task Force) ပါဝင်သော ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ လစဉ်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပြီး တရားမဝင်ယစ်မျိုးဆိုင်များအား ရောင်းချမှုမရှိစေရေးအတွက် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ (၇-၆-၂၀၁၇)ရက်နေ့တွင် ဘောလခဲမြို့နယ်၌(၂)ဆိုင်နှင့် (၁-၁-၂၀၁၈) ရက်နေ့ ဖားဆောင်းမြို့နယ်၌(၂)ဆိုင်တို့သည် တရားမဝင်ယစ်မျိုး ရောင်းချလျက်ရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် ယစ်မျိုးဥပဒေ ပုဒ်မ ၃၇ အရ ယစ်မျိုးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဦးတင်မြင့်၊ လွိုင်ကော်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ။ ဖြေကြားချက်နဲ့ ပတ်သက်ပြီး ထပ်ဆင့်မေးခွန်း မေးခွင့်ပြုပါခင်ဗျား။

**ဥက္ကဋ္ဌ။** ။မေးပါ။

**ဦးတင်မြင့်၊ လွိုင်ကော်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ။ တရားမဝင်ရောင်းချသောယစ်မျိုးဆိုင်များ ပပျောက်ရေးအတွက် လစဉ်ကွင်းဆင်းစစ်ဆေးမှု စာရင်း

ဇယားများ အတိအကျထားရှိမှု ရှိ/မရှိ သိရှိလိုပါတယ်။ ရပ်ကွက်တိုင်း၊ မြို့နယ်တိုင်းမှာ တရားမဝင်ရောင်းချသည့် ယစ်မျိုးဆိုင် အများအပြားရှိတာကို တွေ့ရှိရပါတယ်။ ရပ်ကွက်များတွင် တရားမဝင်ရောင်းချခြင်း ရှိ/မရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှ မိမိရပ်ကွက်အတွင်းရှိကိစ္စများကို အသိဆုံးဖြစ်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးများကိုလည်း ကြီးကြပ်စေလိုပါတယ်။ လစဉ်တိုင်းသာ ကွင်းဆင်းစစ်ဆေးမည်ဆိုပါက ဘောလခဲမြို့နယ်နှင့် ဖားဆောင်းမြို့နယ်တွင်သာမကဘဲ ဒီမော့ဆိုမြို့နယ်အပါအဝင် အခြားမြို့နယ်များမှာတွင်ပါ တရားမဝင်ယစ်မျိုးဆိုင် အများအပြားအား ဖမ်းဆီးရမိမည်ဖြစ်ပါတယ်။ တရားမဝင်ယစ်မျိုးဆိုင်များ များပြားလာခြင်းသည် လူငယ်များ၏ အနာဂတ်ရင်လေးစရာပင်ဖြစ်ပြီး မူးယစ်ရမ်းကားသူများသည် ရာဇဝတ်မှုများကို ပိုမိုကျူးလွန်လာနိုင်သည့်အတွက် ပြည်သူလူထု၏ အသက်အိုးအိမ်ထိခိုက်ဆုံးရှုံးမှုများ ဖြစ်လာနိုင်သည်။ သို့ဖြစ်ပါ၍ လူငယ်များ၏အနာဂတ်သာယာလှပစေရေးအတွက် တရားမဝင်ယစ်မျိုးဆိုင်များ ပပျောက်စေရေး ဝန်ကြီးအနေဖြင့် တိကျသောသတင်းအချက်အလက်များရရှိအောင် မည်ကဲ့သို့ဆက်လက်ဆောင်ရွက်မည်ကို သိရှိလိုကြောင်း ပြည်သူများကိုယ်စား ထပ်ဆင့်မေးခွန်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဝန်ကြီး ဖြေကြားပေးလို့ရမလား။

**ဗိုလ်မှူးကြီးမြင့်ဝေ၊ ဝန်ကြီး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန။** ။ ထပ်ဆင့်မေးခွန်းနဲ့ပတ်သက်ပြီးတော့ တရားမဝင်ယစ်မျိုးဆိုင်တွင် စာရင်းအတိအကျ ရရှိဖို့အတွက် လက်ရှိရှိပြီးသား စာရင်းတွေရှိပါတယ်။ ထပ်မံပြီးတော့ ယစ်မျိုးဆိုင်များ ပေါ်ပေါက်ရောင်းချခြင်း ရှိ/ မရှိ ကိုလည်း စာရင်းဇယားကောက်ယူသွားမှာဖြစ်ပါတယ်။ ယစ်မျိုးဆိုင်တွေနဲ့ပတ်သက်ပြီး ကယားပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ကယားပြည်နယ်မှာ ရိုးရာအရ သောက်သုံးသော ခေါင်ရည်ကို ဘီယာ၊ အရက်များနှင့် ပူးတွဲရောင်းချမှုများ ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး တရားမဝင်ကို တရားဝင်ဖြစ်ရေးအတွက် ထိုက်သင့်သလို တင်ပြသွားတဲ့အခါမှာလည်း ပြည်ထောင်စုအစိုးရအနေနဲ့ ကျွန်တော်တို့ ပြည်နယ်မှာ လက်ရှိရှိတဲ့ ယစ်မျိုးဆိုင်များ ထပ်မံမတိုးပွားစေရေးအတွက် တိုးမြှင့်ခွင့်မပေးခဲ့ပါဘူး။ ဒါကလည်း တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ယစ်မျိုးဆိုင်တွေကို လိုင်စင်များထပ်မံမပေးခြင်း ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ထပ်ဆင့်မေးခွန်းမှာ ယစ်မျိုးဆိုင်များပြားခြင်းကြောင့် ရာဇဝတ်မှုကျူးလွန်မှုတွေ များပြားခြင်းဟာ ကျွန်တော်တို့ တရားဥပဒေစိုးမိုးရေးတာဝန်ကို ထမ်းဆောင်နေရတဲ့

လုံခြုံရေးတပ်ဖွဲ့ဝင်အနေနဲ့လည်း ဝန်ထုပ်ဝန်ပိုးကြီးမားပါတယ်။ ယခုလို ထပ်ဆင့်မေးခွန်း မေးမြန်းခြင်းအတွက်လည်း ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်အနေနဲ့ တရားမဝင်ယစ်မျိုးဆိုင်များ ပပျောက်ရေးကို ဆောင်ရွက်တဲ့နေရာမှာ လက်ရှိရှိနေတဲ့ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပြီးတော့ တရားမဝင်ယစ်မျိုးဆိုင်များကို ချက်ချင်းပပျောက်အောင် မဆောင်ရွက်နိုင်သော်လည်း လျော့နည်းအောင်ဆောင်ရွက်ဖို့ စီမံချမှတ်ဆောင်ရွက်သွားပါမယ်။ ယခုလို လျော့နည်းအောင် ဆောင်ရွက်တဲ့နေရာမှာလည်း သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များကလည်း ကူညီပေးစေလိုပါတယ်။ ဒီအတွက်ကိုလည်း ဒီလအတွင်းမှာလည်း စီမံချက်ရေးဆွဲပြီးတော့ လျော့နည်းသွားအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးအောင်နိုင်ဦး၊ မယ်စဲ့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ မေးခွန်း(၂)ခု မေးမြန်းရန် ဖြစ်ပါတယ်။

**ဦးအောင်နိုင်ဦး၊ မယ်စဲ့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မယ်စဲ့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး ဖြစ်ပါတယ်။

**မေးမြန်းချက်အမှတ်(၃)**

မေးခွန်းအနေနဲ့ ပြည်ထောင်စုမှ (၂၀၀၀-၂၀၀၁)ခုနှစ်တွင် နတလရုံးအတွက် ခွဲဝေချထားသော Skat Dumper (၄)စီး၊ Backhoe (၁)စီး၊ Dozer အသေး(၁)စီး၊ စစ်အစိုးရလက်ထက်တွင် Dozer အကြီး(၁)စီးနှင့် လမ်းကြိတ်စက်(၁)စီး စုစုပေါင်း အသုံးပြုနေသော စက်ပေါင်း (၈)စီးရှိကြောင်း သိရှိရပါတယ်။ အပျက်အစီးစာရင်းတွင် လမ်းကြိတ်စက် (၁)စီးနှင့် Dozer (၁)စီး ပေါင်း (၂)စီး ရှိသည်ကိုလည်း တွေ့ရပါတယ်။ ယခုလက်ရှိအသုံးပြုနေသော စက် (၈)စီးကို ဌာနများအား မည်ကဲ့သို့ငှားရမ်း အသုံးပြုစေပြီး ဘဏ္ဍာနှစ်အလိုက်ငှားရမ်းခ ရငွေများ၊ ပြုပြင်စရိတ်များကို မည်သည့်ဘတ်ဂျက်သို့ ပေးသွင်းထားသည့်စာရင်းဇယားထားရှိမှု ရှိ/ မရှိကို သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်။

**မေးမြန်းချက်အမှတ်(၄)**

မေးခွန်း(၂)အနေနဲ့ ကယားပြည်နယ်၊ ဒေါပေါ်ကလဲကျေးရွာအုပ်စုအတွင်းရှိ ဘာဒိုကျေးရွာ၊ ဘာဒို (အ.မ.က) ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်ရှိ ကျေးရွာလမ်းများသည် ယခင်ကျောက်ချောလမ်းခင်းထား သော်လည်း ယခုအခါ လမ်းများပျက်စီးနေပြီး သွားလာရန် များစွာခက်ခဲလျက်ရှိပါတယ်။ ကျောင်းသားကျောင်းသူများနှင့် ကျေးရွာရှိ ပြည်သူများ သွားလာရေးခက်ခဲလျက်ရှိပါကြောင်း ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မေးခွန်း(၁)ကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်အမှတ်(၃)**

**ဗိုလ်မှူးကြီးမြင့်ဝေ၊ ဝန်ကြီး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား... ကျွန်တော့်အနေဖြင့် မယ်စဲ့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၏ “ပြည်ထောင်စုမှ နတလရုံးအတွက် ခွဲဝေချထားပေးသော Skat Dumper, Backhoe, Dozer နှင့် လမ်းကြိတ်စက်များအား မည်ကဲ့သို့အသုံးပြုထားသည်ကို သိရှိလို ကြောင်း” မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားပေးသွားပါမယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနသည် ကယားပြည်နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေးအဖွဲ့များသို့ စက်၊ ယာဉ်/ယန္တရားများ ပံ့ပိုး၍ တပ်ဖွဲ့ဝင်များ၏ လုပ်အားကို အသုံးပြုပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ယင်းစက်ပစ္စည်းများအား ပေးအပ်ထားခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုမှပေးအပ်ထားသော အဆိုပါစက်၊ ယာဉ်/ယန္တရားများအား ၂၀၁၄ ခုနှစ်မှစ၍ ပြန်လည်စုစည်းပြီး ပြုပြင်၍မရနိုင်သော စက်ပစ္စည်းများကို ပယ်ဖျက်ခွင့်ရရှိရေးနှင့် သံရည်ကျိုနိုင်ရန် ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်လျက်ရှိပြီး စက်၊ ယာဉ်/ ယန္တရားများအား လုပ်ငန်းခွင်တွင် ကောင်းမွန်စွာ အသုံးပြုနိုင်ရေးအတွက် ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ကယားပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ လက်ရှိတွင် Skat မြေသယ်ယာဉ် (၄)စီး၊ Dozar အကြီး(၂)စီး၊ Dozar အသေး(၁)စီး၊ Backhole (၁)စီး၊ လမ်းကြိတ်စက်(၁)စီး စုစုပေါင်း(၉)စီးရှိပြီး ၎င်း စက်၊ ယာဉ်/ယန္တရားများအား နယ်စပ်ရေးရာဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ဆောင်ရွက်မည့်

စီမံကိန်းလုပ်ငန်းကြီးများတွင် အသုံးပြုနိုင်ရန်အတွက်စုစည်းထားရှိပြီး ပြင်ဆင်မှု လုပ်ငန်းများဆောင်ရွက် လျက်ရှိပါတယ်။ အဆိုပါစက်၊ ယာဉ်/ယန္တရားများအား ဒေသ အတွင်း အရေးပေါ်လိုအပ်ချက်များရှိပါက နယ်စပ်ရေးရာဝန်ကြီးဌာနသို့ တင်ပြ ခွင့်ပြု ချက်ရယူ၍ ခွင့်ပြုချက်ဖြင့် ရံဖန်ရံခါ အသုံးပြုလျက်ရှိပါတယ်။ (ဥပမာအားဖြင့် ဖရူဆို မြို့နယ်အတွင်း ရေရှားပါးသောကျေးရွာများသို့ ရေထောက်ပံ့ပေးနိုင်ရန်အတွက် Skat ယာဉ်အား ဖရူဆိုမြို့သို့ ယာယီလွှဲပြောင်းအသုံးပြုစေခြင်း၊ လွိုင်ကော်မြို့နယ်၊ မိုင်းလုံး ရပ်ကွက် ဝါဆိုဘုန်းကြီးကျောင်း မီးဘေးသင့်ချိန်တွင် မြေနေရာရှင်းလင်းရန်အတွက် Backhole အသုံးပြုခြင်း စသည့်အရေးပေါ်ကိစ္စများတွင် ဆောင်ရွက်ခြင်း) စသည့် ကိစ္စရပ်များတွင် အသုံးပြုပေးလျက်ရှိပါတယ်။ ကယားပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ရှိ စက်၊ ယာဉ်/ယန္တရားများအား ပြင်ပသို့ ငှါးရမ်းအသုံးပြုမှုမရှိသောကြောင့် ငှါးရမ်းခ ရငွေများမရှိပါကြောင်းနှင့် စက်၊ ယာဉ်/ယန္တရားများ ကြံ့ခိုင်ရေးအတွက်ဆန်းစစ်ခြင်း များ ပြုလုပ်ခြင်း၊ ပြုပြင်ခြင်းများ ဆောင်ရွက်၍ ကယား ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး တွင် စုစည်းထားရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ တစ်ဆက်စပ်တည်း ပြောကြားလိုတာကတော့ ပြည်နယ်မှာ ကျွန်တော်တို့ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း တွေမှာ စက်၊ ယာဉ်/ယန္တရားတွေကို အသုံးပြုဖို့လိုအပ်ပါက မိမိတို့နယ်စပ်ရေးရာဝန်ကြီး ဌာနကိုတင်ပြပြီး ယာဉ်/ယန္တရားများကို အသုံးပြုခွင့်ရှိနိုင်ပါကြောင်းလည်း ဆက်လက် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မေးခွန်း(၂)ကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ် ဝန်ကြီးဌာန၊ ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်အမှတ်(၄)**

**ဦးခင်မောင်ဖြူ၊ ဝန်ကြီး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ် ဝန်ကြီး ဌာန။** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း တောင်း အပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်အစိုးရအဖွဲ့ဝင်၊ လမ်းပန်းဆက်သွယ် ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား... ကျွန်တော့် အနေနဲ့ မယ်စဲ့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၏ “ဘာဒိုကျေးရွာအတွင်းရှိလမ်းများအား ကတ္တရာလမ်းခင်းပေးရန်

အစီအစဉ်ရှိ / မရှိ ”နှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ လှိုင်ကော်မြို့နယ်အတွင်းရှိ ဘာဒိုကျေးရွာတွင် လမ်း(၁၀)လမ်းတည်ရှိပြီး ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် အ.မ.ကကျောင်းလမ်း(၂)လမ်းမှာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနစာရင်းပေါက်လမ်းများဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းလမ်းမိုင်(၁/၁-၂)အား ၂၀၁၄-၂၀၁၅ခု၊ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ အ.မ.က ကျောင်းလမ်းပေါ်ရှိ Box Culvert (၆)စင်း တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်(အောက်တိုဘာလမှ စက်တင်ဘာလအထိ) ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရန်ပုံငွေတွင် ဆောင်ရွက်ရန်ထည့်သွင်းလျာထားပြီးဖြစ်ပါတယ်။ ဘာဒိုကျေးရွာအတွင်း ဗိုလ်မင်းရောင်လမ်းနှင့်ထေးဌားလျားကျေးရွာတွင်း ဦးဖိုးဗျားလမ်း စုစုပေါင်းလမ်းမိုင်(၁/၀.၃၁)အားကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းနှင့် ရေပြွန်တံတား(၂၁)စင်း တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်(အောက်တိုဘာလမှ စက်တင်ဘာလအထိ) ပြည်နယ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သွားမှာဖြစ်ပြီး ကျန်ရှိသည့်လမ်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်းရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးသိန်းအောင်၊ ဒီမော့ဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ မေးခွန်း(၁)ခု မေးမြန်းရန် ဖြစ်ပါတယ်။

**ဦးသိန်းအောင်၊ ဒီမော့ဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဒီမော့ဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းအောင်(ခ) စဲရယ်ဖြစ်ပါတယ်။

**မေးမြန်းချက်အမှတ်(၅)**

မေးခွန်းအနေနဲ့ ဒီမော့ဆိုမြို့နယ်၊ လိုဘာခိုကျေးရွာအုပ်စုအတွင်းရှိ ဆီးဘူးပလော့ကျေးရွာနှင့် ယပ်ခူကျေးရွာ တို့၏ ကြားလမ်းအရှည်(၃)မိုင် (၆)ဖာလုံခန့်ကို ကျေးရွာသူ/သားများမှ မြေသားလမ်းအဖြစ် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဖောက်လုပ်ပြီး

အသုံးပြုခဲ့သည်မှာ နှစ်(၂၀)ဝန်းကျင်ခန့်ရှိပြီ ဖြစ်ပါသည်။ ကျေးရွာချင်းဆက်လမ်းသည် မြေသားလမ်းဖြစ်သည့်အတွက် နှစ်ကာလအတန်ကြာ အသုံးပြုခဲ့ရာ ပျက်စီးနေပြီဖြစ်ပါတယ်။ ထိုလမ်းအား အသုံးပြုလျက်ရှိသော ကျေးရွာသူ/သားများအနေအဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများ နေ့စဉ်ကြုံတွေ့နေရသည့်အပြင် ယခုလိုမိုးရာသီအချိန်ရောက်တိုင်း လမ်းပန်းဆက်သွယ်ရေး အဆင်မပြေမှုများဖြင့် ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ထို့ကြောင့် ကျေးရွာသူ/သားများ၏ နေ့စဉ်ရင်ဆိုင်ကြုံတွေ့နေရသည့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကို ထောက်ရှုသောအားဖြင့် ၎င်းကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်းနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း ကျေးရွာသူ/ သားများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မေးခွန်းကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်အမှတ်(၅)**

**ဗိုလ်မှူးကြီးမြင့်ဝေ၊ ဝန်ကြီး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန။** ။ ဥက္ကဋ္ဌကြီးခင်ဗျား. . . ကျွန်တော့်အနေဖြင့် ဒီးမော့ဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းအောင်၏ “ ဒီးမော့ဆိုမြို့နယ်၊ လိုဘာခိုကျေးရွာအုပ်စုအတွင်းရှိ ဆီးဘူးပလော့ကျေးရွာနှင့် ယပ်ခူကျေးရွာတို့ကို ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း” ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဒီမော့ဆိုမြို့နယ်၊ လိုဘာခိုကျေးရွာအုပ်စု ဆီးဘူးပလော့ကျေးရွာနှင့် ယပ်ခူကျေးရွာချင်းဆက်လမ်း၏ အရှည်မှာ (၃)မိုင် (၆)ဖာလုံရှိပြီး လွိုင်ကော်-တောင်ငူကတ္တရာလမ်းမနှင့် ချိတ်ဆက်အသုံးပြုနိုင်သည့်လမ်း ဖြစ်ပါတယ်။ ၎င်းလမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်နှင့် ပတ်သက်၍ လက်ရှိမိမိဌာနအနေဖြင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို ဦးစားပေးနေရသည့်အတွက် လုပ်ငန်းသစ် လုပ်ငန်းများအား ဆောင်ရွက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ သို့သော်လည်း ၎င်းလမ်း၏ အခြေအနေနှင့်ပတ်သက်ပြီး မိမိနတလရဲ့ စီမံကိန်းလုပ်ငန်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရေးကိုလည်း ဦးစားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး

လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းကို မှတ်တမ်းတင်ထားရှိပေးသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးသဲရယ်၊ ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ မေးခွန်း(၂)ခု မေးမြန်းရန် ဖြစ်ပါတယ်။

**ဦးသဲရယ်၊ ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။

**မေးမြန်းချက်အမှတ်(၆)**

မေးခွန်း(၁)အနေနဲ့ ကေးလျားကျေးရွာအုပ်စု၊ ဒေါတကလဲကျေးရွာတွင် စံကိုက်ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုခြင်းမေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။ ဖရူဆိုမြို့နယ်၊ ကေးလျားကျေးရွာအုပ်စု၊ ဒေါတကလဲကျေးရွာသည် အိမ်ခြေ(၁၀၀)ကျော်အထက်မှာရှိပြီး လူဦးရေအနည်းဆုံး(၅၀၀)ဦးအထက်မှာရှိတဲ့ ကျေးရွာ(၁)ရွာ ဖြစ်ပါတယ်။ လူဦးရေများ များပြားတာနဲ့အညီ ထိရောက်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုလည်း လိုအပ်မှာဖြစ်ပါတယ်။ ထိုကျေးရွာမှာ ဖရူဆိုမြို့၊ ဒီမောဆိုမြို့တို့နှင့်လည်း အလှမ်းဝေးတဲ့ ကျေးရွာ(၁)ရွာဖြစ်တဲ့အတွက် အရေးပေါ် ကျန်းမာရေးကုသမှု လိုအပ်တဲ့အခါ အချိန်မီသွားရောက်ကုသရန် အဆင်မပြေမှုများလည်း ကြုံတွေ့နေရပါတယ်။ လမ်းပန်းဆက်သွယ်ရေးအခက်အခဲခြင်း၊ ရေရှားပါးမှု ပြဿနာတွေလည်း ရှိပါတယ်။ ထိုပြဿနာတွေကြောင့် ကျန်းမာရေးကို ပိုမိုဆိုးဝါးစေသဖြင့် အနီးကပ်ကျန်းမာရေးစောင့်ရှောက်မှုရရှိရန်အတွက် စံကိုက်ကျေးလက်ကျန်းမာရေးဌာန တစ်ခုထားရှိရန် လိုအပ်တဲ့အတွက် ပြည်နယ်အစိုးရအနေဖြင့် မည်သို့ဆောင်ရွက်ပေးမည်ကို ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။

**မေးမြန်းချက်အမှတ်(၇)**

ဒုတိယမေးခွန်းအနေနဲ့ ပြည်ထောင်စုမှခွဲဝေရရှိသော ဘတ်ဂျက်မည်မျှရရှိပြီး ကဏ္ဍအလိုက် မည်မျှခွဲဝေသုံးစွဲကြောင်း သိရှိလိုခြင်းမေးခွန်း ဖြစ်ပါတယ်။ လက်ရှိ NLD ဦးဆောင်သော အစိုးရသက်တမ်း(၂)နှစ်ကျော်ကာလအတွင်း ကယားပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစွာ ဆောင်ရွက်အကောင်အထည်ဖော်ခဲ့ပြီး ဖြစ်ပါတယ်။

ထိုသို့ ဖွံ့ဖြိုးရေးလုပ်ငန်းအပြင် အခြားလုပ်ငန်းများအတွက် ပြည်ထောင်စုမှ ဘတ်ဂျက် မည်မျှ ခွဲတမ်းရရှိပြီး ကဏ္ဍအလိုက် မည်မျှခွဲဝေသုံးစွဲထားခဲ့ကြောင်း အသေးစိတ် ပြည်သူလူထုကြား ချပြပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း ပြည်သူကိုယ်စား မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မေးခွန်း(၁)ကို ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဌာန၊ ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်အမှတ်(၆)**

**ဒေါက်တာအောင်ကျော်ဌေး၊ ဝန်ကြီး၊ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန။** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် အစိုးရအဖွဲ့ဝင်၊ စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန၊ ဝန်ကြီး ဒေါက်တာအောင်ကျော်ဌေး ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသဲရယ်၏ “ဖရူဆိုမြို့နယ်၊ ကေးလျားကျေးရွာအုပ်စု၊ ဒေါတကလဲ ကျေးရွာတွင် စံကိုက်ကျေးလက် ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း” ကြယ်ပွင့်ပြ မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျေးလက်ကျန်းမာရေးဌာန၏ ဖွဲ့စည်းပုံအရ ကျေးလက်ကျန်းမာရေးဌာန(RHC) (၁)ခုအောက်တွင် ကျေးလက် ကျန်းမာရေးဌာနခွဲ(၄)ခု ရှိပါတယ်။ ဒေါတကလဲကျေးရွာသည် ကြယ်ဖိုးကြီးကျေးလက် ကျန်းမာရေးဌာနအောက်တွင်ရှိပြီး ကြယ်ဖိုးကြီးကျေးလက်ကျန်းမာရေးဌာနအောက်တွင် ထားလဲကျေးလက်ကျန်းမာရေးဌာနခွဲ၊ တနောကလောကျေးလက်ကျန်းမာရေးဌာနခွဲ၊ မာခရော်ရှေ့ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဒေါဗျာကူးကျေးလက်ကျန်းမာရေးဌာနခွဲ တို့ရှိပါတယ်။ ထို့ပြင် ဒေါတကလဲကျေးရွာသည် ဒေါဗျာကူးကျေးလက်ကျန်းမာရေး ဌာနခွဲမှ (၃)မိုင်ခန့်သာကွာဝေးပြီး ၎င်းကျေးရွာ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကြယ်ဖိုးကြီးကျေးလက်ကျန်းမာရေးဌာန အောက်တွင် ဖွဲ့စည်းပုံအရ ကျေးလက်ကျန်းမာရေးဌာနခွဲ (၄)ခုဖွင့်လှစ်ပြီး ဆောင်ရွက် လျက်ရှိသည့်အပြင် ကြယ်ဖိုးကြီးနှင့် (၃)မိုင်ခန့်သာကွာဝေးသော ဖွဲ့စည်းပုံမကျသေးဘဲ

စံကိုက်ဆောက်လုပ်ထားသည့် ဒေါ်ခူလီကျေးလက်ကျန်းမာရေးဌာနခွဲကိုလည်း တရားဝင် ဖွဲ့စည်းပုံကျနိုင်ရန် ဆောင်ရွက်ထားရှိခြင်းတို့ကြောင့် ၎င်းဒေါတကလဲကျေးရွာတွင် စံကိုက်ကျေးလက် ကျန်းမာရေးဌာနခွဲအသစ် ဖွင့်လှစ်ပေးနိုင်ရန် လတ်တလော အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မေးခွန်း(၂)ကို ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်အမှတ်(၇)**

**ဦးမော်မော်၊ ဝန်ကြီး၊ ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ယခုကျင်းပလျက်ရှိသော ပြည်နယ်လွှတ်တော်တွင် ပြည်ထောင်စုမှ ခွဲဝေရရှိသော ရသုံးခန့်မှန်းခြေငွေစာရင်းများနှင့်ပတ်သက်၍ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား...ကယားပြည်နယ်ရှိ ပြည်ထောင်စုဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်၊ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈ ခု၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် ပြည်ထောင်စုမှခွဲဝေရရှိသော ရသုံးခန့်မှန်းခြေငွေစာရင်းများအား တင်ပြသွားမှာ ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်၊ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈ ခု၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် ဘဏ္ဍာရေးနှစ်များအတွက် သာမန်နှင့် ငွေလုံးငွေရင်း စုစုပေါင်းရငွေ ကျပ် ၂၂,၅၉၆.၂၀၄ သန်း ဖြစ်ပြီး ဗဟိုအဖွဲ့အစည်း၏ စုစုပေါင်းရငွေ ကျပ် ၁၂၉.၅၈၆ သန်း ၊ လုံခြုံရေး နှင့်နယ်စပ်ရေးရာဝန်ကြီးဌာန၏ စုစုပေါင်းရငွေ ကျပ် ၁၅.၉၇၅ သန်း၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာန၏ စုစုပေါင်းရငွေ ကျပ် ၁၃,၄၈၂.၄၂၄ သန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စုစုပေါင်းရငွေ ကျပ် ၂,၉၆၀.၄၈၄ သန်း၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန၏ စုစုပေါင်းရငွေ ကျပ် ၄၃၅.၁၅၄ သန်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ စုစုပေါင်းရငွေ ကျပ် ၅၃၈.၉၆၂ သန်းနှင့်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ စုစုပေါင်းရငွေ ကျပ် ၅,၀၃၃.၆၁၉ သန်း ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်၊ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈ ခု၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် ဘဏ္ဍာရေးနှစ်များအတွက် သာမန်နှင့်ငွေလုံးငွေရင်း စုစုပေါင်းအသုံးစရိတ်ငွေကျပ် ၁၁၆,၄၁၈.၃၄၉ သန်းဖြစ်ပြီး ဗဟိုအဖွဲ့အစည်း၏ စုစုပေါင်းအသုံးစရိတ် ငွေကျပ် ၆၉၄.၈၃၁ သန်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန၏ စုစုပေါင်းအသုံးစရိတ် ငွေကျပ် ၁၉,၈၈၁.၀၈၃ သန်း၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာန၏ စုစုပေါင်းအသုံးစရိတ် ငွေကျပ် ၁၆,၆၉၆.၂၉၉ သန်း ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန၏ စုစုပေါင်းအသုံးစရိတ် ငွေကျပ် ၇,၇၂၆.၃၇၂ သန်း၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန၏ စုစုပေါင်းအသုံးစရိတ် ငွေကျပ် ၆၂,၈၅၁.၉၉၇ သန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ စုစုပေါင်းအသုံးစရိတ် ငွေကျပ် ၂,၃၀၀.၄၅၃ သန်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ စုစုပေါင်းအသုံးစရိတ် ငွေကျပ် ၆,၂၄၁.၀၆၉ သန်းနှင့် ဗမာတိုင်းရင်းသားရေးရာဝန်ကြီးဌာန၏ အသုံးစရိတ် ငွေကျပ် ၂၆.၂၄၅ သန်း ဖြစ်ပါကြောင်းဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

**ဦးသဲရယ်၊ ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား. . . ထပ်ဆင့်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ မေးပါ။

**ဦးသဲရယ်၊ ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** ။ မေးထားတဲ့မေးခွန်းမှာ ကဏ္ဍအလိုက် ဘတ်ဂျက်ခွဲဝေမှုကိုမေးမြန်းထားပါတယ်။ ဝန်ကြီးဖြေထားတာက ဌာနအလိုက်သာ ဖြစ်ပါတယ်။ ကဏ္ဍအလိုက်ဟုဆိုတဲ့နေရာမှာ ကဏ္ဍ(၁၃)ခုရှိပါတယ်။ ကဏ္ဍအလိုက် ဘတ်ဂျက်ခွဲဝေမှုအခြေအနေအသေးစိတ်ကိုလည်း သိရှိလိုတဲ့အတွက် ကဏ္ဍ(၁၃)ခု၏ အသေးစိတ်ဘတ်ဂျက်ခွဲဝေသုံးစွဲမှုနှင့်ပတ်သက်ပြီး ရှင်းလင်းစေလိုခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဝန်ကြီးဖြေကြားလို့ရမလား။

**ဦးမော်မော်၊ ဝန်ကြီး၊ ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။** ။ ကျွန်တော်တို့ကဏ္ဍအလိုက်က မပါပါဘူး။ ကျွန်တော် အသေးစိတ်ပြန်ပေးပါ့မယ်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးခင်မောင်ထွန်း၊ ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ မေးခွန်း(၂)ခု မေးမြန်းရန် ဖြစ်ပါတယ်။

**ဦးခင်မောင်ထွန်း၊ ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များနှင့် ဖိတ်ကြားထားသောဧည့်သည်များ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်နာမည်က ဦးခင်မောင်ထွန်း ဖြစ်ပြီး ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဖြစ်ပါတယ်။

**မေးမြန်းချက်အမှတ်(၈)**

ကယားပြည်နယ်လွှတ်တော်သို့ ပြည်သူများကိုယ်စား ကြယ်ပွင့်ပြမေးခွန်း နှစ်ရပ် သိရှိလို၍ မေးမြန်းလိုပါတယ်။ ပထမတစ်ခုအနေနဲ့ ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်အတွင်းရှိ ဟိုယာကျေးရွာအုပ်စုနှင့် ရောဒေါ်ခေါ်ကျေးရွာအုပ်စု အုပ်စုချင်း ချိတ်ဆက်လမ်းနှင့်ပတ်သက်၍ သိရှိလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား. . . ၎င်းကျေးရွာ အုပ်စုချင်းချိတ်ဆက်လမ်းသည် ကယားပြည်နယ်၊ ဖရူဆို မြို့နယ်၊ ဟိုယာကျေးရွာအုပ်စုမှ ရောဒေါ်ခေါ်ကျေးရွာအုပ်စု၊ ကေကောကျေးရွာအုပ်စုနှင့် သိုသီးဖိုကျေးရွာအုပ်စုတို့ ဆက်သွယ်ချိတ်ဆက်သည့်လမ်း ဖြစ်ပါတယ်။ ထိုလမ်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တစ်ဝက်တစ်ပျက်ဖောက်လုပ်ခဲ့ပြီးဖြစ်ပါတယ်။ ကျန်ရှိနေသေးသောလမ်းကြောင်း (၆)မိုင်ကို ဆက်လက်ဖောက်လုပ်ပေးပါက အများပြည်သူအတွက် အလွန်အသုံးဝင်မည် ဖြစ်၍ ပြည်သူများက ဝိုင်းဝန်းတောင်းဆိုလာပါသဖြင့် ဆက်လက်ဖောက်လုပ်ပေးနိုင်ပါရန် အစီအစဉ်ရှိ/ မရှိ နှင့် ဖောက်လုပ်ပေးမည်ဖြစ်ပါက အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ ပြည်သူများကိုယ်စား ကျွန်တော် ဦးခင်မောင်ထွန်းမှ မေးမြန်းခြင်းဖြစ်ပါတယ်။

**မေးမြန်းချက်အမှတ်(၉)**

မေးခွန်း(၂)အနေနဲ့ ရင်းနှီးမြှုပ်နှံမှုဖိုရမ်အတွက် သုံးစွဲငွေကိစ္စနှင့်စပ်လျဉ်း၍ သိရှိလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား. . .ကယားပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်လွှတ်တော်သို့ ပေးပို့လာသော ၂၀၁၈(မီနီဘတ်ဂျက်) ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ အသုံးစရိတ်စာရင်းတွင် ရင်းနှီးမြှုပ်နှံမှုဖိုရမ်အတွက် သိန်း(၃၅၀)ဟု ဖော်ပြထားရှိနေတာကို တွေ့ရှိရပါတယ်။ ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပခြင်းအတွက် ကယား

ပြည်နယ်အစိုးရအဖွဲ့၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ပြည့်စွက်ဘတ်ဂျက်တွင် ပါဝင်လျာထားပြီးဖြစ်တာကို သိရှိရပါတယ်။ သို့ဖြစ်ပါ၍ အဆိုပ ါ ရင်းနှီးမြှုပ်နှံမှုဖိုရမ်အတွက် သုံးစွဲခြင်းဖြစ်ပြီး မည်သို့သောအကြောင်းအရာများ အတွက် မည်ကဲ့သို့အသေးစိတ်သုံးစွဲခဲ့ခြင်း ဖြစ်သည်ကို သိရှိလိုပါကြောင်း မေးမြန်းခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မေးခွန်း(၁)ကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်အမှတ်(၈)**

**ဗိုလ်မှူးကြီးမြင့်ဝေ၊ ဝန်ကြီး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဌာန။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား. . . ကျွန်တော့်အနေဖြင့် ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ထွန်း၏ “ဖရူဆိုမြို့နယ် အတွင်းရှိ ဟိုယာကျေးရွာအုပ်စုနှင့် ရောဒေါ်ခေါ်ကျေးရွာအုပ်စုချင်းဆက်လမ်းအား ဆက်လက်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ” မေးခွန်းနှင့် ပတ်သက်ပြီး ဖြေကြား ပေးသွားပါမယ်။ ဖရူဆိုမြို့နယ်၊ ဟိုယာကျေးရွာအုပ်စု၊ ဒိုရော(အောက်)နှင့် ရောဒေါ်ခေါ် ကျေးရွာအုပ်စု၊ ရောဒေါ်ခေါ်ကျေးရွာချင်းဆက်လမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီး ဌာနမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်များတွင် ထူးချောင်း အဆင်း မြေနိမ့်ပိုင်းအထိ မြေလမ်း (၁၀/၃.၄၉)မိုင် ဖောက်လုပ်ပေးထားပြီးဖြစ်ပါတယ်။ လက်ရှိတွင် ရောဒေါ်ခေါ်ကျေးရွာအနေဖြင့် ကေကော- ယာဒို- ဆီးဘူးကတ္တရာလမ်းမှ တဆင့် လွိုင်ကော်မြို့နှင့် တောင်ငူမြို့များသို့ ရာသီမရွေး ဆက်သွယ်သွားလာလျက်ရှိပြီး ဒိုရော(အောက်)ကျေးရွာအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖောက်လုပ်ထားသောလမ်းမှတဆင့် ဖရူဆိုမြို့သို့ ဆက်သွယ်သွားလာနိုင်ပါတယ်။ နတလ ဦးစီးဌာနအနေဖြင့် ဝေးလံခေါင်သီပြီး အစွန်အဖျားကျ၍ လမ်းမပေါက်သေးသော ကျေးရွာများကို အဓိကကျသော မြို့ကြီးများနှင့် ချိတ်ဆက်၍ ဆက်သွယ်သွားလာနိုင်ရန် ဦးစားပေးအနေဖြင့် လျာထားဆောင်ရွက်ပေးလျက်ရှိရာ လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းထားသော ကျေးရွာချင်းဆက်လမ်းကို စီမံကိန်းလျာထားစာရင်းတွင် ထည့်သွင်း တင်ပြသွားမည်ဖြစ်ပြီး ပထမဦးစားပေးအနေဖြင့် အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးနိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မေးခွန်း(၂)ကို ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်အမှတ်(၉)**

**ဦးမော်မော်၊ ဝန်ကြီး၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား….ကျွန်တော်အနေနဲ့ ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ထွန်း(ခ) နော်အီး၏ "ရင်းနှီးမြုပ်နှံမှုဖိုရမ်အတွက် သုံးစွဲငွေကိစ္စနှင့်စပ်လျဉ်း၍ သိရှိလိုခြင်း"နှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ရင်းနှီးမြုပ်နှံမှုဖိုရမ်နှင့်ပတ်သက်၍ ကယားပြည်နယ်အစိုးရအဖွဲ့၊ ရင်းနှီးမြုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ (၂၀၁၇-၂၀၁၈) ဖြည့်စွက်ဘတ်ဂျတ်တွင် သိန်း(၁၀၀) လျာထားခဲ့ပြီး ၂၀၁၈(မီနီဘတ်ဂျတ်) ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ အသုံးစရိတ်တွင် သိန်း(၃၅၀) ထပ်မံလျာထားခဲ့ရာ ရင်းနှီးမြှုပ်နှံမှုဖိုရမ်နှင့်ပတ်သက်၍ ကျပ်သိန်း(၄၅၀)သုံးစွဲရန် လျာထားခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် သုံးစွဲရန်လျာထားခဲ့သည့် သိန်း(၄၅၀)မှ (၂၀၁၇-၂၀၁၈)ဖြည့်စွက်ဘတ်ဂျတ်တွင် တနင်္သာရီတိုင်း၊ ကော့သောင်းမြို့နယ်ခရီးစဉ်အတွက် ကျပ်(၃,၇၇၃,၆၆၀/-) (သုံးဆယ့်ခုနှစ်သိန်း ခုနှစ်သောင်း သုံးထောင် ခြောက်ရာ ခြောက်ဆယ်ကျပ်တိတိ) သုံးစွဲခဲ့ပြီး ၂၀၁၈(မီနီဘတ်ဂျတ်)တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့၌ ကျင်းပသည့် ရင်းနှီးမြှုပ်နှံမှုဖိုရမ်အတွက် ကျပ်(၂၆,၂၄၂,၂၁၁/-) (နှစ်ရာ ခြောက်ဆယ့် နှစ်သိန်း လေးသောင်း နှစ်ထောင် နှစ်ရာ တစ်ဆယ့် တစ်ကျပ်တိတိ) သုံးစွဲခဲ့ရပါသဖြင့် စုစုပေါင်းကုန်ကျငွေကျပ်သိန်း(၃၀,၀၁၅,၈၇၁/-) (သုံးရာ တစ်သောင်း ငါးထောင် ရှစ်ရာ ခုနှစ်ဆယ် တစ်ကျပ်တိတိ ) ကုန်ကျခဲ့ပါတယ်။ အထက်ပါ ရင်းနှီးမြှုပ်နှံမှုဖိုရမ်အတွက် သုံးစွဲခဲ့သည့် အကြောင်းအရာများ၏ အသေးစိတ်သုံးစွဲမှုများအား ရှင်းလင်းတင်ပြရမည်ဆိုပါက အခွန်အခ ကျပ်(၆၇,၅၀၀/-)(ခြောက်သောင်း ခုနှစ်ထောင် ငါးရာကျပ်)၊ တည်းခိုခ ကျပ်(၈၀,၀၀၀/) (ရှစ်သောင်းကျပ်) ၊ ဒေသခံ Guide ငှားရမ်းခ ကျပ်(၁၀၀,၀၀၀/-)(တစ်သိန်းကျပ်)၊လက်ဆောင်ပစ္စည်းပေးခြင်း ကျပ်(၁,၃၃၇,၂၀၀/.) တစ်ဆယ့် သုံးသိန်း သုံးသောင်း ခုနှစ်ထောင် နှစ်ရာကျပ်၊ ခရီးစရိတ်ကျပ်(၂,၃၇၄,၅၆၀/-) နှစ်ဆယ့် သုံးသိန်း ခုနှစ်သောင်း လေးထောင် ငါးရာ ခြောက်ဆယ်ကျပ်၊ အခမ်းအနား ပြင်ဆင်ရေးနှင့် သတင်းထုတ်ပြန်ရေး ကုန်ကျစရိတ် ကျပ်(၄,၃၀၉,၀၀၀/-) လေးဆယ့် သုံးသိန်း ကိုးထောင်ကျပ်၊ ပြခန်းများ ခင်းကျင်းပြသခြင်း ကျပ် (၄,၆၄၆ ,၉၀၀/- )လေးဆယ့်

ခြောက်သိန်း လေးသောင်း ခြောက်ထောင် ကိုးရာကျပ်၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ကုန်ကျစရိတ် ကျပ် (၅,၇၃၀,၃၅ဝ/-) ငါးဆယ့် ခုနစ်သိန်း သုံးသောင်း သုံးရာငါးဆယ်ကျပ်၊ ကျွေးမွေးစရိတ် ကျပ်(၁၁,၃၇၀,၃၆၁/-) တစ်ရာ တစ်ဆယ့် သုံးသိန်း ခုနစ်သောင်း သုံးရာ ခြောက်ဆယ့် တစ်ကျပ် ကုန်ကျခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ကယားပြည်နယ်အစိုးရအဖွဲ့မှ ဘဏ္ဍာနှစ်(၂)နှစ်အတွင်း ရင်းနှီးမြုပ်နှံမှုဖိုရမ် ကျင်းပခြင်းနှင့်ပတ်သက်၍ သိန်း(၄၅၀)လျာထားခဲ့သော်လည်း အမှန်တကယ်ဆောင်ရွက်ကျင်းပပြီးစီးသည်အထိ သုံးစွဲခဲ့သည့် ကုန်ကျငွေကျပ်(၃၀,၁၁၅,၈၇၁/-) သုံးရာသိန်း တစ်သောင်းငါးထောင်ရှစ်ရာ ခုနစ်ဆယ့် တစ်ကျပ်တိတိသာ ကုန်ကျခဲ့ပြီး ပိုလျှံငွေ ကျပ် (၁၄,၉၈၄,၁၂၉/-) တစ်ရာလေးဆယ့် ကိုးသိန်း ရှစ်သောင်းလေးထောင်တစ်ရာနှစ်ဆယ့်ကိုးကျပ်တိတိအား အထွေထွေပိုလျှံရန်ပုံငွေ(GRF) သို့ ပြန်လည်အပ်နှံခဲ့ပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဦးခင်မောင်ထွန်း၊ ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား. . . ထပ်ဆင့်မေးခွန်း နည်းနည်းမေးချင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား. . . ဝန်ကြီးဖြေကြားရာမှာ သိန်း(၄၅၀)လျာပြီး ၂၀၁၇-၂၀၁၈ ဖြည့်စွက်ဘတ်ဂျက်မှာ သိန်း(၁၀၀)လျာထားပြီး ၂၀၁၈(မီနီဘတ်ဂျက်)မှာ သိန်း(၃၅၀)လျာထားတယ်လို့တွေ့ရတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့ခရီးစဉ်အတွက် ကျပ်(၃၇၇၃၆၆၀) သုံးစွဲခဲ့တာကို တွေ့ရပါတယ်။ တနင်္သာရီကို သွားတဲ့ကိစ္စဟာ လက်ရှိခေါင်းစဉ်နဲ့ မသက်ဆိုင်သလို အမှန်တကယ် သွားရောက်ခဲ့ရင်လည်း ဥပဒေစည်းမျဉ်းစည်းကမ်းအရ ခံစားခွင့်ရှိတဲ့ အသုံးစရိတ်သာ ခံစားခွင့်ရှိမှာဖြစ်ပါတယ်။ စရိတ်၊ ချီးမြှင့်ငွေ၊ အဆောင်အယောင် ဥပဒေမှာလည်း အစိုးရအဖွဲ့ဝင်တွေအတွက် သတ်မှတ်ပြဋ္ဌာန်းပြီးသားဖြစ်ပါတယ်။ ဒါ့အပြင် အစိုးရအရာရှိတွေအတွက်လည်း ခရီးစရိတ်နည်းဥပဒေနဲ့အညီ ထုတ်ယူနိုင်ပါတယ်။ ယခုကဲ့သို့ ခရီးစဉ်လမ်းကြောင်းပြ (၃၇)သိန်းကျော် သုံးစွဲခဲ့ခြင်းဟာ ဘဏ္ဍာရေးစည်းမျဉ်းနဲ့ ကိုက်ညီမှုရှိ/မရှိ သိချင်ပါတယ်။ နောက်တစ်ချက်က လက်ဆောင်ပစ္စည်းပေးခြင်း အသုံးစရိတ်(၁၃)သိန်းကျော်ကိစ္စပါ။ ဒီခေါင်းစဉ်ဟာ ဘတ်ဂျက်ခေါင်းစဉ် ၀၅၀၈ ဖြစ်တာကိုတွေ့ရပြီး ဘတ်ဂျက်ကနေမသုံးဘဲ ဘာကြောင့်ဖိုရမ် ခေါင်းစဉ်အောက်က သုံးစွဲထားရသလဲ ဖြေကြားစေလိုပါတယ်။ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနဲ့ညီညွတ်ပါရဲ့လား။ နောက်ဆုံးတစ်ခုအနေနဲ့ ပိုလျှံရန်ပုံငွေ (၁၄၉)သိန်းကျော်ကို အထွေထွေပိုလျှံရန်ပုံငွေသို့ ဘယ်နေ့ကအပ်နှံတာလဲ သိချင်ပါတယ်။ ၂၀၁၇-၂၀၁၈ RE က

ဘယ်လောက်ပြန်အပ်ပြီး ၂၀၁၈ခုနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ကနေ ဘယ်လောက်ပြန်အပ်တာလဲဆိုတာ သိချင်ပါတယ်။ အားလုံးပဲ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာဝန်ကြီးက ဖြေကြားပေးပါ။

**ဦးမော်မော်၊ ဝန်ကြီး၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန။** ။ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဖိတ်တဲ့အခါမှာ ဝန်ကြီးချုပ်၊ ကျွန်တော်၊ စည်ပင်/လူမှုဝန်ကြီး၊ ရုံးအဖွဲ့တွေ သွားပါတယ်။ ခုနပြောတာတွေနဲ့ပတ်သက်လို့ ကျွန်တော် အကြမ်းဖျဉ်းဖြေပြီး စာနဲ့ ပြန်လည်တင်ပြပေးပါမယ်။ အဲလိုသွားတဲ့အခါမှာ ခရီးစရိတ်တွေအားလုံး သာမန်အသုံးစရိတ်က သုံးလို့ရသော်လည်း အဓိကသွားတဲ့ ခေါင်းစဉ်သည် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကိုသွားတဲ့အတွက်ကြောင့် အဲဒီအပေါ်မှာပဲ ကျွန်တော်တို့ သုံးစွဲရခြင်းဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနဲ့ ညီ/မညီ ဆိုတာကိုလည်း ကျွန်တော်တို့ ဆုံးဖြတ်ပြီးတော့မှ ညီလို့ ကျွန်တော်တို့ သုံးစွဲတာဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော် အသေအချာပြန်ပြီးတော့ ရှင်းလင်းဖြေကြားသွားပါမယ်။

**ဥက္ကဋ္ဌ။** ။ နောက်နှစ်ချက်ကလည်း စာနဲ့ရေးဖြေမှာပါ့နော်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးစိုးရယ်၊ ဘောလခဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ မေးခွန်း(၁)ခု မေးမြန်းရန် ဖြစ်ပါတယ်။

**ဦးစိုးရယ်၊ ဘောလခဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဘောလခဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုးရယ် ဖြစ်ပါတယ်။

**မေးမြန်းချက်အမှတ်(၁၀)**

ကျွန်တော့်အနေနဲ့ ကယားပြည်နယ်၊ ဘောလခဲမြို့နယ်၊ ဘောလခဲမြို့တွင် မြို့တွင်း ရှမ်းပိုင်းရပ်ကွက်၊ မိုင်တိုင် (၁၃၄/၀)လမ်းဆုံတွင် မီးပွိုင့်ထားရှိဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/ မရှိသိရှိလိုပါတယ်။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား. . . မေးခွန်းနှင့် ပတ်သက်ပြီး အကျိုးအကြောင်းဖော်ပြချက်အနည်းငယ် ရှင်းလင်းတင်ပြခွင့်ပြုရန် တင်ပြအပ်ပါတယ်။ ဘောလခဲမြို့သည် ခရိုင်အခြေစိုက်မြို့တစ်မြို့ဖြစ်ပါတယ်။ ခရိုင်မြို့

ဖြစ်သည်နှင့်အညီ ယခုအချိန်တွင် ယာဉ်များအသွားအလာ များပြားလျက်ရှိတဲ့အတွက် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မီးပွိုင့်ထားရှိရန် လိုအပ်လာပြီဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဘောလခဲမြို့တွင်း လွိုင်ကော်-မော်ချီး လမ်းမကြီးပေါ်တွင် (၁၃၄/၀)နှင့် (၁၃၄/၁)မိုင်တို့ကြား ရှမ်းပိုင်းရပ်ကွက်လမ်းဆုံတွင် မီးပွိုင့်ထားရှိဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေး မည်ဖြစ်ကြောင်း သိရှိလိုပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ မေးခွန်းကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီး က ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်အမှတ်(၁၀)**

**ဗိုလ်မှူးကြီးမြင့်ဝေ၊ ဝန်ကြီး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဌာန။** ။ ဥက္ကဋ္ဌကြီးခင်ဗျား. . .ကျွန်တော့်အနေနဲ့ ဘောလခဲမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးစိုးရယ်၏ "ကယားပြည်နယ်၊ ဘောလခဲမြို့နယ်၊ ဘောလခဲမြို့အတွင်း ရှမ်းပိုင်းရပ်ကွက် မိုင်တိုင် (၁၃၄/၀)မိုင် လမ်းဆုံတွင် မီးပွိုင့်ထားရှိ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုကြောင်း" မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားပေးသွားပါမယ်။ ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဘောလခဲမြို့၊ ရှမ်းပိုင်း ရပ်ကွက်၊ လွိုင်ကော် - မယ်စဲ့ ကားလမ်းနှင့် ရွာသစ်တံတားဟောင်းလမ်းဆုံ မိုင်တိုင် အမှတ်၊ (၁၃၄/၀)တွင် (၄)လမ်းဆုံ မီးပွိုင့် တပ်ဆင်ခြင်းနှင့် အထက(ဘောလခဲ) စာသင်ကျောင်းရှေ့တွင် မှိတ်တုတ်မီးဝါ တပ်ဆင်ခြင်း၊ လူကူးမျဉ်းကြား ရေးဆွဲခြင်း တို့အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ စီမံဆောင်ရွက်ပေးသွား မှာဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ယခုလမှာ စတင်တာ ဖြစ်တဲ့အတွက် (၁၀)လပိုင်း တစ်လ ကျွန်တော်တို့မီးပွိုင့်နဲ့ ပတ်သက်ပြီးတော့ အဆောက်အဦ တည်ဆောက်ပြီးတာနဲ့ (၁၁)လပိုင်းအတွင်းမှာ လွှတ်တော်ကိုယ်စားလှယ် တင်ပြတဲ့ မီးပွိုင့်ဟာ ဘောလခဲမြို့ပေါ်မှာ ပေါ်ပေါက်လာမယ်ဆိုတာကို ကျွန်တော့်အနေနဲ့ ကတိပေး တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးအောင်နိုင်ဦး၊ မယ်စဲ့မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ မေးခွန်း(၂)ခု မေးမြန်းရန် ဖြစ်ပါတယ်။

**ဦးအောင်နိုင်ဦး၊ မယ်စဲ့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မယ်စဲ့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး ဖြစ်ပါတယ်။

**မေးမြန်းချက်အမှတ်(၁၁)**

လွိုင်ကော်မြို့၊ လောဓမ္မရပ်ကွက်ရှိ ရတနာသီရိတောင်အောက် ဘုန်းတော်ကြီးကျောင်း၊ ရတနာသီရိတောင်ပေါ်ဘုန်းတော်ကြီးကျောင်း၊ မြကလာပ်ဘုန်းတော်ကြီးကျောင်းနှင့် ရွှေလက်ဝါးဘုန်းတော်ကြီးကျောင်းသို့ ဆက်သွယ်ထားသော လမ်းများသည် ကျောက်ကြမ်းလမ်းအဆင့်သာရှိပါတယ်။ ယခုအခါတွင် ကယားပြည်နယ်သည် ပြည်တွင်းပြည်ပမှ ဘုရားဖူးဧည့်သည်များ ဒေသန္တရခရီးသွားများ အများအပြားလာရောက်လေ့လာလည်ပတ်နေကြသည်ကိုလည်း တွေ့ရှိရပြီး မိမိပြည်နယ်သို့ လာရောက်ကြသော ရပ်ဝေးဧည့်သည်တော်များ၏ ဘုရားဖူးယာဉ်များ သွားလာရသည့် ၎င်းလမ်းမှာ အလွန်ကျဉ်းမြောင်းသောကြောင့် ယာဉ်တစ်စီးနှင့်တစ်စီး ရှောင်တိမ်းရာတွင် အခက်အခဲများရှိခြင်း၊ ကျောက်ကြမ်းလမ်းဖြစ်သည့်အတွက် သွားလာရာတွင် အခက်အခဲရှိခြင်းတို့ကို တွေ့ရှိရပါတယ်။ ထို့ကြောင့် မိမိတို့ပြည်နယ်ရှိ မိဘပြည်သူများအနေဖြင့် ဘုန်းတော်ကြီးကျောင်းသို့သွားရာတွင် အဆင်ပြေစေရန်နှင့် ရပ်ဝေးဧည့်သည်တော်များ လာရောက်ရာတွင်လည်း အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ ရတနာသီရိဘုန်းတော်ကြီးကျောင်းမှ မြကလာပ်၊ ရွှေလက်ဝါးသို့ ဆက်သွယ်ထားသောလမ်းများအား ကျောက်ကြမ်းလမ်းအဆင့်မှ ကျောက်ချောလမ်းအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။

**မေးမြန်းချက်အမှတ်(၁၂)**

မေးခွန်း(၂)အနေနဲ့ ကျွန်တော့်အနေနဲ့ မေးမြန်းချင်တာက (၁၉-၈-၂၀၁၇)ရက်နေ့ (၁၁:၃၀)နာရီအချိန် တီကျစ်ရဲစခန်းရှေ့တွင် ဖမ်းဆီးရမိတဲ့ (၁၀)ဘီးကားနှစ်စီးနဲ့ သစ်တွဲပြုပြီး ယူဆရသည့်အမှုန့် (၄၂)တန်ကိုစွဲနဲ့ ပတ်သက်ပြီး တီကျစ်ရဲစခန်းက မေးမြန်းလာမှုအပေါ် ကယားပြည်နယ် အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ မော်ချီးသတ္တုတွင်း စီမံကိန်းရုံး၌ လွိုင်ကော်မြို့ တာဝန်ခံအင်ဂျင်နီယာ စန်းဝင်းအောင်က ဖြေကြားရာမှာ

သတ္တုပြဟုယူဆရသည့် အမှုန့်(၄၂)တန် ဆာလာအိတ် (၈၆၀)အိတ်သည် ကုတ်ခိုင်ခန်းကြိုင် (Kut Khaing Khan Kyaing Co.Ltd)မှ ကယားပြည်နယ်၊ လွိုင်ကော်မြို့မှ (၂၄-၁၂-၂၀၁၆) မှ (၅-၁-၂၀၁၇)အတွင်း သယ်ယူပြီးဖြစ်ကြောင်း ပြန်ကြားထားပါကြောင်း သိရှိရပါတယ်။ ဒါ့ကြောင့် ကယားပြည်နယ်ထွက် ခဲသတ္တု (၄၂)တန် တရားမဝင် သယ်ဆောင်ခြင်းနှင့် ပတ်သက်၍ ပေါ်ပေါက်ခဲ့သော်လည်း အဆိုပါခဲသတ္တုများသည် ကယားပြည်နယ်အတွင်းရှိ ဂိတ်အသီးသီးအား ဖြတ်သန်းသွားခဲ့ပြီး ရှမ်းပြည်နယ်၊ တီကျစ်ရဲစခန်းဂိတ်မှသာ တွေ့ရှိခြင်းအား ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ အရေးယူဆောင်ရွက်ထားခြင်းရှိပါသလဲ။ ရွှေလမ်းကမ္ဘာကုမ္ပဏီပိုင် တင်ဒါအောင်မြင်သော သတ္တုများသယ်ယူပို့ဆောင်သည့်ကိစ္စနှင့် ပတ်သက်၍ တင်ပို့ခြင်းမပြုမီ စစ်ဆေးရာတွင် မိမိတို့စစ်ဆေးရေးအဖွဲ့မှစစ်ဆေးပြီး တန်ချိန်အတိအကျအား ဂိုဒေါင်တွင် ချိတ်ပိတ်ထားခဲ့သော်လည်း ဆောင်ရွက်ပြီးစီးမှုနှင့်ပတ်သက်၍ ယနေ့အချိန်ထိ သိရှိရခြင်းမရှိသည့်အတွက် အစိုးရမှမည်ကဲ့သို့ဆောင်ရွက်ခဲ့ကြောင်း သိရှိလိုပါတယ်။ ဆက်လက်၍ ယခုအခါ (၂၈-၁၂-၂၀၁၇)ရက်စွဲပါစာဖြင့် တင်ဒါအောင်မြင်သော သတ္တုများအား ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေးအတွက် ကိုယ်စားပြုနမူနာကောက်ယူခြင်းနှင့် အလေးချိန် ချိန်တွယ်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် အဖွဲ့ဝင်စုစုပေါင်း (၆)ဦးဖြင့် ဖွဲ့စည်းထားသော်လည်း မော်ချီးဒေသမှ လွိုင်ကော်သို့သယ်ယူခြင်းကိစ္စနှင့်ပတ်သက်၍ လွိုင်ကော်ရောက်မှ စစ်ဆေးခြင်းသည် မော်ချီးမှသယ်ယူမှုမှာ မှန်ကန်မှု ရှိ/ မရှိ သိရန် လိုအပ်ပါသည်။ အဖွဲ့၏လုပ်ငန်းတာဝန်များမှာ တင်ပို့ခြင်းမပြုမီ စစ်ဆေးခြင်း၊ တင်ပို့ချိန်တွင် စစ်ဆေးခြင်း၊ သတ်မှတ်နေရာများတွင် စစ်ဆေးခြင်း၊ ပို့ဆောင်ပြီးချိန်တွင် ဆောင်ရွက်ခြင်းများ ပါဝင်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်ဘဏ္ဍာငွေများ မလေလွင့်ရေး၊ တရားမဝင်သတ္တုသယ်ဆောင်မှု ပပျောက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်နိုင်ရေးတို့အတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် (၁) တီကျစ်ရဲစခန်းတွင် ဖမ်းမိသည့် ကယားပြည်နယ်ထွက် သတ္တု (၄၂)တန်ကိစ္စရပ်နှင့် ပတ်သက်၍ မည်ကဲ့သို့ ချိတ်ဆက်ပြီးပြတ်အောင် ဆောင်ရွက်ထားကြောင်းနှင့် ပတ်သက်သည့်ကိစ္စ၊ (၂) ရွှေလမ်းကမ္ဘာကုမ္ပဏီပိုင် သတ္တုများနှင့် ပတ်သက်သည့်ကိစ္စ၊ (၃) မော်ချီးဒေသမှ ထွက်ရှိသည့် သတ္တုများစာရင်းဇယား တိကျခိုင်မာစွာထားရှိပြီး အဆင့်ဆင့် မည်ကဲ့သို့ တာဝန်ယူမှု တာဝန်ခံမှုတို့ဖြင့် ဂိတ်အသီးသီးအား ဖြတ်ကျော်၍ သယ်ယူစေခြင်းကိစ္စများနှင့် ပတ်သက်၍ သိရှိလိုကြောင်း ဥက္ကဋ္ဌကြီးမှတဆင့် မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မေးခွန်း(၁)ကို ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန၊ ဝန်ကြီးက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်အမှတ်(၁၁)**

**ဒေါက်တာအောင်ကျော်ဌေး၊ ဝန်ကြီး၊ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန။** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော့်အနေဖြင့် မယ်စဲ့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၏ ရတနာသီရိဘုန်းကြီးကျောင်းမှ မြကလပ်၊ ရွှေလက်ဝါးဘုန်းကြီးကျောင်းသို့ ဆက်သွယ်ထားသောလမ်းများအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြားသွားမှာဖြစ်ပါတယ်။ ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (၁၂)လ ဘတ်ဂျက်တွင် အဆိုပါလမ်းဖြစ်တဲ့ မြကလပ်ရွှေလက်ဝါးလမ်း အရှည် (၁၇၀၀×၁၂)ပေ ကျောက်မှကတ္တရာခင်းခြင်းလုပ်ငန်း ခန့်မှန်းခြေကုန်ကျငွေ(၂၇.၂)သန်းဖြင့် ဆောင်ရွက်နိုင်ရန် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မေးခွန်း(၂)ကို ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဝန်ကြီးက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးတီရယ်၊ ဝန်ကြီး၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဝန်ကြီး ဦးတီရယ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား . . .မယ်စဲ့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးမှ "တရားမဝင် သစ္စတ္တုသယ်ဆောင်ခြင်းအား အစိုးရမှ မည်ကဲ့သို့ဆောင်ရွက်နေသည်ကို သိရှိလိုကြောင်း" ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ရှင်းလင်းဖြေကြားပါမယ်။ (၁၉-၈-၂၀၁၇)ရက်နေ့တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့ဘက်မှ

ရှမ်းပြည်နယ်၊ အောင်ပန်းမြို့ဘက်သို့ မော်တော်ယာဉ်(၂)စီးနှင့် တရားမဝင်သတ္တုများ သယ်ဆောင်သွားကြောင်း ရှမ်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးထံသို့ ဖုန်းဖြင့် သတင်းပို့တိုင်ကြားချက်အရ ရှမ်းပြည်နယ်၊ သတ္တုတွင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်မင်း၊ ပင်လောင်းမြို့နယ် ရဲတပ်ဖွဲ့ (စခန်းမှူး)၊ နောင်တရား မြို့အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းမှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် တီကျစ်ကျေးရွာရဲကင်းစခန်းတွင် ဖမ်းဆီးထိန်းသိမ်းထားသော သတ္တုတင်ဆောင်ထားသည့် မော်တော်ယာဉ်(၂)စီးနှင့် အတူပါရှိသောသတ္တုများ၊ စာရွက်စာတမ်းများအား ပဏာမစစ်ဆေး ဆောင်ရွက်ခဲ့ပါတယ်။ (၂၂-၈-၂၀၁၇)ရက်နေ့တွင် ကယားပြည်နယ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ကယားပြည်နယ်သတ္တုတွင်းဦးစီးဌာန၊ ကယားပြည်နယ်၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ ပင်လောင်းမြို့နယ်အုပ်ချုပ်ရေးမှူး၊ ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှူး၊ တီကျစ်ကျေးရွာအုပ်ချုပ်ရေးမှူးတို့ပါဝင်သောအဖွဲ့နှင့် ရှမ်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဦးဆောင်၍ ရှမ်းပြည်နယ် သတ္တုတွင်းဦးစီးဌာန၊ ရှမ်းပြည်နယ်၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းပါဝင်သော အဖွဲ့တို့ဖြင့် တွေ့ဆုံဆွေးနွေး ခဲ့ပြီး၊ ဆွေးနွေးတွေ့ရှိချက်များအရ ရှမ်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးမှ တရားဥပဒေအတိုင်း အမှုဖွင့်အရေးယူဆောင်ရွက်သွားရန် ညွှန်ကြားခဲ့သဖြင့် ဖမ်းဆီးရမိသည့် ယာဉ်(၂)စီးပေါ်ရှိသတ္တုများအား (၂၂-၈-၂၀၁၇)ရက်နေ့၊ (၁၂:၀၀)အချိန်မှ (၂၃-၈-၂၀၁၇) ရက်နေ့၊ (၁၅:၃၀)နာရီအချိန်ထိ ရှမ်းပြည်နယ် သတ္တုတွင်းဦးစီးဌာန ဦးဆောင်သော အဖွဲ့ဖြင့် ဖွင့်ဖောက်စစ်ဆေးခြင်း၊ အလေးချိန်ချင်တွယ်ခြင်း၊ သတ္တုနမူနာများ ရယူခြင်းများဆောင်ရွက်ပြီး၊ မော်တော်ယာဉ်(၂)စီးပေါ်ပါရှိသည့် ခဲမဖြူ-အဖြိုက်နက်ရောရာ သတ္တု (၄၂.၆၇၃၄)မက်ထရစ်တန်ခန့်အား (ပ)၂၀/၂၀၁၇ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ(၃၁)အရ အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါကိစ္စနှင့် ပတ်သက်၍ (၂၄-၈-၂၀၁၇)ရက်နေ့တွင် ကျင်းပပြုလုပ်သော ရှမ်းပြည်နယ် သဘာဝသယံဇာတ စီမံခန့်ခွဲမှုကြီးကြပ်ရေးလုပ်ငန်းကော်မတီ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ကော်မတီအဖွဲ့ဝင်များ၏ စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်များအရ တရားဝင်စာရွက်စာတမ်းအထောက်အထားများ မှန်ကန်မှုရှိပြီး ကုမ္ပဏီအနေဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်း လုပ်ငန်းရုံးချုပ်၊ နေပြည်တော်ထံမှ တင်ဒါအောင်မြင်ထားသော ခဲမဖြူ-အဖြိုက်နက်သတ္တုများ သယ်ဆောင်ခြင်းဖြစ်ကြောင်းနှင့် သက်ဆိုင်သည့် အခွန်အခများပေးသွင်းပြီးကြောင်း၊

ကုမ္ပဏီမှ တင်ပြသည့် လွိုင်ကော်မြို့ ပန်ကန်းရပ်ကွက်ရှိခြံပိုင်ရှင်နှင့် ခေတ္တငှားရမ်းထားသည့် စာချုပ်စာတမ်း အထောက်အထားအရတင်ပို့ရောင်းချရန်ကျန်ရှိသည့် Lot(၂)Lot စုစုပေါင်း(၄၂.၆၇၃၄)မက်ထရစ်တန်အား တင်ဒါစည်းကမ်းချက်အပိုဒ်(၁၁)ပါ ဝယ်ယူခွင့်ရရှိသောပစ္စည်းများအားသယ်ယူရန်အတွက် တင်ဒါအောင်မြင်သူမှ ငွေအကြေပေးသွင်းပြီး၊ ဌာနသိုလှောင်ရုံမှ ရက်ပေါင်း(၄၅)ရက်အတွင်းသယ်ယူ/ ထုတ်ယူရမည်ဟု ပါရှိသောကြောင့် ဌာနသိုလှောင်ရုံရှိ တင်ဒါအောင်သတ္တုများထုတ်ယူ၍ လွိုင်ကော်မြို့ ပန်ကန်းရပ်ကွက်တွင် ခေတ္တသိုလှောင်သိမ်းဆည်းထားကြောင်း စစ်ဆေးသိရှိရသဖြင့် ရှမ်းပြည်နယ်ဥပဒေအကြံပေးထံမှ ဥပဒေအကြံပြုချက်ရယူရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါတယ်။ (၆-၉-၂၀၁၇)ရက်စွဲပါစာအမှတ်၊ (၁၀၆၆၈) / ၇ - ၁၇၀ / အခရ(ရှမ်း)ဖြင့် ညွှန်ကြားရေးမှူး ရှမ်းပြည်နယ်၊ သတ္တုတွင်းဦးစီးဌာနသို့ လိပ်မူ၍ ကွတ်ခိုင်ခမ်းကြိုင်ကုမ္ပဏီ၏ သတ္တုသယ်ဆောင်မှုကို တရားမဝင်သယ်ယူခြင်းဟု ယူဆပြီးနောင်တရားရဲစခန်း၌ ဖွင့်လှစ်ထားရှိသည့် အမှုအားတရားစွဲဆို အရေးယူရန်မှာ သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးထံမှ ခွင့်ပြုချက်များဖြင့် လုပ်ငန်းလုပ်ကိုင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ အခွန်ထမ်းဆောင်ခြင်းများကို ပြည့်စုံစွာဆောင်ရွက်၍ တရားဝင်အထောက်အထားဖြင့် တရားဝင်သယ်ဆောင်လာခြင်းသာဖြစ်၍ တရားစွဲဆိုအရေးယူရန် အကြောင်းမပေါ်ပေါက်ဘဲ ရှေ့နေချုပ်ဥပဒေ၊ နည်းဥပဒေတို့အရ "မှားယွင်းမှု"အဖြစ် အမှုကိုပိတ်သိမ်းရမည်ဖြစ်ပါကြောင်း ဥပဒေအကြံပြုချက်အတိုင်း ဆောင်ရွက်သွားရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အကြောင်းကြားလာပါတယ်။ (၇-၉-၂၀၁၇)ရက်နေ့တွင် သက်ဆိုင်ရာဌာနများသို့ အကြောင်းကြား၍ ရှမ်းပြည်နယ် သတ္တုတွင်းဦးစီးဌာနမှ အမှုပိတ်သိမ်းခဲ့ပါသဖြင့် တီကျစ်ရဲစခန်းတွင်ဖမ်းမိသည့် သတ္တု (၄၂.၆၇၃၄)မက်ထရစ်တန်ကိုစ္စရပ်နှင့် ပတ်သက်၍ ကုမ္ပဏီ၏ သတ္တုသယ်ယူမှုမှာ တရားဝင် သယ်ဆောင်ခြင်းသာဖြစ်ပါကြောင်းနှင့် "တရားမဝင်သတ္တုသယ်ဆောင်ခြင်းများအတွက်" ကယားပြည်နယ်အစိုးရမှ ၁၃၇၈ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁)ရက်၊ (၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၈ ရက်)ရက်စွဲပါ ရုံးအမိန့်စာအမှတ် (၄၀/ ၂၀၁၈) ဖြင့် ဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကယားပြည်နယ်၊ ဥက္ကဋ္ဌအဖြစ် ပါဝင်သောအဖွဲ့ဝင် (၁၁)ဦးဖြင့် သတ္တုနှင့် တွင်းထွက်ပစ္စည်းများ သယ်ဆောင်မှုပဏာမစိစစ်ရေးအဖွဲ့နှင့် တာဝန်ဝတ္တရားများ ထုတ်ပြန်ထားပါကြောင်း၊ ၎င်းအပြင် ကယားပြည်နယ်အစိုးရမှ (၉-၇- ၂၀၁၈)ရက်စွဲပါစာအမှတ်၊ ၄ / ၇ - ၁၀၅(၂၆၁)/ ဦး ၅ ဖြင့် ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကယားပြည်နယ်၊ အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်သောအဖွဲ့ဝင် (၆)ဦးဖြင့်

“တရားမဝင် သတ္တုသယ်ဆောင်မှုတားဆီးရေးအဖွဲ့”နှင့် ၎င်းအဖွဲ့၏ တာဝန်ဝတ္တရားများ ထုတ်ပြန်ထားပါကြောင်းနှင့် ကယားပြည်နယ်အတွင်း သတ္တုသယ်ဆောင်ခြင်းများ အတွက် ဖွဲ့စည်းထားသည့် အဖွဲ့(၂)ဖွဲ့ဖြင့် စစ်ဆေးကြပ်မတ်ခြင်း၊ ကယားပြည်နယ် အတွင်း တိုင်းဒေသကြီး/ ပြည်နယ်နယ်စပ် ဝင်/ ထွက်ဂိတ်များတွင် လုံခြုံရေးအဖွဲ့ တာဝန်ချထား၍ စစ်ဆေးကြပ်မတ်လျက်ရှိပါတယ်။ ပြည်ထောင်စု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း(ရုံးချုပ်)၏(၈-၃-၂၀၁၈)ရက်စွဲပါစာအမှတ်၊ ၂၇၆/ ဝ၈/ သတ္တု/ ၂၀၁၈ ဖြင့်(၂၀၁၄- ၂၀၁၅) ဘဏ္ဍာရေးနှစ်အတွင်း အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ တင်ဒါခေါ်ယူရောင်းချခဲ့သော ရွှေလမ်းကမ္ဘာကုမ္ပဏီပိုင် အဆင့်မြင့်ခွဲခြားသန့်စင်ပြီးသော သတ္တုသန့်စင် စုစုပေါင်း (၁၅၇.၀၇၆၈)မက်ထရစ်တန်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အမှတ်(၂)သတ္တုတွင်း လုပ်ငန်းအမည်ဖြင့် တင်ပို့ရောင်းချမည်ဖြစ်ကြောင်းနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးရန် ညွှန်ကြားခဲ့ပါတယ်။ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း(ရုံးချုပ်)၏ ခွင့်ပြုမိန့်၊ ကယားပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုမိန့်ရရှိပြီးနောက် ဌာန၏ လုပ်ထုံး လုပ်နည်းနှင့်အညီ ကယားပြည်နယ် သတ္တုတွင်းစီမံကိန်းရုံးမှ ဌာနကိုယ်စားလှယ်လိုက်ပါ၍ ကယားပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုသည့် (၂၂-၃-၂၀၁၈)ရက်နေ့ (၀၅:၀၀)နာရီအချိန် သတ္တုတင်ယာဉ်(၅)စီးဖြင့် သတ္တုသန့်စင် (၁၅၇.၀၇၆၈)မက်ထရစ်တန် တင်ဆောင်ကာ ကယားပြည်နယ် ဝါရီကောခူ စစ်ဆေးရေးဂိတ်တွင် (၀၆:၁၅)အချိန် စစ်ဆေးမှုခံယူကာ ထွက်ခွာပါကြောင်း၊ (၂၃-၃-၂၀၁၈)ရက်နေ့ (၀၉:၀၀)အချိန်တွင် မန္တလေးတိုင်းဒေသကြီး (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးဂိတ်၊ (၂၄-၃-၂၀၁၈)ရက်နေ့ (၁၀:၃၀)အချိန် ရေပူ စစ်ဆေးရေးစခန်း(သိန္နီ)၊ ယင်းနေ့ (၁၇:၁၅)အချိန် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေး စခန်း၊ (၂၅-၃-၂၀၁၈)ရက်နေ့ (၀၉:၃၀)အချိန်မှ (၁၄:၃၀) အချိန်ထိ စစ်ဆေးမှုခံယူပြီး တရုတ်-မြန်မာနယ်စပ်မန်ဝိန်းစစ်ဆေးရေးဂိတ်တွင် (၁၅:၁၅)အချိန် တရုတ်နိုင်ငံကုမ္ပဏီ ကိုယ်စားလှယ်ထံ သတ္တုသန့်စင်များအားလုံး စနစ်တကျလွှဲအပ်ခဲ့ပါတယ်။ မေးခွန်း အမှတ်စဉ်(၃)နှင့် ပတ်သက်၍ သတ္တုတွင်းလုပ်ငန်း၊ မော်ချီးဒေသမှ ထွက်ရှိသော သတ္တုများကို အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ မော်ချီးသတ္တုတွင်း စီမံကိန်းပိုင် သိုလှောင်ရုံတွင် နိုင်ငံတော်အချိုး၊ ကုမ္ပဏီအချိုးများအား စနစ်တကျခွဲဝေ၍ သိုလှောင်ထားရှိခဲ့ပါတယ်။ ၎င်းသတ္တုများ၏ ကုမ္ပဏီအချိုး၊ နိုင်ငံတော်အချိုးအား မော်ချီးမှ လွိုင်ကော်သို့ သယ်ယူရန်အတွက် ပြည်ထောင်စု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ ခွင့်ပြုမိန့်ရရှိပါက ပြည်နယ်အစိုးရအဖွဲ့သို့

တင်ပြပြီး ပြည်နယ်အစိုးရ၏ ခွင့်ပြုချက်အရ (၈-၈-၂၀၁၈)ရက်စွဲပါ ရုံးအမိန့်စာအမှတ် (၄၀/၂၀၁၇)ဖြင့် ဖွဲ့စည်းထားသည့် ပဏာမစိစစ်ရေးအဖွဲ့ဖြင့် စစ်ဆေးခြင်း၊ သတ္တုများ မော်ချီးတွင် တင်ဆောင်ရန်အတွက် ကယားပြည်နယ်အစိုးရအဖွဲ့ရုံး၏ (၉-၇-၂၀၁၇) ရက်စွဲပါ စာအမှတ်၊ ၄/ ၇-၁၀၅(၂၆၁)/ ဦး ၅ ဖြင့် ဖွဲ့စည်းထားသော တရားမဝင် သတ္တုသယ်ယူမှု တားဆီးရေးအဖွဲ့ဖြင့် သတ္တုရှိရာဒေသတွင် အသေးစိတ်စစ်ဆေးခြင်းများ ဆောင်ရွက်ကာ ဆက်လက်တင်ပြရပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့၏ သယ်ဆောင်ခွင့် ရရှိပါက ခွင့်ပြုသည့် ရက်(၁)ရက် (၁)ကြိမ်အပြီးအပြတ် သယ်ဆောင်ခြင်းဖြစ်ပါတယ်။ မော်ချီးမှ လွိုင်ကော်သို့ သတ္တုများသယ်ယူရာတွင် ကုမ္ပဏီအချိုး၊ နိုင်ငံတော်အချိုး မည်သည့် သတ္တုသယ်ယူသည်ဖြစ်စေ၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ ကယားပြည်နယ်မှ အရာရှိ ဦးစီးလုံလောက်သောအဖွဲ့၊ ကုမ္ပဏီမှ တာဝန်ခံအဖွဲ့ တစ်ပါတည်းလိုက်ပါကာ လမ်းခရီးဂိတ်အသီးသီးတွင် ဌာန၊ ပြည်နယ်အစိုးရအဖွဲ့ခွင့်ပြုမိန့်များ၊ သတ္တုသယ်ယာဉ်/ ယာဉ်မောင်း မှန်ကန်မှုရှိ/ မရှိ ယာဉ်အရေအတွက် မှန်/ မမှန် လိုအပ်သည်များကို စစ်ဆေး ခြင်းပြီးစီးမှသာ သယ်ယူပို့ဆောင်ရခြင်းဖြစ်ပါကြောင်း၊ မော်ချီးမှ လွိုင်ကော်မြို့ သိုလှောင်ရုံသို့ရောက်ရှိပါက ဌာနမှစစ်ဆေးခြင်း၊ တရားမဝင်သတ္တုသယ်ယူမှု တားဆီးရေး အဖွဲ့မှ စစ်ဆေးခြင်းများဆောင်ရွက်ပြီးမှ သိုလှောင်ရုံတွင် သိုလှောင်ခြင်းဖြစ်ကာ လွိုင်ကော်မြို့မှ အခြားဒေသများသို့ တင်ပို့ရန် ပြည်ထောင်စုသယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ကယားပြည်နယ်အစိုးရအဖွဲ့ထံ ထပ်မံတင်ပြ၍ ခွင့်ပြုချက်ယူရသောစနစ်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဖြေကတော့ ကောင်းပါတယ်။ ဒါပေမယ့် အဲ့ဒါကို ကျွန်တော် အစအဆုံးသိထားတယ်။ စိတ်မကောင်းတာက ကျွန်တော်တို့ ပြည်နယ်ကထွက်ပြီးမှ ဒီဟာတွေက သယ်ဆောင်သွားပြီပြောတဲ့စာလည်းရှိတယ်။ ပေါင်းစပ်ပြီးတော့ ညှိနှိုင်းတာ မရှိဘဲနဲ့ ခုနရှမ်းပြည်နယ်က တရားမဝင်ပါဘူး လုပ်လိုက်တာဖြစ်သွားတယ်။ အမှန်က အားလုံး သူတို့ကုမ္ပဏီပိုင်ဟာတွေကို သယ်ဆောင်ပြီးသားဆိုတာ ပြည်နယ်အစိုးရအဖွဲ့ ထွက်တဲ့စာ ကျွန်တော့်မှာရှိတယ်။ ဒါကို ကျွန်တော်ပြောပြတာပါ။ ပြည်သူဘဏ္ဍာကို အလေအလွင့်မရှိစေရေးနှင့် လုပ်တဲ့သူလည်းပဲ အမှန်အကန်ဖြစ်စေရေးကို ဆောင်ရွက် စေချင်ပါတယ်။ ကျွန်တော် ကြားဖြတ်ပြောတာပါ။

**ဦးခင်မောင်ထွန်း(ခ)နော်အီး၊ ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ "နှစ်စဉ် ကယားပြည်နယ်နေ့ ကျင်းပသည့်မြေနေရာအား ကယားပြည်နယ်နေ့ ကျင်းပရေးအတွက် အများပြည်သူပိုင်မြေအဖြစ်ထားရှိရေး တိုက်တွန်းကြောင်း" အဆိုနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ အကြံပြုဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ထွန်း တင်သွင်းထားတဲ့ "နှစ်စဉ် ကယားပြည်နယ်နေ့ ကျင်းပသည့်မြေနေရာအား ကယားပြည်နယ်နေ့ကျင်းပရေးအတွက် အများပြည်သူပိုင်မြေအဖြစ်ထားရှိရေး တိုက်တွန်းကြောင်း" အဆိုနှင့်စပ်လျဉ်းပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက ဆွေးနွေးရန် အမည်စာရင်းပေးပို့ထားပါတယ်။ ပထမဦးစွာ ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသဲရယ်မှ ဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးသဲရယ်၊ ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသဲရယ် ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးလိုတဲ့အချက်ကတော့ "နှစ်စဉ် ကယားပြည်နယ်နေ့ ကျင်းပသည့်မြေနေရာအား ကယားပြည်နယ်နေ့ကျင်းပရေးအတွက် အများပြည်သူပိုင်မြေအဖြစ်ထားရှိရေး တိုက်တွန်းကြောင်း" အဆိုနှင့်ပတ်သက်ပြီး ဆွေးနွေးမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားများကို လေးစားအသိအမှတ်ပြုတဲ့အနေနဲ့ ပြည်နယ်အသီးသီးမှာ ပြည်နယ်နေ့များ သတ်မှတ်ထားရှိပြီး အထိမ်းအမှတ်ပွဲများ ကျင်းပခွင့်ပေးလျက်ရှိရာ မိမိတို့ကယားပြည်နယ်သည်လည်း နှစ်စဉ် ဇန်နဝါရီလ ၁၅ ရက်နေ့ကို ကယားပြည်နယ်နေ့အဖြစ် သတ်မှတ်ပြီး စဉ်ဆက်မပြတ်ကျင်းပလာခဲ့သည်မှာ (၆၆)နှစ်တိုင် ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ အခြားပြည်နယ်နေ့များထက် သာလွန်ကောင်းမွန်အောင် ကယားပြည်နယ်နေ့ပွဲတော်ကို တစ်နှစ်ထက်တစ်နှစ် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိတာကိုလည်း မြင်တွေ့နေရပါတယ်။ ဌာနဆိုင်ရာပြခန်းများ၊ ရိုးရာအစားအသောက်များ ရောင်းချရာ ဆိုင်ခန်းများ၊ မုန့်ဈေးတန်းများ၊ အားကစားပြိုင်ပွဲများအပြင် ဇာတ်သဘင်များ၊ တေးဂီတဖျော်ဖြေပွဲများနှင့် ကုန်စည်ပြပွဲများ ထည့်သွင်းပြီး တစ်နှစ်ထက်တစ်နှစ် စည်ကားစွာ ကျင်းပလျက်ရှိရာ ပြည်သူအများအပြား လာရောက်ဆင်နွှဲကြပြီး ၎င်းတို့ထံမှ

အားရကျေနပ်မှုအသံများ ကြားသိရပါတယ်။ ထိုကဲ့သို့ တစ်နှစ်မှတစ်ကြိမ် ဆင်နွဲခွင့်ရသည့် ကယားပြည်နယ်ပွဲတော်ကို လာရောက်ကြမည့် ပြည်သူအမြောက်အများ လွတ်လပ်ပျော်ရွှင်စွာ ဆင်နွဲနိုင်ရေးနှင့် ပြည်သူတို့အား ငဲ့ကွက်စဉ်းစားသောအားဖြင့် ပြည်နယ်နေ့ပွဲတော်ကျင်းပသည့်မြေဧရိယာကို ကျယ်ကျယ်ဝန်းဝန်း အပြည့်အဝ အသုံးပြုခွင့်ရရှိရေးအတွက် ယခုရေလွှာလျှောအပန်းဖြေစခန်းလုပ်ငန်းနှင့် ဟိုတယ်သစ်ဆောက်လုပ်နေခြင်းလုပ်ငန်းများကို ပယ်ဖျက်ပေးရန်နှင့် အများပြည်သူပိုင်မြေနေရာလွတ်အဖြစ် ထားရှိပေးရန် တောင်းဆိုပါကြောင်း အဆိုရှင်ဘက်မှ ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဘောလခဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုးရယ်မှ ဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးစိုးရယ်၊ ဘောလခဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား. . . ကျွန်တော့်အနေနဲ့ "နှစ်စဉ် ကယားပြည်နယ်နေ့ကျင်းပသည့်မြေနေရာအား ကယားပြည်နယ်နေ့ကျင်းပရေးအတွက် အများပြည်သူပိုင်မြေအဖြစ်ထားရှိရေး တိုက်တွန်းကြောင်း" အဆိုနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကယားတိုင်းရင်းသားတွေအတွက် ကယားပြည်နယ်နေ့ဟာ နေ့ထူးနေ့မြတ်ဖြစ်ပါတယ်။ တစ်နှစ်ပတ်လုံးနေမှ တစ်ကြိမ်သာကျင်းပလေ့ရှိတဲ့ ကယားပြည်နယ်နေ့မှာ ဌာနေတိုင်းရင်းသား ပြည်သူများအားလုံး ကျေးရွာမှပြည်သူများလည်း မြို့ပေါ်သို့လာရောက်၍ ကယားပြည်နယ်နေ့ပွဲတော်ကို ပျော်ရွှင်စွာဆင်နွဲလေ့ရှိကြပါတယ်။ နှစ်စဉ်နှစ်တိုင်းလည်း ကယားပြည်နယ်နေ့အထိမ်း အမှတ်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိပြီး ပြည်သူအများအပြားလာရောက် လည်ပတ်ကြသည့်အတွက် မိမိတို့ပြည်နယ်၏ အေးချမ်းမှုပုံရိပ်၊ ဌာနေတိုင်းရင်းသားတို့၏ ပျော်ရွှင်မှုပုံရိပ်များကို ကယားပြည်နယ်သာမက မြန်မာနဲ့ကမ္ဘာသို့တိုင်အောင် သိခွင့်မြင်ခွင့်ရတဲ့အတွက် ကယားရိုးရာအစဉ်အလာကို ပေါ်လွင်ထင်ဟပ်စေပါတယ်။ နှစ်စဉ်နှစ်တိုင်း ကယားပြည်နယ်နေ့ကျင်းပမြဲဖြစ်သည့် ကယားဒေးကွင်းတွင် ယခုအခါ ရေလွှာလျှောအပန်းဖြေစခန်းနှင့် စီးပွားရေးလုပ်ငန်း ဟိုတယ်တစ်ခုဖွင့်လှစ်ရန်လျာထားသည်ကို တွေ့ရှိရပါတယ်။ အဲ့ဒီလို လျာထားဆောင်ရွက်ချက်ကို ပွင့်လင်းမြင်သာစွာချပြမှုမရှိဘဲ ဆောင်ရွက်ခြင်းကြောင့် ပြည်သူများ၏အသံများအရ ဆွေးနွေးရခြင်းဖြစ်ပါတယ်။ ကယားပြည်နယ်နေ့ ကျင်းပရာနေရာအနီးတွင် မည်သည့်စီးပွားဖြစ်လုပ်ငန်းမျှထားရန်

မသင့်လျော်ပါ။ လူဦးရေက နည်းသွားမှာမဟုတ်သလို နှစ်စဉ်တိုးတက်လာမဲ့လူဦးရေ ဆိုင်ကယ်၊ ကားကိစ္စများကိုပါ ထည့်သွင်းစဉ်းစားသင့်ပါတယ်။ ယခုအစိုးရလက်ထက်မှာ Up in Down စနစ်မျိုးမဟုတ်ဘဲ Bottom up နဲ့ သွားနေတဲ့ ပြည်သူနဲ့အတူဆိုတဲ့ဆောင်ပုဒ်ကို ပြည်နယ်အစိုးရအနေနဲ့ သတိထားပြီး ဆောင်ရွက်သင့်ပါတယ်။ ၄င်းအပန်းဖြေစခန်းမြေနေရာသည် ကယားပြည်နယ်နေ့ပွဲတော်ကျင်းပသည့်အခါ ပွဲတော်လာပြည်သူများ၏ ယာဉ်ရပ်နားစခန်းဖြစ်ပါတယ်။ ထိုအတွက်ကြောင့် မိမိတို့ ပြည်နယ်နေ့အထိမ်းအမှတ်ပွဲတော်ကျင်းပသည့် အများပြည်သူပိုင်မြေနေရာတွင် စီးပွားဖြစ်လာရောက်လုပ်ကိုင်နေသော မည်သူတစ်ဦးတစ်ယောက်ကိုမျှ လက်မခံပါကြောင်း မဲဆန္ဒရှင်ပြည်သူများ၏ကိုယ်စား ဆွေးနွေးတင်ပြရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မယ်စဲ့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးမှ ဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးအောင်နိုင်ဦး၊ မယ်စဲ့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** ။ "နှစ်စဉ်ကယားပြည်နယ်နေ့ ကျင်းပသည့်မြေနေရာအား ကယားပြည်နယ်နေ့ကျင်းပရေးအတွက် အများပြည်သူပိုင်မြေအဖြစ်ထားရှိရေး တိုက်တွန်းကြောင်း"အဆိုနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြချင်ပါတယ်။ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူမှရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များဖြစ်သလို အစိုးရသည်လည်း ပြည်သူမှရွေးချယ်ထားသော ပြည်သူ့အစိုးရ ဖြစ်ပါတယ်။ အစိုးရအနေဖြင့် မည်သည့်လုပ်ငန်းကိုဆောင်ရွက်သည်ဖြစ်စေ ပြည်သူတို့အား ချပြရှင်းလင်း၍ ပြည်သူ့သဘောထားခံယူဖို့လိုသလို ပြည်သူတို့နစ်နာ၍ တစ်စုံတစ်ဦး အကျိုးစီးပွားဖြစ်ထွန်းမည့်ကိစ္စရပ်များအားခွင့်မပြုသင့်ကြောင်း သုံးသပ်မိပါတယ်။ "ပြည်သူ့အသံ၊ လွှတ်တော်အသံ"ဟူသောဆောင်ပုဒ်နှင့်အညီ ယခုရေလွှာလျှော အပန်းဖြေစခန်းနှင့် ဟိုတယ်သစ်ဆောက်လုပ်မည့်မြေနေရာသည် ကယားပြည်နယ်နေ့ပွဲတော် မြေဧရိယာတွင် ပါဝင်သည့်အတွက် အများပြည်သူပိုင်နေရာတွင် ထိုကဲ့သို့ တစ်စုံတစ်ဦးမှ စီးပွားရေးလာရောက်လုပ်ကိုင်နေခြင်းသည် ပြည်သူများအား မလေးစားရာရောက်ကြောင်း ပြည်သူများကိုယ်စား ထောက်ပြလိုပါတယ်။ ဒါ့အပြင် ပွင့်လင်းမြင်သာစွာ လုပ်ဆောင်ခြင်းမရှိဘဲ လုပ်ငန်းဆောင်ရွက်နေတာကို တွေ့ရတဲ့အတွက် ကန့်ကွက်ကြောင်း တင်ပြလိုပါတယ်။ မိမိသည် ပြည်သူမှရွေးကောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်ဖြစ်သည့်အတွက် ပြည်သူတို့ နစ်နာပြီးတစ်စုံတစ်ဦးအကျိုးစီးပွားဖြစ်သွားမည့် မည်သည့်လုပ်ငန်းကိုမှ ခွင့်ပြုမည် မဟုတ်သလို

ဌာနေတိုင်းရင်းသားတို့၏ အထွဋ်အမြတ်ထားရာ ပွဲတော်မြေနေရာဖြစ်သည့်အတွက်လည်း ဌာနေတိုင်းရင်းသားပြည်သူများကိုယ်စား ဆွေးနွေးတင်ပြခြင်းဖြစ်သဖြင့် ပြည်သူများ၏ သဘောထားကောက်ယူပြီးမှသာ ဆောင်ရွက်သင့်ကြောင်းနှင့် ခေတ်အဆက်ဆက်အများပြည်သူအတွက် ထားရှိခဲ့သည့်မြေနေရာအား စီးပွားရေးအလို့ငှာ အငှားချထားပေးခြင်းအား ရပ်သိမ်း၍ ပြည်နယ်နေ့ကျင်းပရာ မြေနေရာအဖြစ်သာထားရှိရေးကို ပြည်နယ်ဥက္ကဋ္ဌကြီးမှတဆင့် လွှတ်တော်သို့ ဆွေးနွေးတင်ပြခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

## ဦးခင်မောင်ထွန်း(ခ)နော်အီး၊ ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ "နှစ်စဉ် ကယားပြည်နယ်နေ့ ကျင်းပသည့်မြေနေရာအား ကယားပြည်နယ်နေ့ ကျင်းပရေးအတွက် အများပြည်သူပိုင်မြေအဖြစ်ထားရှိရေး တိုက်တွန်းကြောင်း" အဆိုနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးခင်မောင်ထွန်း(ခ)နော်အီး၊ ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ "နှစ်စဉ် ကယားပြည်နယ်နေ့ ကျင်းပသည့်မြေနေရာအား ကယားပြည်နယ်နေ့ ကျင်းပရေးအတွက် အများပြည်သူပိုင်မြေအဖြစ်ထားရှိရေး တိုက်တွန်းကြောင်း"အဆိုနှင့် စပ်လျဉ်းပြီး ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ဦးသဲရယ်၊ ဘောလခဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးစိုးရယ်၊ မယ်စဲ့မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးအောင်နိုင်ဦး စတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်(၃)ဦးတို့က ဆွေးနွေးခဲ့ပါတယ်။ ဒီအဆိုနဲ့ ပတ်သက်ပြီး ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူဆောင်ရွက်သွားပါမယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ "နှစ်စဉ် ကယားပြည်နယ်နေ့ ကျင်းပသည့်မြေနေရာအား ကယားပြည်နယ်နေ့ကျင်းပရေးအတွက် အများပြည်သူပိုင် မြေအဖြစ်ထားရှိရေး တိုက်တွန်းကြောင်း" အဆိုအား ပြည်နယ်လွှတ်တော်တွင် အတည်ပြုရန် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**{သုံးကြိမ်တိုင်စီ မေးမြန်းပါသည်။}**

**{ဒေါက်တာအောင်ကျော်ဌေး( လွိုင်ကော်မြို့နယ် ၊ မဲဆန္ဒနယ်အမှတ် - ၁)၊ ဦးဘော့စ်ကို(ဒီမော့ဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ် - ၂)နှင့် ဦးတီရယ် (ရှားတောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)တို့က သဘောမတူသည့်အတွက် မတ်တတ်ရပ်ကြပါသည်။}**

**ဥက္ကဋ္ဌ။** ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ သဘောမတူတဲ့သူရှိတဲ့အတွက် ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်( ၂ )မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ထွန်း(ခ)နော်အီး တင်သွင်းထားတဲ့ "နှစ်စဉ် ကယားပြည်နယ်နေ့ ကျင်းပသည့် မြေနေရာအား ကယားပြည်နယ်နေ့ ကျင်းပရေးအတွက် အများပြည်သူပိုင်မြေအဖြစ် ထားရှိရေး တိုက်တွန်းကြောင်း"အဆိုအား ၂၀၁၄ ခုနှစ်၊ ကယားပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၃၁(ထ)(၁) အရ ဆန္ဒမဲလက်မှတ်အသုံးပြု၍ လျှို့ဝှက်ဆန္ဒမဲပေးသည့် နည်းလမ်းဖြင့် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူသွားမှာဖြစ်ပါတယ်။

**ဦးအယ်လ်ဖောင်းရှို၊ ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့။** ။ ကျွန်တော့်ကို ဆွေးနွေး ခွင့်ပြုပါ။ ကိုယ်စားလှယ် တစ်ယောက်ဖြစ်တဲ့အတွက် လွှတ်တော်နဲ့ အစိုးရ Check and Balance ဖြစ်ရေး ကျွန်တော်တို့ အလေးထားပါတယ်။ ကျွန်တော်ကိုယ်တိုင် ကလည်း ပြည်နယ်မှာမွေးဖွားတဲ့ တိုင်းရင်းသားတစ်ယောက် ဖြစ်တယ်။ တိုင်းရင်းသား တစ်ယောက်ဖြစ်တာနဲ့အညီ ကိုယ်စားလှယ်အဖြစ်ရော တာဝန်ရှိတယ်။ ပြည်နယ်အစိုးရ အဖွဲ့မှာ တာဝန်ယူရတဲ့ ဝန်ကြီးချုပ်လည်းဖြစ်တယ်။ ဒီအချိန်မှာ ကျွန်တော်တို့အစိုးရဟာ လွှတ်တော်နဲ့ Check and Balance ဖြစ်ဖို့ အများပြည်သူရဲ့အကျိုးကို ပူးပေါင်း ဆောင်ရွက်နိုင်ဖို့ အလေးထားပါတယ်။ ကယားပြည်နယ်နေ့ ကွင်းပြင်ကြီးဟာ ကျွန်တော်တို့ ပြည်နယ်နေ့အခမ်းအနား ကျင်းပခဲ့တာဟာ (၆၆)ကြိမ် ရှိခဲ့ပါပြီ။ ပြည်နယ် တိုင်းရင်းသားတွေအတွက် တကယ်ရှိသင့်တဲ့ကွင်းပါ။ ဒါပေမယ့် ကွင်းကို ကျွန်တော်တို့ ပြည်နယ်အစိုးရအနေနဲ့ အကုန်လုံး အပြည့်အဝလုပ်တာမဟုတ်ဘူး။ ရင်းနှီးမြှုပ်နှံမှုဖိုရမ် တစ်ခုရဲ့ရလဒ်ကို ကျွန်တော်တို့ ဖော်ဆောင်ခဲ့ပါတယ်။ ဒီလိုဖော်ဆောင်တဲ့နေရာမှာ အားလုံးကို အသုံးပြုခဲ့ခြင်းမဟုတ်ဘူး။ ယခင်က တပ်က ကင်းတဲဆောက်ထားတဲ့နေရာ အနည်းအကျဉ်းလေးယူပါတယ်။ ပြီးရင် ဒီဘက်မှာ ကားပါကင်အပြည့်အဝသုံးထားတဲ့ နေရာမဟုတ်တဲ့နေရာ အနောက်ကို ယူပါတယ်။ ယူပြီးရင်လည်း အစိုးရအနေနဲ့ ဒီမြေ တွေကို တကယ်လို့သုံးပြီးဆိုရင်လည်း နောက်ကားပါကင်အတွက် တစ်ခြားတစ်နေရာကို ထပ်ပြီးထည့်လို့ရတဲ့ IC ကွင်းဘက် တစ်ကြောမှာ စီစဉ်ထားပါတယ်။ ပွင့်လင်းမြင်သာမှု မရှိတာမဟုတ်ပါဘူး။ ဖိုရမ်ကို ကျင်းပတဲ့အချိန်မှာ ပွင့်လင်းမြင်သာစွာ ချပြပါတယ်။ ရင်းနှီးမြှုပ်နှံတဲ့ မည်သူမဆို ရင်းနှီးမြှုပ်နှံမယ်ဆိုရင် အစိုးရအဖွဲ့အနေနဲ့ လုပ်ထုံး လုပ်နည်း မူဘောင်နဲ့အညီ စီစဉ်ပေးဖို့ အမြဲအလေးထားပါတယ်။ ဒီလိုအလေးထားတဲ့ကိစ္စ တစ်ခုကို အလုပ်အကိုင်အခွင့်အလမ်း လည်းရမယ်။ ပြည်နယ်ဘတ်ဂျက်လည်းရမယ်။ နိုင်ငံတော်လည်းဝင်ငွေရမယ့် ကိစ္စလည်းဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကျိုးအတွက် သုံးစွဲ

လိုက်ခြင်း မဟုတ်ပါဘူးဆိုတာကိုလည်းပဲ ကိုယ်စားလှယ်တစ်ယောက်ဖြစ်တာနဲ့ အညီ လက်ရှိလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်သူပြည်နယ်သားအားလုံးကိုချပြပါတယ်။ ဒီလိုချပြတဲ့နေရာမှာ ကျွန်တော့်အနေနဲ့ကတော့ ဥက္ကဋ္ဌကြီးအနေနဲ့ လွှတ်တော်မှာ ကိုယ်စားလှယ်တွေရဲ့ အများသဘောဆန္ဒအရ ဆောက်ခွင့်မပြုဘူးဆိုရင်လည်း ကျွန်တော်တို့ အစိုးရအနေနဲ့ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို အစိုးရဆိုတာ လက်ခံဖော်ဆောင်ပေးရပါတယ်။ ဘယ်တော့မှ လွှတ်တော်အပေါ်မှာ အစိုးရအနေနဲ့ အတိုက်အခံလုပ်မှာ မဟုတ်ပါဘူး။ အစိုးရဟာလည်း ပြည်သူအတွက်လုပ်တယ်။ လွှတ်တော်လည်း ပြည်သူအတွက် လုပ်တာဖြစ်တဲ့အတွက်ကြောင့် ဒီနေ့ဒီအစီအစဉ်ဒီအခမ်းအနားမှာ မဲခွဲဆုံးဖြတ်ရမယ့် ကဏ္ဍမဟုတ်ဘူးလို့ ကျွန်တော်မြင်ပါတယ်။ မဲခွဲဆုံးဖြတ်ခြင်းဟာလည်း ပြည်နယ်တစ်ပြည်နယ်လုံး၊ တစ်နိုင်ငံလုံးကြည့်နေတဲ့ Channel အရ မသင့်တဲ့ကိစ္စတစ်ခုဖြစ်တဲ့အတွက်ကြောင့် မဲခွဲဆုံးဖြတ်ခြင်း အစီအစဉ်ကိုမလုပ်ဖို့ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ယူပြီးမှသာလျှင် အစိုးရအဖွဲ့က မလုပ်စေချင်ဘူးဆိုရင် မလုပ်ဘူးဆိုတဲ့အခြေအနေကို အစိုးရက ဖော်ဆောင်ပေးပါ့မယ်။ မဲခွဲဆုံးဖြတ်တဲ့ကဏ္ဍမဟုတ်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးကို တာဝန်ရှိတဲ့သူတစ်ဦးလည်းပီပီ ကျွန်တော်တို့အကြီးအကဲနှစ်ယောက်ရဲ့ အခြေအနေသဘောထားလေးကို ကျွန်တော်ပြောခြင်းဖြစ်တယ်။ ဥက္ကဋ္ဌက မလုပ်ပါနဲ့ဆိုရင် အစိုးရအနေနဲ့ လွှတ်တော်မှာ အတည်ပြုတဲ့ကဏ္ဍကို ဘယ်တော့မှ ဖော်ဆောင်မှာမဟုတ်ဘူးဆိုတာ ပြောချင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ပွင့်လင်းမြင်သာစွာလုပ်ခဲ့တဲ့ ကဏ္ဍကြီးတစ်ခုကိုတော့ ပြန်လည်စဉ်းစားသုံးသပ်ပေးလို့ရတယ်ဆိုရင် ရေရှည်အတွက် ပြန်လည်သုံးသပ်လိုမှာဖြစ်ပါတယ်။ ဒီအပေါ်မှာ ကျွန်တော် အစိုးရနိုင်နေဖို့ အလုပ်လုပ်တာမဟုတ်ဘူး။ လွှတ်တော်ကလည်းနိုင်နေဖို့ အလုပ်လုပ်တာမဟုတ်ဘူး။ အများပြည်သူအတွက် တကယ့်စေတနာမေတ္တာထားပြီးမှ အလုပ်လုပ်နေတဲ့လူချင်းအတူတူ ဒီအပေါ်မှာတော့ မဲခွဲဆုံးဖြတ်ဖို့မသင့်ဘူးလို့ ကျွန်တော့်အနေနဲ့ ပြောကြားရင်း ဥက္ကဋ္ဌကြီးကို တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကျွန်တော်တို့ နှစ်ယောက်ထဲ လုပ်လို့မရဘူး။ ဒါလွှတ်တော်တစ်ရပ်လုံးနဲ့ဆိုင်တဲ့ကိစ္စဖြစ်တဲ့အတွက် ကျွန်တော်တို့ မဲခွဲဆုံးဖြတ်ပါမယ်။ ကျွန်တော်တို့နှစ်ယောက်ရဲ့ ဆုံးဖြတ်ချက်က အဓိကမဟုတ်ဘူး။ လွှတ်တော်ကိုယ်စားလှယ် အားလုံးရဲ့ ဆုံးဖြတ်ချက်က အဓိကဖြစ်တဲ့အတွက် အခမ်းအနားမှူးအနေနဲ့ ဆက်လက်လုပ်ဆောင်ပါ့မယ်။

**အခမ်းအနားမှူး။** ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင့် . . . ယခုအချိန်ကစပြီး လျှို့ဝှက်ဆန္ဒမဲ ပေးတဲ့အစီအစဉ် စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။ ယနေ့အစည်းအဝေးမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ (၁၈)ဦးဖြစ်ပါတယ်။ ပထမဦးစွာ ကြီးကြပ်သူအရာရှိမှ ယူဆောင်လာတဲ့ ဆန္ဒမဲလက်မှတ် အရေအတွက်များကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုလက်မှတ် ရေးထိုးပေးရန် ဖြစ်ပါတယ်။

{**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုလက်မှတ်ရေးထိုးပါသည်။**}

**အခမ်းအနားမှူး။** ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင့် . . .။ ယူဆောင်လာတဲ့မဲအရေအတွက်မှာ (၁၈)ရွက်ဖြစ်ပါတယ်။ ဆန္ဒမဲပေးရန်အတွက် ဖွဲ့စည်းထားသည့် အထောက်အကူပြုဝန်ထမ်းအဖွဲ့မှ လွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်မှာ ဆန္ဒမဲပုံးအတွင်း မည်သည့်အရာမျှမရှိကြောင်း ထင်ရှားအောင်ပြသပေးရန် ဖြစ်ပါတယ်။

{**အထောက်အကူပြုဝန်ထမ်းအဖွဲ့မှ ဆန္ဒမဲပုံးအတွင်း မည်သည့်အရာမျှမရှိကြောင်း ပြသပါသည်။**}

**အခမ်းအနားမှူး။** ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင့် . . . ဆန္ဒမဲလက်မှတ်ပုံစံများကို အခမ်းအနားမှူးထံ လက်မှတ်ရေးထိုး လာရောက်ထုတ်ယူနိုင်ပါရန်နှင့် လျှို့ဝှက်ဆန္ဒပြုခန်းတွင် မိမိ၏ ဆန္ဒပြုပြီးပါက ဆန္ဒမဲပုံး၌ ထည့်သွင်းပေးပါရန် ပန်ကြားအပ်ပါတယ်။ အဆိုအား အတည်ပြုလိုပါက ထောက်ခံသည့် ဇယား၌ အမှန်အမှတ်အသား (✔)ပြုရန်နှင့် အဆိုကို အတည်မပြုလိုပါက ကန့်ကွက်သည့် ဇယား၌ ကြက်ခြေခတ်အမှတ်အသား(✘)ပြုရန် ဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ ထောက်ခံနဲ့ ကန့်ကွက်ပဲ သင်္ကေတလုပ်ထားပါတယ်။ ရှေးဦးစွာ ရှေ့ဆုံးပထမတန်း(A)တန်းမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ စတင်၍ ဆန္ဒမဲလက်မှတ်များကို ကျွန်မထံတွင် လာရောက်ထုတ်ယူနိုင်ပြီဖြစ်ပါတယ်ရှင်။ ဆက်လက်ပြီး (A)တန်း ညာဘက်ခြမ်းမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကလည်းကောင်း၊ ဆက်လက်ပြီး (B)တန်း ဘယ်ဘက်ခြမ်းမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကလည်းကောင်း ဆန္ဒမဲလက်မှတ်များကို ထုတ်ယူနိုင်ပါပြီရှင်။ ဆက်လက်ပြီး (B)တန်းညာဘက်ခြမ်းမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ လာရောက်ထုတ်ယူနိုင်ပြီ ဖြစ်ပါတယ်။

{**လွှတ်တော်ကိုယ်စားလှယ်များက လျှို့ဝှက်ဆန္ဒပြုခန်းတွင် လျှို့ဝှက်ဆန္ဒပြုကြပြီး မဲလက်မှတ်များကို ဆန္ဒမဲပုံးအတွင်း ထည့်ကြပါသည်။**}

**အခမ်းအနားမှူး။** ။ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းမှ ဆန္ဒမဲလက်မှတ်အရေအတွက် ကိုက်ညီခြင်း ရှိ/ မရှိ ကြီးကြပ်သူအရာရှိ ဦးဆောင်တဲ့ ဝန်ထမ်းအဖွဲ့က စစ်ဆေးပေးရန်ဖြစ်ပါတယ်။ ဆန္ဒမဲလက်မှတ် လာရောက် ထုတ်ယူခြင်းမရှိသူ (၁)ဦးဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆန္ဒမဲပုံးအတွင်းမှ ဆန္ဒမဲလက်မှတ်များ စိစစ်ရေတွက်မှုကို ကြည့်ရှုနိုင်ရန်အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၂)ဦးကို ဖိတ်ခေါ်ပါတယ်။

{ **ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်နှင့် ဒေါက်တာအောင်ကျော်ဌေး မှ လာရောက်ကြည့်ရှုပါသည်။** }

{**အထောက်အကူပြုဝန်ထမ်းအဖွဲ့မှ ဆန္ဒမဲလက်မှတ်များ ကိုက်ညီမှုရှိ/မရှိ စစ်ဆေးပါသည်။**}

**အခမ်းအနားမှူး။** ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်. . . ဆန္ဒမဲလက်မှတ်အရေအတွက်ကို ကျွန်မတို့ပြည်နယ်လွှတ်တော်ရုံး အထောက်အကူပြုဝန်ထမ်းအဖွဲ့က စစ်ဆေးပြီးဖြစ်ပါတယ်။ ဆန္ဒမဲလက်မှတ် လာရောက်ထုတ်ယူခြင်းမရှိသူ (၁)ဦးဖြစ်တဲ့အတွက် ကျွန်မတို့ယူဆောင်လာတဲ့ မဲလက်မှတ်အရေအတွက်စုစုပေါင်း (၁၈)ရွက် အနက်မှ မဲပုံးအတွင်းကရရှိတဲ့ဆန္ဒမဲလက်မှတ် (၁၇)မဲဖြစ်ပါတယ်။ ဆန္ဒမဲပေးသူကလည်း (၁၇)ဦးဖြစ်ပါတယ်။ ဒါကြောင့် ဆန္ဒမဲလက်မှတ်အရေအတွက် ကိုက်ညီခြင်းရှိသည့်အတွက် ဆန္ဒမဲပေးပွဲအထမြောက်ကြောင်း ကြေညာအပ်ပါတယ်။ ဆက်လက်ပြီး ထောက်ခံမဲ၊ ကန့်ကွက်မဲများကို ကြီးကြပ်သူအရာရှိဦးဆောင်တဲ့ဝန်ထမ်းအဖွဲ့က ခွဲခြားရေတွက်စစ်ဆေးပေးရန်ဖြစ်ပါတယ်။

{**အထောက်အကူပြုဝန်ထမ်းအဖွဲ့မှ ဆန္ဒမဲလက်မှတ်များကို ခွဲခြားရေတွက် စစ်ဆေးပါသည်။**}

**အခမ်းအနားမှူး။** ။ ကြီးကြပ်သူအရာရှိမှ ဆန္ဒမဲလက်မှတ်အရေအတွက်များကို မှန်ကန်စွာစစ်ဆေးပြီးပါက လက်မှတ်ရေးထိုး၍ အခမ်းအနားမှူးမှတစ်ဆင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ အတည်ပြုချက်ရယူသွားရန် ဖြစ်ပါတယ်။

{**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုလက်မှတ်ရေးထိုးပါသည်။**}

**အခမ်းအနားမှူး။** ။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ထောက်ခံမဲအရေအတွက် နှင့် ကန့်ကွက်မဲအရေအတွက်ကို ကြေညာပေးရန် ဖြစ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကြီးကြပ်သူအရာရှိ ယူဆောင်လာတဲ့ ဆန္ဒမဲလက်မှတ်အရေအတွက်ဟာ (၁၈)စောင်ဖြစ်ပြီး ဆန္ဒမဲလက်မှတ် လာရောက်ထုတ်ယူခြင်းမရှိသူ (၁)ဦးဖြစ်၍ ဆန္ဒပြုပြီးပြန်လည်ပေးပို့တဲ့ အရေအတွက် (၁၇)စောင်ဖြစ်ပါတယ်။ ဆန္ဒပြုမဲလက်မှတ်များအနက် ထောက်ခံမဲ (၁၀)မဲ၊ ကန့်ကွက်မဲ (၂)မဲ၊ ပယ်မဲ (၅)မဲ ဖြစ်ပါတယ်။ ထောက်ခံမဲများသည့်အတွက် ဦးခင်မောင်ထွန်း(ခ) နော်အီး တင်သွင်းတဲ့အဆိုအား ပြည်နယ်လွှတ်တော်တွင် အတည်ပြုကြောင်း ကြေညာ ပါတယ်။

## ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များမှ အကြံပြုဆွေးနွေးလိုပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း အမည်စာရင်းတင်သွင်းထား ခြင်းမရှိတဲ့အတွက် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူသွားမှာဖြစ်ပါတယ်။

## ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး တင်သွင်းထားတဲ့ ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်းပြီး ဥပဒေပြုရေး ဆိုင်ရာကော်မတီ၏ စိစစ်ချက်အစီရင်ခံစာပါအတိုင်း ပြည်နယ်လွှတ်တော်တွင် အတည် ပြုရန် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။ သဘော မတူတဲ့သူ ရှိပါသလားခင်ဗျား။

**{သုံးကြိမ်တိုင်တိုင်စီ မေးမြန်းသည်။ လွှတ်တော်က သဘောတူပါသည်။}**

**ဥက္ကဋ္ဌ။** ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူတဲ့အတွက် ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)ကို ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ စိစစ်ချက်အစီရင်ခံစာပါအတိုင်း ပြည်နယ်လွှတ်တော်တွင် အတည်ပြုကြောင်း ကြေညာပါတယ်။

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များမှ အကြံပြုဆွေးနွေးလိုပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း အမည်စာရင်းတင်သွင်းထားခြင်းမရှိတဲ့အတွက် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူသွားမှာဖြစ်ပါတယ်။

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး တင်သွင်းထားတဲ့ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေပြုရေးဆိုင်ရာကော်မတီမှ "ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများ စီမံခန့်ခွဲသုံးစွဲရာတွင် ပြည်နယ်လွှတ်တော်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်"ဟူသော စာပိုဒ်အား ပုဒ်မ ၄ ၏ ပုဒ်မခွဲ(ဃ)အဖြစ် ထည့်သွင်းဖြည့်စွက်ရန် တင်ပြထားပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ တင်ပြချက်များကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

{ **သုံးကြိမ်တိုင်တိုင်စီ မေးမြန်းသည်။ လွှတ်တော်က သဘောတူပါသည်။** }

**ဥက္ကဋ္ဌ။** ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူတဲ့အတွက် "ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများ စီမံခန့်ခွဲသုံးစွဲရာတွင် ပြည်နယ်

လွှတ်တော်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်”ဟူသော စာပိုဒ်သည် ဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်ကြောင်းနှင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်နယ်လွှတ်တော်တွင် အတည်ပြုကြောင်း ကြေညာအပ် ပါတယ်။

## တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ သက်တမ်း တိုးခြင်းနှင့် ပတ်သက်၍ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၁၂)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၏ ဒုတိယသက်တမ်းကို ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ဒုတိယနေ့) (၂၁-၇-၂၀၁၇)ရက်နေ့တွင် အဖွဲ့ဝင်(၉)ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ကော်မတီ၏ သက်တမ်းကို (၁)နှစ် သတ်မှတ်ခဲ့ပါတယ်။ ကော်မတီ၏ သက်တမ်းသည် (၁)နှစ်ပြည့်ခဲ့ပြီဖြစ်သဖြင့် ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ သက်တမ်းတိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယခုအခါ ကော်မတီကို အဖွဲ့ဝင်(၁၀)ဦးဖြင့် ပြင်ဆင်ဖွဲ့စည်း သွားမှာဖြစ်ပြီး ဦးခွန်းနန်းရီအား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်တာဝန်ပေးအပ်သွားမှာဖြစ်ပါတယ်။ ကော်မတီ ၏ ပြင်ဆင်ဖွဲ့စည်းထားရှိမှုအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူသွားပါမယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ သက်တမ်းတိုးခြင်းနှင့် ပတ်သက်၍ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

{ **သုံးကြိမ်တိုင်တိုင် မေးမြန်းသည်။ လွှတ်တော်က သဘောတူပါသည်။** }

**ဥက္ကဋ္ဌ။** ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးက သဘောတူတဲ့ အတွက် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ သက်တမ်း တိုးခြင်းနှင့် ပတ်သက်၍ ပြည်နယ်လွှတ်တော်တွင် အတည်ပြုကြောင်း ကြေညာပါတယ်။

## အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ သက်တမ်းတိုးခြင်းနှင့် ပတ်သက်၍ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၁၃)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယသက်တမ်းကို ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(ဒုတိယနေ့)(၂၁-၇-၂၀၁၇)ရက်နေ့တွင် အဖွဲ့ဝင်(၉)ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ကော်မတီ၏ သက်တမ်းကို (၁)နှစ် သတ်မှတ်ခဲ့ပါတယ်။ ကော်မတီ၏ သက်တမ်းသည် (၁)နှစ် ပြည့်ခဲ့ပြီဖြစ်သဖြင့် ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ သက်တမ်းတိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယခုအခါ ကော်မတီကို အဖွဲ့ဝင်(၁၀)ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းသွားမှာဖြစ်ပါတယ်။ ကော်မတီ၏ပြင်ဆင်ဖွဲ့စည်းထားရှိမှုနှင့် ကော်မတီတွင် ပါဝင်ဖွဲ့စည်းမည့် အဖွဲ့ဝင်သစ်ဖြစ်သော ဦးနောင်ရိုး၏ ကိုယ်ရေးအချက်အလက်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူသွားပါမယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစိုးရ၏ အာမခံချက် များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ ပြင်ဆင် ဖွဲ့စည်းခြင်း၊ သက်တမ်းတိုးခြင်းနှင့် ပတ်သက်၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

{ **သုံးကြိမ်တိုင်တိုင် မေးမြန်းသည်။ လွှတ်တော်က သဘောတူပါသည်။** }

**ဥက္ကဋ္ဌ။** ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးက သဘောတူတဲ့အတွက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ သက်တမ်းတိုးခြင်းနှင့် ပတ်သက်၍ ပြည်နယ်လွှတ်တော်တွင် အတည်ပြုကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ ခင်ဗျား။ အစီအစဉ်အရ ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာခြင်း

**အခမ်းအနားမှူး။** ။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာမှာဖြစ်ပါ တယ်ရှင်။ အားလုံးထွက်ခွာနိုင်ပါပြီရှင် . . .။

ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ကို နံနက်(၁၁:၅၀)နာရီအချိန်တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။

မှတ်တမ်းတင်သူ

(ခင်မဌေး- ဦးစီးအရာရှိ)

စာအမှတ်၊ ၁/ ၁/ ၇ ( )/ လွှတ်တော်- ၂၀၁၈

ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ( )ရက်

# အစည်းအဝေးဆုံးဖြတ်ချက်များ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ကယားပြည်နယ်လွှတ်တော်

မြန်မာသက္ကရာဇ် ၁၃၈၀ ခုနှစ်၊ တော်သလင်းလဆုတ် (၁၀)ရက်နေ့မှ (၁၁)ရက်နေ့အထိ (ခရစ်သက္ကရာဇ် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၄)ရက်နေ့မှ (၅)ရက်နေ့အထိ) ကယားပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှ အောက်ပါဆုံးဖြတ်ချက်များ ချမှတ်လိုက်သည်-

## မှတ်တမ်းတင်ခြင်း

| | |
|---|---|
| မှတ်တမ်းတင်ခြင်းအမှတ်၊ ၁ / ၂ - ၁၁ / ၂၀၁၈ | **ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း** |

၁၃၈၀ ခုနှစ်၊ တော်သလင်းလဆုတ် (၁၀)ရက်၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၄)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ပထမနေ့)တွင် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၂၀)ဦးရှိသည့်အနက် ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၂)ဦးနှင့် ခွင့်မဲ့ပျက်ကွက်သူ(၂)ဦးဖြစ်ပြီး စုစုပေါင်း(၁၆)ဦး တက်ရောက်ခဲ့သဖြင့် အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။

| | |
|---|---|
| မှတ်တမ်းတင်ခြင်းအမှတ်၊ ၂ / ၂ - ၁၁ / ၂၀၁၈ | **ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း** |

၁၃၈၀ ခုနှစ်၊ တော်သလင်းလဆုတ် (၁၁)ရက်၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၅)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ဒုတိယနေ့)တွင် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၂၀)ဦးရှိသည့်အနက် ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၁)ဦးဖြစ်ပြီး စုစုပေါင်း(၁၉)ဦးတက်ရောက်ခဲ့သဖြင့် ခွင့်မဲ့ပျက်ကွက်သူမရှိသောကြောင့် အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။

## အတည်ပြုခြင်း

| | |
|---|---|
| အတည်ပြုခြင်းအမှတ်၊<br>၁ / ၂ - ၁၁ / ၂၀၁၈ | **ဥပဒေပြုရေးဆိုင်ရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ သက်တမ်းတိုးခြင်းတို့ကို အတည်ပြုခြင်း** |

၁၃၈၀ ခုနှစ်၊ တော်သလင်းလဆုတ် (၁၀)ရက်၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၄)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ပထမနေ့)တွင် ဥပဒေပြုရေးဆိုင်ရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ သက်တမ်းတိုးခြင်းတို့ကို အတည်ပြုသည်။

| | |
|---|---|
| အတည်ပြုခြင်းအမှတ်၊<br>၂ / ၂ - ၁၁ / ၂၀၁၈ | **ဥပဒေလေ့လာစိစစ်အကြံပြုရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ သက်တမ်းတိုးခြင်းတို့ကို အတည်ပြုခြင်း** |

၁၃၈၀ ခုနှစ်၊ တော်သလင်းလဆုတ် (၁၀)ရက်၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၄)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ပထမနေ့)တွင် ဥပဒေလေ့လာစိစစ်အကြံပြုရေး ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ သက်တမ်းတိုးခြင်းတို့ကို အတည်ပြုသည်။

| | |
|---|---|
| အတည်ပြုခြင်းအမှတ်၊<br>၃ / ၂ - ၁၁ / ၂၀၁၈ | **ဦးခင်မောင်ထွန်း(ခ)နော်အီး၊ ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ "နှစ်စဉ် ကယားပြည်နယ်နေ့ကျင်းပသည့်မြေနေရာအား ကယားပြည်နယ်နေ့ကျင်းပရေးအတွက် အများပြည်သူပိုင်မြေအဖြစ်ထားရှိရေး တိုက်တွန်းကြောင်း" အဆိုကို အတည်ပြုခြင်း** |

၁၃၈၀ ခုနှစ်၊ တော်သလင်းလဆုတ် (၁၁)ရက်၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၅)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ဒုတိယနေ့)တွင် ဦးခင်မောင်ထွန်း(ခ)နော်အီး၊ ဖရူဆိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ "နှစ်စဉ် ကယားပြည်နယ်နေ့ကျင်းပသည့်မြေနေရာအား ကယားပြည်နယ်နေ့ကျင်းပရေးအတွက် အများပြည်သူပိုင်မြေအဖြစ်ထားရှိရေး တိုက်တွန်းကြောင်း" အဆိုကို အတည်ပြုသည်။

အတည်ပြုခြင်းအမှတ်၊ **ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)ကို အတည်ပြုခြင်း**
၄ / ၂ - ၁၁ / ၂၀၁၈

၁၃၈၀ ခုနှစ်၊ တော်သလင်းလဆုတ် (၁၁)ရက်၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၅)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ဒုတိယနေ့)တွင် ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)ကို အတည်ပြုသည်။

အတည်ပြုခြင်းအမှတ်၊ **၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို အတည်ပြုခြင်း**
၅ / ၂ - ၁၁ / ၂၀၁၈

၁၃၈၀ ခုနှစ်၊ တော်သလင်းလဆုတ် (၁၁)ရက်၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၅)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ဒုတိယနေ့)တွင် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို အတည်ပြုသည်။

အတည်ပြုခြင်းအမှတ်၊ **တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ သက်တမ်းတိုးခြင်းတို့ကို အတည်ပြုခြင်း**
၆ / ၂ - ၁၁ / ၂၀၁၈

၁၃၈၀ ခုနှစ်၊ တော်သလင်းလဆုတ် (၁၁)ရက်၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၅)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ဒုတိယနေ့)တွင် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ သက်တမ်းတိုးခြင်းတို့ကို အတည်ပြုသည်။

အတည်ပြုခြင်းအမှတ်၊ **အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ သက်တမ်းတိုးခြင်းတို့ကို အတည်ပြုခြင်း**
၇ / ၂ - ၁၁ / ၂၀၁၈

၁၃၈၀ ခုနှစ်၊ တော်သလင်းလဆုတ် (၁၁)ရက်၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၅)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(ဒုတိယနေ့)တွင် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ သက်တမ်းတိုးခြင်းတို့ကို အတည်ပြုသည်။